# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်     ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ သောကြာနေ့၊     အတွဲ [၅၄]၊ အမှတ် [၁၀၆]


**ဒါနဥ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊ အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။**

ဒါနဥ္စ တေံမင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာ မည်၏။

# ပြန်လည်ထူထောင်နိုင်ရေး အစွမ်းကုန်ကူညီပေးမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ သတင်း၊ စာ-၈ (ပြန်/ဆက်)

“ နေအိမ်များပြန်လည်ပြင်ဆင်နိုင်ရေး၊ မျိုးစပါးများရရှိရေး၊ ငါးဖမ်းလုပ်ငန်းအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများရရှိရေးတို့ကို ဆောင်ရွက်ပေးမည် ”

## ရေဘေးသင့်ပြည်သူများအတွက် တရုတ်နိုင်ငံက ကူညီထောက်ပံ့

မူဆယ်    ဩဂုတ်    ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့သို့ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မြန်မာနိုင်ငံရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နိုင်ရန်အတွက် ဩဂုတ် ၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က မူဆယ်မြို့ မန်ဝိန်းဂိတ်သို့ ရောက်ရှိလာသည်။

အဆိုပါအဖွဲ့အား မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲမှူး ဦးမင်းမင်းဦး၊ ခရိုင်လဝကမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ ဆက်လက်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ နိုင်ငံခြားရေးရာရုံး ညွှန်ကြားရေးမှူး Mr.He Tao ဦးဆောင်သော အဖွဲ့ဝင် ၂၀ ဦး လိုက်ပါလာသည်။ ယင်းကူညီထောက်ပံ့ပစ္စည်းများမှာ

စာမျက်နှာ ၄ ကော်လံ ၁ ❍







## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စားရေရိက္ခာအတွက် စိုးရိမ်စရာမရှိ

မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် အဓိကဆန်စပါး စိုက်ပျိုးထုတ်လုပ်ရာ ဒေသကြီးများ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးကို မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။ ဤသည်မှာ ရှေးခေတ်ရှေးအခါက ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဆန်စပါးကို ဆည်တမံများပေါ်များလာသည့်အလျောက် နေရာအနှံ့အပြား စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်ပါသည်။ ပြည်တွင်းဆန်စားသုံးမှုအတွက် စိုးရိမ်စရာမရှိပါ။ ပြည်တွင်းစားရေရိက္ခာဖူလုံရေး အပြည့်အဝရှိပြီး ဖြစ်ပါသည်။

လွန်ခဲ့သည့် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် လယ်ယာမြေအချို့ ရေကြီးရေလွှမ်းခံရမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အချို့လည်း ရေပြန်ပေါ်ခဲ့ပါသည်။ အမှန်တကယ် ထိခိုက်ပျက်စီးမှုဧကမှာ သောင်းဂဏန်းမျှသာ ဖြစ်ပါသည်။ ယခုအခါ ရေကျသွားပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အပါအဝင် ထိခိုက်ပျက်စီးသွားသော လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနေပြီဖြစ်ပါသည်။ သို့သော်လည်း ဧရာဝတီတိုင်းဒေသကြီး မြို့ရွာအချို့ မြစ်ရေလွှမ်းမှုအပေါ် အကြောင်းပြု၍ ရန်ကုန်မြို့နေပြည်သူအချို့အနေဖြင့် ဆန်များကို ကြိုတင်ဝယ်ယူစုဆောင်းခြင်း၊ ရေဘေးသင့်ဒေသများသို့ ဆန်များ ဝယ်ယူလှူဒါန်းကြခြင်းနှင့် ဆန်ဈေးကွက်ကစားခြင်းတို့ကြောင့် ရန်ကုန်ဆန်ဈေးကွက်၌ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်သူတို့အနေဖြင့် စိုးရိမ်မှုများဖြစ်ခဲ့ရပါသည်။ အမှန်အားဖြင့် စိုးရိမ်စရာအကြောင်းမရှိပါ။

အဘယ်ကြောင့်ဟူမူ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသများအတွက် ထောက်ပံ့ကူညီပေးနိုင်ရန် နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းက အရန်ဆန်များ သိုလှောင်ထားရှိပြီးဖြစ်ပါသည်။ နှစ်စဉ် အနည်းဆုံးဆန်တန်ချိန် လေးသောင်းအထိ သိုလှောင်ထားရှိလေ့ရှိပါသည်။ ဆန်အတွက် စိုးရိမ်စရာမရှိပါ။ ယခုအခါ မြန်မာနိုင်ငံပြည်ပဆန်တင်ပို့သူများအနေဖြင့်လည်း ပြည်တွင်း ဆန်ဈေးကွက်တည်ငြိမ်ရေးအတွက် အလေးထားဆောင်ရွက်နေပြီဖြစ်ကြောင်း ကြားသိရပါသည်။ ပြည်ပဆန်တင်ပို့မှုကို ကန့်သတ်ထိန်းချုပ်မှုများ မရှိသော်လည်း ယခုကဲ့သို့ သဘာဝဘေးကြုံတွေ့နေချိန် မေတ္တာရပ်ခံမှုများဖြင့် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်လျက်ရှိပါသည်။ ပြည်သူများအနေဖြင့် ဆန်အတွက် စိုးရိမ်စရာမရှိပါ။ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ကာ ရေပြန်ကျသွားသောဒေသများ၌ အမြန်ဆုံး ပြန်လည်စိုက်ပျိုးရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ဆန်လက်လီလက်ကား ဖြန့်ဖြူးရောင်းချသူများအနေဖြင့် ယခုကဲ့သို့ သဘာဝဘေးအခြေအနေ ကြုံတွေ့နေချိန် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်ခြင်းမပြုသင့်ပါ။ အများဒုက္ခနှင့် ရင်ဆိုင်နေရချိန် မေတ္တာ၊ စေတနာ ရှေးရှုဆောင်ရွက်မှသာ သင့်တော်မည်ဖြစ်ပါသည်။ ဆန်ရောင်းဝယ်သူအများစုက ပုံမှန်ရောင်းမြဲဈေးအတိုင်း ရောင်းချပေးနေသည်မှာလည်း ကျေးဇူးတင်စရာကောင်းပါသည်။ သို့ရာတွင် ပြည်သူများအနေဖြင့်လည်း ဆန်ကြိုတင်ဝယ်ယူ စုဆောင်းခြင်းကိုလည်း ရှောင်ကြဉ်သင့်ပါသည်။ မြန်မာနိုင်ငံသည် ဆန်ရောင်းသည့်နိုင်ငံဖြစ်၍ ဆန်အပြည့်အဝရှိပါသည်။ စားရေရိက္ခာအတွက် ပူပန်စရာမလိုပါ။ ဆန်ဈေးနှုန်းအပါအဝင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအားလုံးက စိတ်ကောင်းစေတနာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "


# ဟင်္သာတ၊ ငါးသိုင်းချောင်း၊ ဇလွန်နှင့် ဆိပ်သာမြို့နယ်များတွင် ဇူလိုင်လကုန်မှစ၍ စိုးရိမ်ရေအမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**


ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့နယ်များ၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်မြင့်တက်လျက်ရှိရာ စိုးရိမ်ရေအမှတ်များကို ကျော်လွန်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

(သတင်းစဉ်)


ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ




ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ



ဧရာဝတီတိုင်းဒေသကြီး၊ ဆိပ်သာမြို့နယ်၏ နေ့အလိုက်စိုးရိမ်ရေမှတ်များ



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၂၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄ |
| ဥရောပ | တစ်ယူရို | ၁၃၄၂.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၃.၀၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၁၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၂၃ |
| တရုတ် | တစ်ယွမ် | ၁၉၈.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈.၆၂ |

ခင်ရတနာ-စုစည်းသည်။

# ပြည်တွင်း ပြည်ပ အလှူရှင်များ၏ အလှူငွေနှင့်ပစ္စည်းများ စနစ်တကျလက်ခံ၍ ရေဘေးသင့်ဒေသများသို့ လျင်မြန်စွာရောက်ရှိစေရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာနတွင် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းမှုဌာနမှ အရေးပေါ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး အကြီးတန်းအရာရှိ Mr. Janggam Adhityaawrama၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အရာရှိ Mr.Adi Bishry၊ ထောက်ပံ့ပို့ဆောင်ရေးအရာရှိ Mr. Yoran Lukas၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနအကြံပေး Mr. Don Price၊ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးရုံးနှင့် မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှု ယူနစ်တို့မှ တာဝန်ထမ်းဆောင်နေသူများက မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မြေပြိုမှုများအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း၊ သတင်းထုတ်ပြန်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**



ယင်းနောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားနေသည့် ရေဘေးသင့်ပြည်သူများအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက လှူဒါန်းငွေကျပ်သိန်း ၁၅၀၀ ကိုလက်ခံရယူ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီးတို့က တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေဘေးသင့်ဒေသများ၏ ထိခိုက်ပျက်စီးမှုပမာဏ စာရင်းကောက်ယူရရှိမှု၊ ထောက်ပံ့ဖြည့်တင်းပေးရန်လိုအပ်သည့် ပစ္စည်းအမျိုးအစားအလိုက် လိုအပ်ချက်များ တွက်ချက်မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအသီးသီးသို့ ထောက်ပံ့ရေးပစ္စည်းများ လတ်တလော ဖြည့်ဆည်းပေးနေမှုအခြေအနေနှင့် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီထောက်ပံ့ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ထိခိုက်ပျက်စီးဆုံးရှုံးမှု စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စွာ ကောက်ယူရရှိရေး၊ ပြည်တွင်း ပြည်ပအလှူရှင်များ၏ အလှူငွေနှင့် ပစ္စည်းများ စနစ်တကျစိစစ်ထိန်းသိမ်းလက်ခံ၍ ရေဘေးသင့်ဒေသများသို့ လိုအပ်ချက်နှင့်အညီ ထိရောက်လျင်မြန်စွာ ရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့်အစီအမံများ စနစ်တကျရှိစေရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ပါဝင်ရန်ကျန်ရှိသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များသို့ ဝင်ရောက်ရေးကိစ္စတွင် တိုးတက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် မစ္စရန်ဟီလီသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။



ဆက်လက်၍ မစ္စရန်ဟီလီသည် ပြည်ထဲရေးဝန်ကြီးဌာန၌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် မစ္စရန်ဟီလီသည် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြေယာအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် ကော်မတီအဖွဲ့ဝင်များအား ဆက်လက်တွေ့ဆုံပြီး မြေယာအသုံးချမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် မစ္စရန်ဟီလီသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်လည်းကောင်း၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ နိုင်ငံတော်သမ္မတ၏ ဥပဒေ၊ နိုင်ငံရေး၊ စီးပွားရေးအကြံပေးအဖွဲ့ဝင်များနှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက် မစ္စရန်ဟီလီနှင့်အဖွဲ့သည် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ် ရထားလမ်းပိုင်းများ ပြန်လည်ပြုပြင်

**နေပြည်တော် ဩဂုတ် ၆**

မြန်မာ့မီးရထား တိုင်းအမှတ်(၉)၊ ဟသ်ာတ-လှိုင်သာယာ လမ်းပိုင်း စက္ကော့-ညောင်တုန်းဘူတာကြား၌ ဩဂုတ် ၅ ရက် မွန်းတည့် ၁၂ နာရီက ရေအခြေအနေမှာ ၄၈ ဒသမ ၂၅ စိုးရိမ်ရေမှတ်ရောက်ရှိနေပါသဖြင့် အမှတ်(၁၇၉) အဆန်ရထားနှင့် (၁၈၀) အစုန်ရထားများ၏ စက္ကော့- လှိုင်သာယာခရီးစဉ်ကို ဖျက်သိမ်းခဲ့သည်။ အဆိုပါလမ်းပိုင်းသို့ အင်ဂျင်နီယာ ( မြို့ပြ/တိုင်း )နှင့် အင်ဂျင်နီယာ( စီမံကိန်း/လှိုင်သာယာ )အဖွဲ့မှ လမ်းပိုင်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူပင် ပုသိမ် - ဟသ်ာတလမ်းပိုင်း၊ ဒါးက - ဂုံမင်း ဘူတာကြား မိုင်(၁၆၆/၁၀-၁၅) တွင် ကွန်ကရစ် ဇလီဖားတုံးပေါ်သို့ နှစ်လက်မခန့် ရေကျော်ခြင်း၊ မိုင်(၁၆၆/၁၅-၁၆)တွင် သံလမ်းပေါ် ခုနစ်လက်မခွဲခန့် ရေကျော်ခြင်း၊ မိုင်(၁၆၆/၁၄-၁၈)တွင် သံလမ်းဗို့တိုက် ရေလေးလက်မရှိနေခြင်း၊ မိုင် (၁၆၇/၆-၇) ရှိ တံတားအမှတ် (၉၄)နှင့် မိုင်(၁၆၇/၁၇-၁၆)ရှိ တံတားအမှတ်(၉၅)တို့တွင် နှစ်လက်မ ရေတက်ခြင်းနှင့် မိုင် (၁၆၈/၂-၆) တွင် သံလမ်းဗို့တိုက်ရေ နှစ်လက်မ ရှိနေခဲ့ပြီး လမ်းပိတ်မှုမရှိပါ။ အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၉)နှင့်အဖွဲ့က အဆိုပါနေရာများတွင် စောင့်ကြည့်ကြီးကြပ်လျက် ဩဂုတ် ၆ ရက် အမှတ်(၁၈၁)အဆန်ရထားအန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ပိုင်းလော့လုပ်ခြင်းများဆောင်ရွက်ပြီးမှ ရထားဖြတ်သန်းစေမည်ဖြစ်သည်။ အမှတ်(၁၈၇) အဆန်ရထားသည် ဒါးကမှ ည ၇ နာရီ မိနစ် ၄၀ တွင်ထွက်ခွာလာရာ ဂုံမင်းသို့ ည ၉နာရီ ၁၅ မိနစ်တွင် ရောက်ရှိပြီးနောက် ဟသ်ာတသို့ ဆက်လက်ထွက်ခွာခဲ့သည်။ အမှတ်(၁၈၆) အစုန်ရထားသည် ဟသ်ာတမှ မွန်းလွဲ ၂ နာရီတွင်ထွက်ခွာခဲ့ရာ ဂုံမင်းသို့ ညနေ ၆ နာရီ ၅၅ မိနစ်တွင်ရောက်ရှိပြီး ည ၉ နာရီ မိနစ် ၄၀ တွင် ပုသိမ်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ဧင်းအပြင် သရက်- ဘုရားပေါ် လမ်းပိုင်း၊ ကံမ-ညောင်ကိုင်းကြား မိုင်(၂၄၃/၅-၆) တွင် သံလမ်းပေါ်သို့ (၁၀၀×၇×၆) ပေနှင့် မိုင်(၂၄၂/၁-၂)တွင် သံလမ်းပေါ်သို့ (၆၀×၈ ×၃) ပေ တောင်ပြိုမြေများ ဖုံးလွှမ်းခြင်းကြောင့် အဆိုပါရထားလမ်းပိုင်းကို ဩဂုတ် ၅ ရက် ညနေ ၄ နာရီက လမ်းပိတ်ထားခဲ့သည်။ ဖြစ်ပွားရာသို့ အင်ဂျင်နီယာ(သံလမ်း/ကံမ) နှင့် လုပ်သား ၂၅ ဦးအဖွဲ့က ဖယ်ရှားရှင်းလင်းပြုပြင်ခဲ့ရာ ညနေ ၆နာရီ မိနစ် ၅၀တွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်ခဲ့ပြီး ရထားများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကလေး-ဟားခါးကားလမ်း ယနေ့မှစ၍ ယာဉ်ငယ်များသွားလာနိုင်

**နေပြည်တော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကလေး-ဟားခါး ကားလမ်းတစ်လျှောက်ရှိ နေရာအချို့တွင် မြေပြိုမှုများဖြစ်ပွားပြီး ယာဉ်သွားလာမှုပြတ်တောက်ခဲ့ရာ ယခုအခါ ပြုပြင်ပြီးစီး၍ ယာဉ်ငယ်များသွားလာနိုင်ပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းရှိ မြေပြိုမှုများအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အမြန်ပြုပြင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃ ရက်တွင် ကလေးနှင့် ဖလမ်းအထိ ယာဉ်ငယ်များသွားလာနိုင်ခဲ့ပြီး ဖလမ်းနှင့် ဟားခါးအကြားကို ဆက်လက်ပြုပြင်ခဲ့ရာ ယနေ့ ည ၇ နာရီတွင် မိုင်တိုင် ၁၀၂ တစ်ဝိုက် အမြန်ဆုံး ပြုပြင်ခဲ့ပြီးဖြစ်ရာ ယာဉ်ငယ်များ သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် အသေးစိတ်ပြုပြင်ခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# တပ်မတော်အနေဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် လူအင်အားနှင့် ယာဉ်၊ ယန္တရားများဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးနေ

**နေပြည်တော် ဩဂုတ် ၆**

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် တပ်မတော်အနေဖြင့် လူအင်အားနှင့် ယာဉ်၊ ယန္တရားများကို ထုတ်နုတ်နိုင်သမျှ အစွမ်းကုန် အသုံးပြုဆောင်ရွက်နေသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း စွမ်းအားပြည့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ စေတနာမှန်ဖြင့် လုပ်ဆောင်နေသော်လည်း လူမှုကွန်ရက်အချို့က တပ်မတော်၏ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်မှုများအပေါ် မဟုတ်မမှန်ပုတ်ခတ်ပြောဆိုမှုများကို စိတ်မကောင်းစွာ ကြားသိရပါကြောင်း၊ အချို့သော ကယ်ဆယ်ရေးလုပ်ငန်းများ၊ အထူးသဖြင့် ဆိုးရွားသည့် ရာသီဥတုနှင့် ခက်ခဲသည့် မြေအနေအထားတွင် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများသည် သက်စွန့်ဆံဖျား လုပ်ဆောင်နေရခြင်းဖြစ်ကြောင်း၊ ယင်းအပေါ်တွင် မကောင်းသည့်အမြင်ဖြင့် တိုက်ခိုက်ပြောဆိုမှုများရှိပါကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများတွင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို နားလည်ပေးစေလိုပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက် ၈ နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့်ထောက်ပံ့ရေးပစ္စည်းများလက်ခံသည့် ဌာနသို့ရောက်ရှိပြီး လှူဒါန်းမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းနေသည့် မွန်ပြည်နယ် မုဒုံမြို့မှ သံဃာတော်များနှင့် မြို့သူမြို့သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားသည်။ ဆက်လက်၍ လှူဒါန်းသည့်ပစ္စည်းများ မှတ်ပုံတင်စာရင်းသွင်းလက်ခံနေမှု အခြေအနေများ၊ ရေဘေးသင့်ဒေသများသို့ ပို့ဆောင်ရန် လေယာဉ်ပေါ်သို့ တင်ဆောင်နေမှု အခြေအနေများနှင့် လှူဒါန်းပစ္စည်းများ ထားသိုထိန်းသိမ်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်သို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်မည့်ရဟတ်ယာဉ်နှင့်အတူ ဆက်လက်ထွက်ခွာပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေလွှမ်းမိုးမှုအခြေအနေများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် အင်္ဂပူမြို့သို့ရောက်ရှိရာ အားကစားကွင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အင်္ဂပူမြို့နယ်အတွင်း ရေဝင်ရောက်နေမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျွဲ၊ နွား၊ တိရစ္ဆာန်များအား ရေလွတ်ရာသို့ နယ်မြေအတွင်းရှိလှေများ၊ တပ်မတော်ဖိုက်ဘာ စက်လှေများဖြင့် သယ်ဆောင်သည်။

ဆက်လက်၍ တပ်မတော်ကမ်းထိုးရေယာဉ်များဖြင့် ရေလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေးနှင့် လတ်တလောရေဘေးသင့်ပြည်သူများ လိုအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်ဥများအား ရန်ကုန်မြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် အမြန်ပို့ဆောင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး အင်္ဂပူမြို့နယ်ခန်းမတွင် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အင်္ဂပူမြို့နယ်အတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စားဝတ်နေရေး စီစဉ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်အတွင်း မိုးလေဝသအခြေအနေပြောင်းလဲမှုများကြောင့် သဘာဝဘေးဒဏ်များဖြစ်ပေါ် ခံစားနေရသည်မှာ မိမိတို့တစ်နိုင်ငံတည်းမဟုတ်ဘဲ ကမ္ဘာနှင့်အဝန်းဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်တွင် ညီညီညွတ်ညွတ်ဖြင့် အောင်မြင်စွာဖြတ်ကျော်ရမည်ဖြစ်ပါကြောင်း၊ ရေကြီးမှုဒဏ်ကို လူများသာမက ကျွဲ၊ နွား တိရစ္ဆာန်များပါ ခံစားနေကြရာ ဦးစွာအသက်ရှင် ရပ်တည်နိုင်ရေးအတွက် ဘေးကင်းရာသို့ရွှေ့ပြောင်းခြင်း၊ စားသောက်ရေးကိစ္စများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဒုက္ခရောက်ချိန်တွင် လူ့သဘောသဘာဝအရ လိုအပ်မှုဆန္ဒများ ပိုမိုပြင်းထန်လာတတ်သည်ကို သိရှိနားလည်ပြီး စိမ်ခန့်ခွဲသူများအနေဖြင့် ထောက်ပံ့ကူညီမှုများကို အတတ်နိုင်ဆုံး မျှမျှတတ ဆောင်ရွက်ပေးစေလိုပါကြောင်း။

ယခုကူညီထောက်ပံ့မှုများသည် လတ်တလောတွင် စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ကူညီထောက်ပံ့ခြင်းသာဖြစ်ပြီး ရေကျသွားချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စအားလုံးတွင် တပ်မတော်မှလိုအပ်သည့် လုပ်အား၊ ငွေကြေးနှင့် ပို့ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများအား နိုင်ငံနှင့်အဝန်းဖြန့်ခွဲဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ကယ်ဆယ်ရေးထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ အားနည်းချက်များရှိပါက နားလည်ပေးစေလိုပါကြောင်း၊ အစိုးရအဆက်ဆက်က တည်ဆောက်ခဲ့သည့် ဆည်များသည်လည်း ရေဘေးအန္တရာယ် ကာကွယ်မှုအတွက် လွန်စွာအရေးပါသည်ကို တွေ့ရှိရသဖြင့် ၎င်းဆည်များကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း၊ ကိုယ့်ဘဝ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားမလျှော့ကြဘဲ ကိုယ်တိုင်ကြိုးစား အားထုတ်ခြင်း၊ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ရင်ဆိုင်နေရသည့် အခက်အခဲများကို အောင်မြင်စွာဖြတ်ကျော်နိုင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများမှ လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် အင်္ဂပူမြို့မှ ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး အင်္ဂပူမြို့အတွင်း ရေဝင်ရောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နေ့လယ်ပိုင်းတွင် ဟင်္သာတမြို့သို့ရောက်ရှိကြပြီး တာပေါင်သဲအိတ်များဖြင့် တာထောက်ခြင်းလုပ်ငန်းနှင့် အမြင့်ပေ မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာထောက်သည့် လုပ်ငန်းများတွင် အားအပြည့်အဝရရှိစေရန် အတွက် သဲအိတ်များကို သတ်မှတ်ပုံစံအတိုင်း စနစ်တကျထားရှိဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားသည်။

ယင်းနောက် တာပေါင်တစ်လျှောက် တပ်မတော်သားများနှင့် ဒေသခံပြည်သူများလုပ်အားပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဟင်္သာတမြို့ ပြည်လုံးကပ်ကျော်ဦးပါရဲစေတီတော်မြတ်သို့ သွားရောက်ပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူ၍ ဂေါပကအဖွဲ့ထံ အလှူငွေ ပေးအပ်ကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဟင်္သာတမြို့ ပျဉ်းမချောင်းရပ်ကွက်ရှိ ကြာခံပရိယတ္တိစာသင်တိုက်တွင် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ပျဉ်းမချောင်းရပ်ကွက်နှင့်ညောင်ပင်ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ရပ်ကွက်အတွင်း ရေဝင်ရောက်မှုအခြေအနေကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် ညောင်ပင်ရပ်ကွက်မွှာရုံတွင် ရေဘေးသင့်ပြည်သူများအားတွေ့ဆုံပြီး အားပေးစကားပြောကြားကာ တပ်မတော်ဆေး အဖွဲ့များစေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဟင်္သာတမြို့ မြနဒီခန်းမ၌ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ရာ မြို့နယ်ရေဘေးကယ်ဆယ်ရေးကော်မတီက လက်ခံရယူပြီး မြို့မိ မြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဟင်္သာတမြို့မှ ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးသို့ ရောက်ရှိကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူ၍ ရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်သည်။ ယင်းနောက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇလွန်မြို့ ကမ်းနားရပ်ကွက်တာပေါင်သို့ သွားရောက်ပြီး ဧရာဝတီမြစ်ရေမြင့်တက်နေမှု အခြေအနေများကိုကြည့်ရှု၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေ ထူးကဲစွာမြင့်တက်လာမှုကြောင့် ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မအူပင်ခရိုင်များရှိ မြို့နယ်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိရာ ရေဘေးသင့်အိမ်ထောင်စု ၉၄၇၅ စု၊ လူဦးရေ ၃၄၂၅၇ ဦးတို့အား ရေဘေးကယ်ဆယ်ရေးစခန်း ၁၇၀ ဖွင့်လှစ်ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အတွင်း ထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (မြဝတီ)

---

❍ **ရှေ့ဖုံးမှ**

မိုးကာယာယီတဲအလုံး ၁၀၀၀ (ယွမ်တစ်သန်း သုံးသိန်း)၊ ဆန်တန်ချိန် ၁၀၀ (ယွမ်လေးသိန်းလေးသောင်း)၊ နို့မှုန့်ထုပ် ၁၀၀၀၀ (ယွမ် နှစ်သိန်း ရှစ်သောင်း)၊ ခေါက်ဆွဲဖာ ၁၀၀၀၀ (ယွမ်သုံးသိန်း ကိုးသောင်း)ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ကုန်တင်ယာဉ် ၁၂ ဘီးယာဉ် ၁၄ စီးဖြင့် သယ်ဆောင်လာကြောင်း သိရသည်။

မြန်မာအဖွဲ့မှ ခရိုင်ထွေ/အုပ်ဦးစီးအရာရှိ ဦးဇော်မင်းနှင့် လဝကအဖွဲ့တာဝန်ရှိသူများက ဦးဆောင်၍ မန္တလေးသို့ လိုက်ပါပို့ဆောင်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**
**ဓာတ်ပုံ-ကိုမျိုး**



ရေလွှမ်းမိုးမှုမတိုင်မီ
မိုးလေဝသသတင်းကို
အမြဲမပြတ်
နားထောင်ပါ

# မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းနှစ်ပတ်လည်နေ့ကျင်းပ



**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF)၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အသင်းရုံးချုပ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း နာယက ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် အသင်း၏ နှစ်နှစ်တာကာလအတွင်း ကြိုးပမ်းဆောင်ရွက်ချက်များသည် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ ဘဝမြှင့်တင်ရေး ရည်ရွယ်ချက်အတိုင်း ပီပီပြင်ပြင် ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ အသင်းဝင်များ၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုပါကြောင်း၊ အထူးအားဖြင့် ခိုကိုးရာမဲ့ကလေးသူငယ်များ ချို့တဲ့သော ကလေးသူငယ်များ ဘဝမြှင့်တင်ရေးကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မိုးဆမ်းက အသင်း၏ရည်ရွယ်ချက်၊ ရည်မှန်းချက်လုပ်ငန်းတာဝန်များနှင့် နှစ်နှစ်တာကာလအတွင်း အသင်းမှ လုပ်ဆောင်ထားသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ၊ ကျေးရွာရေရရှိရေး ၊ ကျေးရွာ မီးရရှိရေးနှင့် အရေးပေါ်ကူညီထောက်ပံ့မှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အသင်းရန်ပုံငွေအတွက် စေတနာရှင်များက လှူဒါန်းသော အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မုတ်သုံလေ ဆက်လက်အားကောင်း**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

# ကံမမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား လှူဒါန်းထောက်ပံ့



**ကံမ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသော မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား KBZ ဘဏ်မိသားစုနှင့် TOMORROW ဂျာနယ်မိသားစုတို့မှ ကျပ်သိန်း ၂၅၀ ကျော်တန်ဖိုးရှိဆန်နှင့်မီးဖိုချောင်သုံးပစ္စည်းများကို ဩဂုတ် ၅ ရက်က လှူဒါန်းခဲ့ပြီး ဒေသခံစေတနာရှင်များနှင့် ရန်ကုန်မြို့မှ အလှူရှင်များကလည်း လာရောက်လှူဒါန်းလျက်ရှိသည်။ ကံမမြို့ အမှတ်၂ ရပ်ကွက်၊ ရွှေစည်းခုံဘုရားဓမ္မာရုံတွင် ဆရာတော်၊ သံဃာတော်များ၏ ဦးဆောင်မှုဖြင့် ကူညီထောက်ပံ့ရေးစခန်းကို ယာယီဖွင့်လှစ်ထားရှိပြီး လာရောက်လှူဒါန်းကြသော ပစ္စည်းများကို ရေဘေးသင့် ပြည်သူများလက်ဝယ်အရောက် ကူညီထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိသူများထဲမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ပညာတော်သင်ဆု ရရှိသူစာရင်း

| စဉ် | အမည် | ခုံအမှတ် | အဆင့် | အထူးပြု | တက်ရောက်ခွင့် ရရှိသောတက္ကသိုလ် |
|---|---|---|---|---|---|
| ၁ | မချိုမြဒါလီ | Ygn-PGP-0083 | ပါရဂူဘွဲ့ | Civil Engineering | Harbin Institute of Technology |
| ၂ | မပွင့်ဖြူခိုင် | Ygn-PGP-0545 | ပါရဂူဘွဲ့ | Computer Science and Technology | University of Science and Technology Beijing |
| ၃ | မညိုသီရိအောင် | Tgyi-PGP-0052 | ပါရဂူဘွဲ့ | Computer Science and Technology | University of Science and Technology Beijing |
| ၄ | မဖြူနှင်းသိုက် | Ygn-PGP-0533 | ပါရဂူဘွဲ့ | Computer Science and Technology | University of Science and Technology Beijing |
| ၅ | မမေမြတ်မိုးစော | Mdy-PGP-0322 | ပါရဂူဘွဲ့ | Engineering and Project Management | North China Electric Power University |
| ၆ | မောင်အောင်မျိုးဇော် | Mdy-PGP-0012 | ပါရဂူဘွဲ့ | Special Education | Central China Normal University |
| ၇ | မအေးမြသက်တင် | Ygn-PGP-0049 | ပါရဂူဘွဲ့ | International Relations | Central China Normal University |
| ၈ | နန်းလိုင်ငင်း | Tgyi-PGP-0041 | ပါရဂူဘွဲ့ | International Relations | Central China Normal University |
| ၉ | မောင်စစ်မင်းသူ | Ygn-PGP-0089 | ပါရဂူဘွဲ့ | Civil Law | Hunan Normal University |
| ၁၀ | မောင်စည်သူဟန် | Mdy-PGP-0570 | ပါရဂူဘွဲ့ | Applied Economics | Hunan University |
| ၁၁ | မခင်နန္ဒာဝင်း | Ygn-PGP-0260 | ပါရဂူဘွဲ့ | Computer Science and Technology | Hunan University |
| ၁၂ | မသဲစုမို | Myw-PGP-0194 | ပါရဂူဘွဲ့ | Developmental and Educational Psychology | Northeast Normal University |
| ၁၃ | မမိကေသီချမ်း | Ygn-PGP-0392 | ပါရဂူဘွဲ့ | Biochemistry and Molecular Biology | Northeast Normal University |
| ၁၄ | မသော်တာလွင် | Mdy-PGP-0655 | ပါရဂူဘွဲ့ | Theory of Education | Northeast Normal University |
| ၁၅ | မောင်မျိုးဝင်းမောင် | Mdy-PGP-0405 | ပါရဂူဘွဲ့ | Environmental Science | Shanghai University |
| ၁၆ | မစည်စည်အင်ကြင်း | Mdy-PGP-0567 | ပါရဂူဘွဲ့ | International Relations | Shandong University |
| ၁၇ | မမြတ်စန္ဒာဝင်း | Ygn-PGP-0431 | ပါရဂူဘွဲ့ | Environmental Engineering | Shanghai University |
| ၁၈ | မဝေဝေဖြိုး | Ygn-PGP-0771 | ပါရဂူဘွဲ့ | Environmental Science | Shanghai University |
| ၁၉ | မစိုးစိုးဇော် | Ygn-PGP-0596 | ပါရဂူဘွဲ့ | Mathematics | Shanghai Jiao Tong University |
| ၂၀ | မောင်အောင်နိုင်ဝင်း | Mdy-PGP-0015 | ပါရဂူဘွဲ့ | Crop Science | Southwest University |
| ၂၁ | မစိမ်းမို့မို့လှိုင် | MLM-PGP-0058 | ပါရဂူဘွဲ့ | Marine Science | Ocean University of China |
| ၂၂ | မမြတ်ဆုဟန် | Ygn-PGP-0432 | ပါရဂူဘွဲ့ | Business Management | University of International Business and Economics |
| ၂၃ | မောင်ရန်အောင်မိုး | Ygn-PGP-0813 | ပါရဂူဘွဲ့ | Physics | University of Science and Technology Beijing |
| ၂၄ | မသဲယုမော် | Mdy-PGP-0659 | ပါရဂူဘွဲ့ | Law | University of International Business and Economics |
| ၂၅ | မမြတ်ဆုမွန်ဟိန်း | Mdy-PGP-0378 | ပါရဂူဘွဲ့ | International Law | Zhongnan University of Economics & Law |
| ၂၆ | မောင်လိန်းကီးထန်း | Myw-PGP-0102 | ပါရဂူဘွဲ့ | Higher Education | Zhejiang Normal University |
| ၂၇ | မအိမ့်သင်ဇာကျော် | YGN-PGM-0004 | မဟာဘွဲ့ | Library Science | Central China Normal University |
| ၂၈ | မောင်ကမ်တုန်းတွောင် | Myw-PGM-0030 | မဟာဘွဲ့ | Comparative Education | Beijing Normal University |
| ၂၉ | မကြည်အေးနွယ် | Ygn-PGM-0288 | မဟာဘွဲ့ | Environmental Science | University of Science and Technology Beijing |
| ၃၀ | မခိုင်ဇာသင်း | Mdy-PGM-0181 | မဟာဘွဲ့ | Clinical Laboratory Science | Wuhan University |
| ၃၁ | မစုဟန်မျိုး | Mdy-PGM-0456 | မဟာဘွဲ့ | Radiology and Nuclear Medicine | Wuhan University |
| ၃၂ | မဥမ္မာမြင့် | Ygn-PGM-0430 | မဟာဘွဲ့ | Radiology and Nuclear Medicine | Wuhan University |
| ၃၃ | မခြူးမျက်သွယ် | Ygn-PGM-0077 | မဟာဘွဲ့ | Civil Law and Commercial Law | Xi’an Jiaotong University |
| ၃၄ | မကေဇင်ထွန်း | Ygn-PGM-0214 | မဟာဘွဲ့ | Business Administration | Wuhan University of Technology |
| ၃၅ | မရွှန်းလဲ့မြင့် | Ygn-PGM-0499 | မဟာဘွဲ့ | Management Science | Xi’an Jiaotong University |
| ၃၆ | မကြာညိုသန့် | Ygn-UG-0135 | ဘွဲ့ကြို | Business Administration | Fudan University |
| ၃၇ | မသက်ထားဆွေ | Ygn-UG-0325 | ဘွဲ့ကြို | Business Administration | Fudan University |

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် အချောသပ်နိုင်ရေး နှစ်ဖက်အဖွဲ့များ (၉)ကြိမ်မြောက် စည်းဝေး

ရန်ကုန် ဩဂုတ် ၆

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့သည် ယနေ့မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA) အချောသပ်နိုင်ရေးအတွက် (၉)ကြိမ်မြောက် အစည်းအဝေးအဖြစ် ပြုလုပ်ကျင်းပခဲ့သည်။** (အောက်ပုံ)



အစည်းအဝေး မကျင်းပမီ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) မှ ခေါင်းဆောင်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) မှ ခေါင်းဆောင်များကနှုတ်ခွန်းဆက်စကား အသီးသီးပြောကြားကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအချိန်သည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတွင် မုန်တိုင်း၊ မိုးရွာသွန်းမှုတို့ကြောင့် ရေလွှမ်းမှုကြုံနေရပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူလူထု၊ လူထုလူတန်းစားအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းရင်ဆိုင်ဖြေရှင်းနေရသည့် အချိန်ပင် ဖြစ်ပါကြောင်း၊

ဩဂုတ် ၃ ရက်တွင် KNU Peace Council, DKBA နှင့် RCSS ခေါင်းဆောင်များ သမ္မတကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ သမ္မတကြီးက တချို့အဖွဲ့များအနေဖြင့် လက်ရှိတွင် NCA လက်မှတ်ရေးထိုးရန် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများ ရှိကောင်း ရှိနိုင်ကြောင်း၊ အဆိုပါအဖွဲ့များကိုလည်း ငြိမ်းချမ်းရေး မလိုလားသူများဟု တံဆိပ်ကပ်ပြီး ချန်လှပ်မထားသင့်ဘဲ လိုက်ပါလာနိုင်စေရန် တံခါးဖွင့်ထားရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲကို အားလုံးပါဝင်နိုင်အောင် အခင်းအကျင်းများ လုပ်နိုင်ရန်လိုအပ်သည်ဟု ဆွေးနွေးခဲ့ကြောင်း။

NCA ကို လုပ်ဆောင်ရာတွင် ရည်မှန်းချက်သုံးခုရှိပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို နောင်ဘယ်အစိုးရတက်တက် ဆက်လုပ်သွားနိုင်မည့် အုတ်မြစ်တစ်ခုချနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေး ခိုင်ခံ့အောင်လုပ်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်တို့ဖြစ်ပြီး အစိုးရ၏ အဓိကရည်မှန်းချက်သည် အဆိုပါရည်ရွယ်ချက်သုံးခုကို အကောင်အထည်ဖော်နိုင်ရန်ဖြစ်ကြောင်း၊ နှစ်ဖက်အဖွဲ့အနေဖြင့် ကျော်လွှားရမည့် အားလုံးပါဝင်ဆွေးနွေးရေးဆိုသည့် အဓိကအချက်တစ်ခုရှိနေပြီး NCA စာချုပ်ပါအချက်များသည် အစည်းအဝေးတွင် ပြီးပြတ်သွားမည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံရေးဆွေးနွေးပွဲများအား တံခါးဖွင့်ထားပြီး နိုင်ငံရေးဆွေးနွေးပွဲများမှ တစ်ဆင့် အင်အားစုအားလုံး ပါဝင်လာနိုင်အောင် ကြိုးစားသွားမည် ဖြစ်ပါကြောင်း၊ NCA စာချုပ်မူချောကို လုပ်နိုင်ပြီဆိုပါက နှစ်ဖက်စလုံး၏ ကြိုးပမ်းမှုများကို လူထုနှင့် နိုင်ငံတကာက အသိအမှတ်ပြုကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် NCA ကို လက်မှတ်ရေးထိုးနိုင်ရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးစားကြပါစို့လို့ ဆန္ဒပြုကြောင်း ပြောကြားသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) မှ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်က ပြောကြားရာတွင် ယခုလက်ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အတော်များများတွင် တွေ့ကြုံနေရသည့် ရေဘေးဒုက္ခအား မိမိတို့အနေဖြင့် အလွန်စိတ်မကောင်းဖြစ်ရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အစိုးရအနေဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် ပံ့ပိုးနိုင်သည်များကို အကောင်းဆုံးပံ့ပိုးပေးရန် စိတ်ဆန္ဒရှိပါကြောင်း၊ မိမိတို့ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများက ယခုအချိန်သည် အလွန်အရေးကြီးသည့် အချိန်ဖြစ်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို အားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်ဖို့ အတွက် အရေးကြီးသည်ကို နားလည်သဘောပေါက်ပါကြောင်း။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် စာချုပ်တွင် အားလုံးပါဝင်နိုင်ရန်အတွက် အစိုးရဘက်ကလည်း နည်းလမ်းရှာမည်ဟု ယုံကြည်ပါကြောင်း၊ လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအားလုံးက အဖွဲ့ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်နေသောကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် အားလုံးပါဝင်မှသာ မိမိတို့ သွားနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ခုလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ကျေးလက်လူမှုဘဝမြှင့်တင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC) ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အဓိကတွေးပူနေကြသည့် ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံရေး အာမခံချက်များရရှိရန် ဖြစ်သည်ကို နိုင်ငံတော်အနေဖြင့် နားလည် သဘောပေါက်ကြောင်း၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို အကောင်အထည်ဖော်နိုင်ပါက နိုင်ငံရေးအာမခံချက်အတွက်စိုးရိမ်စရာမရှိပါကြောင်း၊ အဓိကအရေးကြီးသည်မှာ အားလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တိုးတက်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးရာတွင်လည်း အားလုံးပါဝင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ စာချုပ်အချောသပ်အတည်ပြုပြီးပါက လက်မှတ်ရေးထိုးကြမည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ သက်သေများကိုစွနှင့်လက်မှတ်ရေးထိုးမည့်နေ့ရက်တို့ကို နှစ်ဖက်တာဝန်ရှိသူများ ဆက်လက်တွေ့ဆုံညှိနှိုင်းသွားကြမည်ဆိုလျှင် လုပ်ငန်းစဉ်များအားလုံး ပြီးမြောက်သွားနိုင်ပြီဟု တင်ပြဆွေးနွေးလိုကြောင်း ပြောကြားသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဒေါက်တာလဂျာက ပြောကြားရာတွင် ယခု (၉)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုတွင် ကျန်ရှိနေသေးသည့် အချက်များ အဆင်ပြေချောမွေ့အောင်မြင်မည်ဟုထင်ကြောင်း၊ အဖွဲ့အစည်းများအားလုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ကြရေးကို ယခု(၉)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးမှု၌ ဆွေးနွေးကြရမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ကြရေး၏ အကျိုးဆက်သည် ပြည်သူတစ်ရပ်လုံးအတွက် အေးချမ်းလုံခြုံစေသောအကျိုးရလဒ်များ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးက NCA သည် နိုင်ငံရေးအရ အာမခံချက်များ အပြည့်အဝပါရှိပြီး ဖြစ်ကြောင်း၊ စစ်ရေးအရအာမခံချက်များတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းနှင့် ပတ်သက်သည့်အချက်များ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များသည် စစ်ရေးအရ မိမိတို့အနေဖြင့် အာမခံရမည့် အာမခံချက်များ အခန်းတစ်ခန်း အနေဖြင့်ပါဝင်ကြောင်း၊ နှစ်ဖက်ညှိနှိုင်းရေးဆွဲ၍ NCA လက်မှတ်ရေးထိုးပြီးပါက ပူးတွဲစောင့်ကြည့်ရေးများ၊ နှစ်ဖက်လိုက်နာရမည့် ကျင့်ဝတ်များ စသည့်ကိစ္စရပ်များသည် မလွဲမသွေအကောင်အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဖြစ်သောကြောင့် စစ်ရေးအရအာမခံချက်များသည် သံသယဖြစ်စရာမရှိကြောင်း၊ လူမှုရေးအရအာမခံချက်များတွင်လည်း တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးက NCAကို လက်မှတ်ရေးထိုးပြီးပါက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရန် နိုင်ငံတော်က စီးပွားရေး၊ လူမှုရေး စသည့် ဆောင်ရွက်ပေးရမည့် အပိုင်းများကို နိုင်ငံတကာစံညွှန်းများနှင့်အညီ အာမခံချက်များကို ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း တစ်ဦးအပေါ် တစ်ဦးအပြည့်အဝ ယုံကြည်စိတ်ချစွာဖြင့် ရဲရဲတင်းတင်းလက်မှတ်ရေးထိုးလိုက်ပါက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အဆုံးသတ် ဆောင်ရွက်နိုင်မည် ဖြစ်သည်ဟု ပြီးခဲ့သည့် အစည်းအဝေးတွင် ယုံကြည်မှုကို တည်ဆောက်ရန် မိမိတို့အား အမိန့်ပေး ထားပြောခဲ့ကြောင်း ပြောသည်။

ထို့နောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD)၏ ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ပူးဇင်ကျိုးကလည်း အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့ (SD) အနေဖြင့် ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ ပြုလုပ်ခဲ့သည့် မိမိတို့တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ၏ ထိပ်သီးအစည်းအဝေးတွင် (၈)ကြိမ်မြောက် ဆွေးနွေးပွဲရလဒ်များကို တင်ပြ၍ အတည်ပြုချက်ရယူခဲ့ပြီး UPWC ၏ သဘောထား တင်ပြချက်အားလုံးကိုလည်း တင်ပြဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါ အစည်းအဝေးမှ ဆုံးဖြတ်ထားသည့် အခြေခံအချက်အလက်များနှင့် အမြင်သဘောထားများအား ယူဆောင်လာခဲ့ကြကြောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ဘက်မှ မိမိတို့ SD ၏ တင်ပြချက်များကို သဘောထားကြီးကြီးဖြင့် လက်ခံမည်ဆိုပါက ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲသည် NCA လက်မှတ်ရေးထိုးနိုင်ရေး အတွက် အလွန်တန်ဖိုးရှိသော ဆွေးနွေးပွဲဖြစ်ပါလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA) အချောသပ်နိုင်ရေးအတွက် (၉)ကြိမ်မြောက်အစည်းအဝေးသို့ UPWC မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းငြေး၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ဦးစောထွန်းမြအောင်၊ ဒေါ်မိယဉ်ချမ်းနှင့် ဦးခက်ထိန်နန်တို့ တက်ရောက်ခဲ့ကြသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့် ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)၏ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန်၊ ဒုတိယအဖွဲ့ခေါင်းဆောင် (၁)ဒေါက်တာ လဂျာ၊ ဒုတိယအဖွဲ့ခေါင်းဆောင် (၂)ပူးဇင်ကျိုး၊ အဖွဲ့ဝင်များဖြစ်ကြသော ခိုင်စိုးနိုင်အောင်၊ ဦးနိုင်ဟံသာ၊ ဦးမျိုးဝင်း၊ ဦးခွန်မြင့်ထွန်း၊ ဦးရွှေမျိုးသန့်၊ စဝ်ခွန်ဆိုင်း၊ ပဒိုစောကွယ်ထူးဝင်း၊ ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်း၊ ဗိုလ်မှူးကြီးခွန်ဥက္ကာ၊ ဒေါ်စောမြရာဇာလင်း၊ တာအိုက်ညွှန့်၊ ဗိုလ်မှူးကြီးဆော်လမွန်၊ ဗိုလ်မှူးကြီးကျော်ဟန်နှင့် ဦးထွန်းဇော်တို့ တက်ရောက်ခဲ့ကြသည်။

ယနေ့ပြုလုပ်သော အစည်းအဝေးသို့ ကမ္ဘာ့ကုလသမဂ္ဂကိုယ်စားပြု မစ္စမာရီယမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာ စန်ဂေါင်ဇင်းတို့က နိုင်ငံတကာ လေ့လာသူအဖြစ်တက်ရောက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်လေ့လာခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲကို ညနေ ၅ နာရီခန့်တွင် ပြီးဆုံးပြီး သတင်းမီဒီယာများအား နှစ်ဖက်ခေါင်းဆောင်များက ညနေ ၅ နာရီခွဲတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ဒုတိယနေ့အစည်းဝေးအဖြစ် ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၆**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် တပ်မတော်နှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့်ကမ္ဘောဇလေကြောင်းလိုင်းတို့မှ လေယာဉ် သုံးခေါက်ဖြင့် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် လူသုံးကုန်ပစ္စည်း၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ စားသုံးဆီ၊ မုန့်မျိုးစုံ၊ အဝတ်အထည်မျိုးစုံ၊ မီးစက်များကိုလည်းကောင်း၊ ကမ္ဘောဇလေကြောင်းလိုင်းတို့မှ လေယာဉ် ၁၀ ခေါက်ဖြင့် ဆန်အိတ်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးမျိုးစုံ၊ လူသုံးကုန်ပစ္စည်းများကို လည်းကောင်း၊ အိန္ဒိယနိုင်ငံအစိုးရကလှူဒါန်းသည့် ဆန်အိတ်၊ ခေါက်ဆွဲထုပ်နှင့် ဆေးဝါးမျိုးစုံတို့ကို လည်းကောင်း ပေးပို့လျက်ရှိသည်။

ထို့အပြင် ဂျပန်နိုင်ငံအစိုးရက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိ အိပ်ရာခင်း ၆၈၄ ထည်၊ စောင် ၃၄၄၂ ထည်နှင့် ပလတ်စတစ်အခင်း ၆၀ တို့သည် စင်ကာပူလေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိနေပြီး ရေဘေးသင့်ပြည်သူများရှိရာ နေရာဒေသများသို့ တပ်မတော်လေယာဉ်ဖြင့် ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ဩဂုတ် ၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

မလေးရှားနိုင်ငံ၌ ပြည်ထောင်စု ဝန်ကြီးသည် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ (၄၈) ကြိမ်မြောက် အစည်းအဝေး၊ အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ၏ (၁၆) ကြိမ်မြောက် အစည်းအဝေး၊ ပဉ္စမအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ် ဝန်ကြီးအဆင့်အစည်းအဝေး၊ အရှေ့တောင် အာရှ အဏုမြူလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာကော်မရှင် အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံ ၁၀ နိုင်ငံနှင့် တစ်နိုင်ငံချင်းစီ ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးများမှ အာဆီယံနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-အမေရိကန် ပြည်ထောင်စု ဆွေးနွေးဖက်နိုင်ငံ ဆက်ဆံရေးတွင် ညှိနှိုင်းရေးမှူးအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေးတွင် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ ကော်မရှင်နှင့် တွေ့ဆုံပွဲသို့လည်း တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အဌမအကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ကနဦးဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေး၊ အဌမအကြိမ်မြောက် မဲခေါင်-ဂျပန် ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ပဉ္စမအကြိမ်မြောက် မဲခေါင်-ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေးတို့ကိုလည်း တက်ရောက်ခဲ့ပြီး အဌမအကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ကနဦးဆောင်ရွက်မှုဝန်ကြီးအဆင့်အစည်းအဝေး၌ ပြန်လည်ပြုပြင်ထားသည့် ၂၀၁၆-၂၀၂၀ အကောင်အထည်ဖော်မှုစီမံကိန်းကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ကွာလာလမ်ပူမြို့၌ရှိနေစဉ် တရုတ်၊ ဩစတြေးလျ၊ တူရကီ၊ ဒီမိုကရက်တစ် ကိုရီးယားသမ္မတနိုင်ငံ၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးများနှင့် လည်းကောင်း၊ ဥရောပသမဂ္ဂကော်မရှင်၏ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်တို့နှင့်လည်းကောင်း၊ ကနေဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စများကို ဆွေးနွေးခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှ (၄၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့ပြီး အီရန်အဏုမြူအစီအစဉ်၏ ပူးတွဲလုပ်ငန်းအစီအစဉ်အပေါ် အရှေ့အာရှထိပ်သီးအစည်းအဝေးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ ထုတ်ပြန်ချက်၊ ပင်လယ်သမုဒ္ဒရာပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရေး အာဆီယံဒေသဆိုင်ရာဖိုရမ် ထုတ်ပြန်ချက်များအပါအဝင် အစည်းအဝေးများအပေါ် အာဆီယံဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်များနှင့် အခြားကြေညာချက်များ လုပ်ငန်းအစီအစဉ်တို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသည်အာဆီယံထူထောင်သည့် ၁၉၆၇ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့သည့် အစည်းအဝေးဖြစ်ပြီး ယခုနှစ်တွင် (၄၈)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ယင်းအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အခြေပြု၍ အာဆီယံကို အခြေခံသည့် ဒေသဆိုင်ရာအဖွဲ့အစည်းအဝေးများကိုလည်း ယင်းအစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပလေ့ရှိသည်။ ယင်းအချက်သည် ဒေသတွင်းနှင့်ဒေသပြင်ပ အဖွဲ့အစည်းများအတွင်း အာဆီယံ၏ ဗဟိုအချက်အချာကျမှုကို ဖော်ပြလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ခဲ့သည့် အခြေခံပညာကျောင်း ၂၉၆၈ ကျောင်း ပြန်လည်ထူထောင်ရေးအတွက် ၂၀၁၅ ခု ဩဂုတ်လတွင် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် ရေကြီးရေလျှံမှုများကြောင့် အခြေခံပညာကျောင်းပေါင်း ၁၃၈၇ ကျောင်းခေတ္တပိတ်ထားခဲ့ရာ ၎င်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများသို့ ဩဂုတ် ၃ ရက်မှစ၍ ဗလာစာအုပ် ဒါဇင် ၁၆၀၀၀၀ ၊ ခဲတံ ဒါဇင် ၅၃၃၄၀ နှင့် ဘောပင် ၂၆၆၇၂ ဒါဇင် စုစုပေါင်းငွေကျပ်သန်း ၃၁၇ ဒသမ ၃၄၄တန်ဖိုးရှိ စာရေးကိရိယာများကို ပေးပို့လျက်ရှိသည်။

ထို့ပြင် ရေဘေးသင့်ခဲ့သည့် (ပြန်ဖွင့်ပြီးကျောင်းများအပါအဝင်) ၂၉၆၈ ကျောင်း ပြန်လည်ထူထောင်ရေးအတွက် ၂၀၁၅ ခု ဩဂုတ်လတွင် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**(က) ကျောင်းထောက်ပံ့ကြေး ကြိုတင်ထုတ်ပေးခြင်း**

၂၀၁၅ ခု၊ အောက်တိုဘာလတွင် ထုတ်ပေးရမည့် ဒုတိယအကြိမ် ကျောင်းထောက်ပံ့ကြေး ရန်ပုံငွေများကို ၂၀၁၅ ခု၊ ဩဂုတ်လ ဒုတိယအပတ်တွင် အောက်ပါနှုန်းထားများအတိုင်း ထုတ်ပေးမည်ဖြစ်သည်-

**အလယ်တန်း၊ မူလတန်းဆင့်ကျောင်းများအတွက် ကျောင်းထောက်ပံ့ကြေးပေးရန်**

| စဉ် | အကြောင်းအရာ | နှုန်း(ကျပ်သိန်း) |
|---|---|---|
| | **မူဆင့် ၊ လယ်ဆင့်ကျောင်းများ(ဘက အပါအဝင်)** | |
| ၁ | ကျောင်းသား ၅၀ ဦးအထိ ကျောင်းဦးရေ | ၂ |
| ၂ | ကျောင်းသား ၅၁ ဦးမှ ၁၀၀ ဦးအထိ ကျောင်းဦးရေ | ၄ |
| ၃ | ကျောင်းသား ၁၀၁ ဦးမှ ၂၀၀ ဦးအထိကျောင်းဦးရေ | ၅ |
| ၄ | ကျောင်းသား၂၀၁ ဦးမှ ၃၀၀ ဦးအထိ ကျောင်းဦးရေ | ၆ |
| ၅ | ကျောင်းသား ၃၀၁ ဦးမှ ၄၀၀ ဦးအထိ ကျောင်းဦးရေ | ၇ |
| ၆ | ကျောင်းသား ၄၀၁ ဦးမှ ၅၀၀ ဦးအထိ ကျောင်းဦးရေ | ၈ |
| ၇ | ကျောင်းသား ၅၀၁ ဦးနှင့်အထက် ကျောင်းဦးရေ | ၉ |

**အထက်တန်းအဆင့်ကျောင်းများအတွက် ကျောင်းထောက်ပံ့ကြေးပေးရန်**

( တစ်ကျောင်းလျှင် ၂. ၅ သိန်းနှုန်း + (ကျောင်းသားဦးရေ × ၁၇၅၀/-ကျပ်နှုန်း)

ကျောင်းထောက်ပံ့ကြေး ဒုတိယအကြိမ်ထုတ်ပေးရမည့် ငွေပမာဏသည် ကျောင်းသားဦးရေအပေါ် မူတည်ပြီး တွက်ချက်ရခြင်းဖြစ်၍ ထပ်မံထုတ်ပြန်ပေးမည်ဖြစ်သည်-

**(ခ) ရေဘေးသင့်ကျောင်းများ၏ သန့်စင်ခန်းများသန့်ရှင်းရေးနှင့် လိုအပ်သည်များ ပြုပြင်ခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်း အရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | အထက်တန်း | ၁၈၂ | ၃ | ၅၄၆ |
| ၂ | အလယ်တန်း | ၄၄၄ | ၂ | ၈၈၈ |
| ၃ | မူလတန်း | ၂၃၄၂ | ၁ | ၂၃၄၂ |
| | **စုစုပေါင်း** | **၂၉၆၈** | | **၃၇၇၆** |

ရေဘေးသင့်ကျောင်းများတွင် သန့်စင်ခန်းများ ပျက်စီးမှုကြောင့် အသစ်ထပ်မံတည်ဆောက်ရန် လိုအပ်ပါက ပျက်စီးဆုံးရှုံးမှုအခြေအနေအရ ဆောင်ရွက်ပေးမည်ဖြစ်သည်-

**(ဂ) ရေဘေးသင့်ကျောင်းများ ရွှံ့နွံများဆေးကြောခြင်းနှင့် လိုအပ်သည်များပြုပြင်ခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်း အရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | အထက်တန်း | ၁၈၂ | ၃ | ၅၄၆ |
| ၂ | အလယ်တန်း | ၄၄၄ | ၂ | ၈၈၈ |
| ၃ | မူလတန်း | ၂၃၄၂ | ၁ | ၂၃၄၂ |
| | **စုစုပေါင်း** | **၂၉၆၈** | | **၃၇၇၆** |

**(ဃ) သန့်ရှင်းသော ရေရရှိရေးအတွက် ရေတိုင်ကင်ပြုလုပ်ခြင်း(ရေတွင်းတူးခြင်းအပါအဝင်)**

| စဉ် | အကြောင်းအရာ | ကျောင်း အရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | ရေဘေးသင့်ကျောင်း | ၂၉၆၈ | ၃ | ၈၉၀၄ |

**(င) ရေဘေးသင့်ကျောင်းများမှ ကလေးသူငယ်များအား အာဟာရ ကျွေးမွေးခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်း အရေအတွက် | နှုန်း (ကျပ်သိန်း) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | ရေဘေးသင့်ကျောင်း | ၂၉၆၈ | ၂ | ၅၉၃၆ |

**(စ) ရေဘေးသင့်ကျောင်းများသို့ စာသင်ခုံများ ထောက်ပံ့ပေးခြင်း**

| စဉ် | အကြောင်းအရာ | ကျောင်း အရေအတွက် | တစ်ကျောင်း အတွက် ဦးရေ | နှုန်း (ကျပ်) | သုံးစွဲရန် လျာထားငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|
| ၁ | ရေဘေးသင့်ကျောင်း | ၂၉၆၈ | ၅၀ | ၅၀၀၀ | ၇၄၂၀ |

**(ဆ) ကယ်ဆယ်ရေးစခန်းအဖြစ် ပြုလုပ်သည့်ကျောင်းများအတွက် ပြင်ဆင်စရိတ်ခွဲဝေခြင်း**

ကယ်ဆယ်ရေးစခန်းအဖြစ် ပြုလုပ်ထားသော ကျောင်း(၆၆)ကျောင်းတွင် သန့်ရှင်းရေး၊ ပြန်လည်မွမ်းမံရေးတို့အတွက် ဆက်လက်စီမံဆောင်ရွက်မည်ဖြစ်သည်-

**(ဇ) ရေဘေးသင့် ရှမ်းပြည်နယ်(အရှေ့)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကျောင်းသုံးစာရေးကိရိယာများ ဆက်လက်ထောက်ပံ့ခြင်း**

| စဉ် | တိုင်း/ပြည်နယ် | ဗလာစာအုပ် (ဒါဇင်) | ခဲတံ (ဒါဇင်) | ဘောပင် (ဒါဇင်) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ရှမ်း(အရှေ့) | ၁၀၀၀၀ | ၃၃၃၄ | ၁၆၆၇ | |
| ၂ | ရန်ကုန်တိုင်း | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀ | |

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ်သို့ရောက်ရှိ၊ စစ်တွေမြို့ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

မကွေးတိုင်း ဒေသကြီးတွင် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် စေတီတော်ရင်ပြင်ပေါ်ရှိ မဟာဝိဇယရံသီ တန်ဆောင်းမှနေ၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်ပြီး ဂေါပကအဖွဲ့က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စေတီတော်မြတ်ကြီး၏ ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်သည်။

ယင်းနောက် ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက် လှူဒါန်းမည့် စေတနာရှင်ပြည်သူများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာကြရာ ရခိုင်ပြည်နယ် စစ်တွေလေဆိပ်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့ရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (ပြန်/ဆက်)

ယင်းနောက် နိုင်ငံတော်သမ္မတသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း ကိုမန်ကြောင့် ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ၊ ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များအတွင်း သေဆုံးခဲ့ရသည့် ပြည်သူများအတွက် မိသားစုများနှင့် ထပ်တူဝမ်းနည်းပါကြောင်း၊ အသက်ရှင်ကျန်နေသူများ ဆက်လက်ရှင်သန်ရေး၊ ပြန်လည်ထူထောင်နိုင်ရေးအတွက် အစွမ်းကုန် ကူညီပေးမည်ဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်ချိန်တွင် စားသောက်ရေးသာမက အဝတ်အထည်နှင့် နေ့စဉ်အသုံးအဆောင် လိုအပ်ချက်များပါ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရာတွင် နေအိမ်များပြန်လည်ပြင်ဆင်နိုင်ရေး၊ မျိုးစပါးများရရှိရေး၊ ငါးဖမ်းလုပ်ငန်းအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် စတင်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာလုပ်ငန်းသုံးပစ္စည်းများရရှိရေးတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အားလုံးက လူသားချင်း စာနာစိတ်၊ မျိုးချစ်စိတ်၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုများဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတဦးသိန်းစိန် မင်းပြားမြို့ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (ပြန်/ဆက်)

ယင်းနောက် နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ပြန်လည်ထူထောင်ရေး အတွက် လိုအပ်ချက်ဆိုင်ရာများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်ကြရာ ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူတစ်ဦးက ငွေကျပ်သိန်း ၆၀၀၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ငွေကျပ်သိန်း ၈၆၀၀၊ စီဘီဘဏ်မှ တာဝန်ရှိသူတစ်ဦးက ငွေကျပ်သိန်း ၆၀၀၀ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စစ်တွေမြို့တွင်းနှင့် ကမ်းနားလမ်းတစ်လျှောက်သို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာပြီး မြောက်ဦးမြို့သို့ ရောက်ရှိကြရာ တိုင်းမှူးဗိုလ်ချုပ် အောင်လင်းဒွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြောက်ဦးမြို့ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် ဒေါက်တာ အရိယဝံသအား သွားရောက်ဖူးမြော်ပြီး ရေဘေးသင့်ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အလိုတော်ပြည့်ကျောင်းဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင်းပြားမြို့သို့ ရောက်ရှိပြီး ရာမောင်ခန်းမ၌ ရေဘေးသင့်ပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

# ရေဘေးကြောင့် ပျက်စီးခဲ့ရမှုများကို အမြန်ဆုံးပြန်လည်တည်ဆောက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်- စစ်တွေလမ်း မိုင်တိုင်အမှတ် ၂၇/၀ တွင် တည်ရှိသည့် ပေ ၉၉၀ အရှည်ရှိသော ဒလက်ချောင်းတံတား ပျက်စီးနေသည့်နေရာတွင် ပြည်သူများ ကူးလူးသွားလာဆက်သွယ်မှုလွယ်ကူစေရန်အတွက် ဇက်ရေယာဉ်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းကို ချဉ်းကပ်လမ်းနှစ်ဖက် ကျောက်လမ်းခင်းပြီး ယနေ့ ညနေပိုင်းတွင် ဇက်ရေယာဉ်ဖြင့် ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မိုင်တိုင်အမှတ် ၁၀၂/၂-၁၀၂/၃ အကြားရှိ ပေ ၄၀ အရှည် ရှိ ရှမ်းတောင်ကွန်ကရစ်တံတားနေရာတွင် ပေ ၈၀ နှစ်လွှာတစ်ထပ် ဘေလီတံတားတည်ဆောက်ပြီးဖြစ်ပြီး ရန်ကုန်-စစ်တွေလမ်းကို ယနေ့တွင် စတင်ဖြတ်သန်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်အတွင်း ဇူလိုင် ၂၄ ရက်မှ ဩဂုတ်လ ၅ ရက်နေ့အထိ သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ

(သတင်း၊ စာ-၈)

| စဉ် | သေဆုံး/ပျက်စီးဆုံးရှုံးမှုအခြေအနေ | အရေအတွက် |
|---|---|---|
| ၁။ | လူသေဆုံးမှု | ကျား(၂၉)၊ မ(၂၆)<br>ပေါင်း(၅၅) |
| ၂။ | ကျွဲ၊ နွားသေဆုံးမှု | ကျွဲ(၁၈၅၂)၊<br>နွား(၂၈၀၂)<br>ပေါင်း(၄၆၅၄) |
| ၃။ | ရေဘေးသင့်အိမ်ထောင်စု | ၁၆၆၅၆ |
| ၄။ | ရေဘေးသင့်လူဦးရေ | ၈၅၄၂၆ |
| ၅။ | ရေမြုပ်/ရေဝင် အိမ် | ၈၄၅၅၉ |
| ၆။ | ရေမြုပ်/ရေဝင် ကျောင်း | ၂၁၁ |
| ၇။ | ရေမြုပ်/ရေဝင် ဘုန်းကြီးကျောင်း | ၆၁ |
| ၈။ | ရေမြုပ်/ရေဝင် လယ်ဧက | ၃၀၅၇၇၀၁ |
| ၉။ | ရေမြုပ်/ရေဝင် အခြား | ၉၀၈၆ |
| ၁၀။ | ပြိုကျ/ပျက်စီး အိမ် | ၁၀၉၅၆ |
| ၁၁။ | ပြိုကျ/ပျက်စီး ကျောင်း | ၂၇၂ |
| ၁၂။ | ပြိုကျ/ပျက်စီး ဘုန်းကြီးကျောင်း | ၁၀၂ |
| ၁၃။ | ပြိုကျ/ပျက်စီး လယ်ဧက | ၂၁၇၅၈၀ |
| ၁၄။ | ပြိုကျ/ပျက်စီး အခြား | ၄၅၄၇ |
| ၁၅။ | ပြိုကျ/ပျက်စီး ဆည် | ၂၄၁ |
| ၁၆။ | ပြိုကျ/ပျက်စီး တံတား | ၂၁ |
| ၁၇။ | ပြိုကျ/ပျက်စီး လမ်း | ၁၁ |
| ၁၈။ | ပျက်စီးဆုံးရှုံးမှု တန်ဖိုးကျပ်သန်းပေါင်း | ၃၄၂၉၀. ၃၈၆ |

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၁၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံး ဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၏ ဂုဏ်ထူးဆောင်နာယက များဖြစ်ကြသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း နှင့် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမူန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီး များနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ဝန်ကြီးဌာနများ၏ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း နာယကများ၊ နေပြည်တော် မိခင် နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အခြားဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ထူးဆောင် နာယကများနှင့် တက်ရောက်လာ သူများက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်များကို စိုက်ပျိုးခဲ့ကြ သည်။ **(အောက်ပုံ)** ဆက်လက်၍ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်ပျိုးပင် များ စိုက်ပျိုးခဲ့ကြရာ ဂုဏ်ထူးဆောင် နာယကများအဖွဲ့က လှည့်လည် ကြည့်ရှုအားပေးကြသည်။


မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော် ၅၃ ပင်၊ ပျဉ်းမ ၃၀၊ ငုဝါ ၅၀၊ စိန်ပန်း ၂၀၊ ခရေ ၅၀၊ သရက် ၂၀၊ မဲဇလီ ၅၀၊ ပုန်းညက် ၂၀၊ မဟော်ဂနီ ၃၀ စသည့် အရိပ်ရလေသာပင် နှင့် သီးပင် စားပင် ပန်းအလှပင် စုစု ပေါင်း ၃၂၃ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ထားရှိမှုအခြေအနေ

| စဉ် | ခရိုင်/မြို့နယ် | ကျားလုံချည် (ထည်) | မလုံချည် (ထည်) | စောင် (ထည်) | မျက်နှာသုတ် ပဝါ(ထည်) | ဒန်အိုး (လုံး) | ဇလုံ (လုံး) | တီရှပ် (အထည်) | ဆပ်ပြာ (တောင့်) | ခြင်ထောင် (လုံး) |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | မောင်တောခရိုင် | ၁၀၀၀ | ၁၀၀၀ | ၂၀၀ | ၁၀၀၀ | ၂၀၀ | ၂၀၀ | ၄၀၀ | ၁၀၀၀ | ၂၀၀ |
| ၂။ | ဘူးသီးတောင်မြို့နယ် | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၁၀၅၀ | ၂၁၀၀ | ၁၀၅၀ | ၁၀၅၀ |
| ၃။ | စစ်တွေမြို့နယ် | ၂၇ | ၂၇ | ၂၇ | ၂၇ | ၂၇ | ၂၇ | ၅၄ | ၂၇ | ၂၇ |
| ၄။ | ပုဏ္ဏားကျွန်းမြို့နယ် | ၄၀၀ | ၄၀၀ | ၃၀၀ | ၄၀၀ | ၃၀၀ | ၃၀၀ | ၆၀၀ | ၄၀၀ | ၃၀၀ |
| ၅။ | ကျောက်တော်မြို့နယ် | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၁၅၀ | ၃၀၀ | ၁၅၀ | ၁၅၀ |
| ၆။ | မြောက်ဦးမြို့နယ် | ၃၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၃၀၀ | ၆၀၀ | ၃၀၀ | ၃၀၀ |
| ၇။ | မင်းပြားမြို့နယ် | ၃၅၀ | ၃၅၀ | ၃၅၀ | ၃၅၀ | ၃၅၀ | ၃၅၀ | ၇၀၀ | ၃၅၀ | ၃၅၀ |
| ၈။ | အမ်းမြို့နယ် | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ |
| ၉။ | ရသေ့တောင်မြို့နယ် | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ | ၁၀၀ | ၅၀ | ၅၀ |
| ၁၀။ | တပ်မတော်(တပ်ရင်း) | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ |
| ၁၁။ | လေဆိပ် | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၂၀၀ | ၁၀၀ | ၁၀၀ |
| | စုစုပေါင်း | ၃၆၂၇ | ၃၆၂၇ | ၂၇၂၇ | ၃၆၂၇ | ၂၇၂၇ | ၂၇၂၇ | ၅၄၅၄ | ၃၆၂၇ | ၂၇၂၇ |

ကျောက်တော်မြို့နယ်၊ ကုလားတန်မြစ်ရေကြီးမှုမှတ်တမ်း



## တိုင်းဒေသကြီး/ပြည်နယ်များ မိုးရွာမည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ကရင်ပြည်နယ်တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကို (၂၄)နာရီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆယ်သွယ်ရမည့်ဖုန်းနံပါတ်များ အသိပေး

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သော ရေဘေးသင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းအကူအညီတောင်းခံလိုပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနတွင် ၂၄ နာရီ ဖွင့်လှစ်ထားရှိသော အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ရာထူး/ဌာန | ဖုန်းအမှတ် |
|---|---|---|
| ၁ | အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန<br>Hot Line | ၀၆၇-၄၀၄၀၂၁ , ၀၆၇-၄၀၄၀၂၂<br>၀၆၇-၄၀၄၅၄၀ (Fax) |
| ၂ | အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနရုံး | ၀၉-၄၂၃၀၀၀၂၉၇ , ၀၉-၄၂၃၀၀၀၂၉၈<br>၀၉-၈၆၀၃၄၀၁ , ၀၉-၈၆၀၃၄၀၂ |
| ၃ | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၅၄၁ , ၀၉-၈၆၀၀၀၂၅ |
| ၄ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရုံး | ၀၆၇-၅၉၀၀၀၆ , ၀၆၇-၆၉၀၁၁ |
| ၅ | ဒုတိယအမြဲတမ်းအတွင်းဝန်<br>လူမှု/ကယ်ဆယ်ဝန်ကြီးဌာန | ၀၆၇-၄၀၄၀၂၂ , ၀၉-၄၉၂၀၂၀၂၂ |
| ၆ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၀၄၈ , ၀၉-၈၆၀၁၁၆၅ |
| ၇ | လက်ထောက်အတွင်းဝန်<br>လူမှု/ကယ်ဆယ်ဝန်ကြီးဌာန | ၀၆၇-၄၀၄၀၂၁ , ၀၉-၄၉၂၀၈၇၁၈ |
| ၈ | လက်ထောက်အတွင်းဝန်<br>လူမှု/ကယ်ဆယ်ဝန်ကြီးဌာန | ၀၆၇-၄၀၄၃၃၇ , ၀၉-၄၃၀၁၂၆၇၁ |
| ၉ | လက်ထောက်အတွင်းဝန်<br>လူမှု/ကယ်ဆယ်ဝန်ကြီးဌာန | ၀၆၇-၄၀၄၃၇၃ , ၀၉-၂၅၀၉၆၅၈၈၉ |
| ၁၀ | ညွှန်ကြားရေးမှူး(စီမံဘဏ္ဍာ)<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၃၁၆ , ၀၉-၂၀၂၁၄၉၁ |
| ၁၁ | ညွှန်ကြားရေးမှူး(ပြန်/ထူ)<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၃၁၇ , ၀၉-၂၅၄၁၇၀၀၁၁ |
| ၁၂ | ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေး)<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၃၁၈ , ၀၉-၄၃၁၂၀၈၆၅ |
| ၁၃ | ညွှန်ကြားရေးမှူး(ညှိ/သု)<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၄၈၅ ,၀၉-၄၃၁၂၀၈၆၄ |
| ၁၄ | ညွှန်ကြားရေးမှူး(ကယ်ဆယ်ရေး)<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | ၀၆၇-၄၀၄၄၂၀ ,၀၉-၄၂၈၁၂၅၀၂၇ |

**အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ရေးထိုးရာတွင် အစိုးရဘက်မှ နိုင်ငံတော်သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့ လက်မှတ်ရေးထိုးမည်

သတင်း-ရဲခေါင်ညွန့်
မြတ်သန္တာမောင်
ဓာတ်ပုံ-ဖိုးထောင်

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အတွက် (၉)ကြိမ်မြောက် ဆွေးနွေးပွဲ ပထမနေ့ဆွေးနွေးမှုများ အပြီးတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ SD မှ ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ပူးဇင်ကျိုးနှင့်အဖွဲ့ဝင် ပဒိုစောကွယ်ထူးဝင်းတို့က ဩဂုတ် ၆ ရက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေနှင့် SD မှ ဒုတိယအဖွဲ့ခေါင်းဆောင် (၂) ပူးဇင်ကျိုးတို့အား မြန်မာ့သတင်းစဉ်၏ မေးမြန်းမှုအပေါ် ကောက်နုတ်ဖော်ပြအပ်ပါသည်။



**ဦးလှမောင်ရွှေ**
**အထူးအကြံပေး (မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန - MPC)**

ပြီးခဲ့တဲ့လ (၈)ကြိမ်မြောက် အစည်းအဝေးအပြီးမှာတော့ NCA စာချုပ်မူကြမ်းမှာ စာအားဖြင့် ချောဖို့ တစ်ချက်နဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှာ ထည့်ဖို့အချက်နှစ်ချက်ပဲကျန်ခဲ့ပါတယ်။ ဒီနေ့မှာ အဲ့ဒီသုံးချက်လုံးကို ဆွေးနွေးပြီးတော့ နှစ်ဖက်ခေါင်းဆောင်တွေ သဘောတူတာဖြစ်လို့ စာကြမ်းပြင်တာတစ်ခုနဲ့ အစည်းအဝေးဆုံးဖြတ်ချက်မှာ ထည့်တာနှစ်ခုကို သဘောတူပါတယ်။

**ပါဝင်လက်မှတ်ရေးထိုးဖို့ ကျွန်တော်တို့ဘက်က ဘယ်အဆင့်နဲ့ တိုင်းရင်းသားဘက်က ဘယ်အဆင့်တွေ လက်မှတ်ထိုးမယ်ဆိုတာကိုလည်း နှစ်ဖက်သဘောတူနိုင်ခဲ့ပါတယ်။** ပြည်တွင်းသက်သေကိုလည်း မူအားဖြင့် အစိုးရဘက်က တိုင်းရင်းသားတွေ တောင်းဆိုတာကို လိုက်လျောပြီးတော့ အစိုးရဘက်က ပြည်တွင်းသက်သေကို ပြန်တင်ပြနိုင်ခဲ့တော့ ဒီကိစ္စလည်း ပြီးပါပြီ။ နိုင်ငံတကာသက်သေကိုလည်း မူအားဖြင့် သဘောတူကြပြီးပါပြီ။ ဒီနေ့ဆွေးနွေးချက်က စာချုပ်မှာပါတဲ့ နောက်ဆုံးပိုဒ် အပိုင်း (၃၃) အထိကို ရောက်ပါပြီ။ စာချုပ်ရဲ့ နောက်ဆုံးအပိုဒ်(၃၃) မှာ အပိုင်းသုံးပိုင်းပါပါတယ်၊ အပိုင်း (၁) စာချုပ်ကို နိုင်ငံတော်ဘက်က ဘယ်သူတွေ လက်မှတ်ရေးထိုးမလဲ။ ဒီကိစ္စက ပြီးပြတ်ပါပြီ။ အပိုင်း(၂) က တိုင်းရင်းသားတွေဘက်က ဘယ် Level (အဆင့်) လက်မှတ်ထိုးမလဲ။ ဆိုလိုတာက ဦးစီးချုပ်၊ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးလို့ အစိုးရဘက်က မှတ်ယူပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ဘက်က ပြီးပြတ်တယ်လို့ ခံယူတယ်။ တိုင်းရင်းသားဘက်မှာတော့ ဒါကို သီးခြားသဘောထားရှိကောင်း ရှိပါလိမ့်မယ်။ နောက်ဆုံး အပိုင်း (၃) က ပြည်တွင်းနဲ့ နိုင်ငံတကာသက်သေများပါ။ အဲ့ဒါကလည်း ကျွန်တော်တို့ ဒီနေ့ ဆွေးနွေးတဲ့နေရာမှာ အားလုံးနီးပါး ဆွေးနွေးတဲ့အတွက် ကျွန်တော်တို့ဘက်ကတော့ အားလုံးပါဝင်ရေးကလွဲရင် သဘောတူညီချက်တစ်ခုရရှိပြီလို့ သတ်မှတ်ပြီးတော့ မနက်ဖြန်မှာ အချောသပ်ဖို့ ကျွန်တော်တို့ဘက်ကတော့ ဆန္ဒရှိနေပါတယ်။

အစိုးရဘက် အပိုဒ် (၃၃)မှာ အားလုံးပါဝင်ရေးကိစ္စကို တိုင်းရင်းသား ဘယ် Level (အဆင့်) ထိုးမယ်ဆိုတာကို သတ်မှတ်တယ်လို့ယူဆပြီး တိုင်းရင်းသားဘက်ကတော့ အားလုံးပါဝင်တယ်လို့ ယူဆတယ်။ ဒီတစ်ခုပဲ ကျွန်တော်တို့ ညှိဖို့တော့ရှိတယ်။ မနက်ဖြန်မှာတော့ အားလုံးပါဝင်ရေးဆိုတဲ့ကိစ္စကို ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။

သမ္မတကြီးက ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့တာ လေးနှစ်ပြည့်ဖို့ ရက်ပိုင်းလိုတယ်။ ညှိစရာကတော့ ကျွန်တော်တို့ဘက်က မကျန်တော့ဘူး။ အားလုံးပါဝင်ရေးသည် စာချုပ်မူကြမ်းကို ညှိတာမဟုတ်ဘဲ စာချုပ်မှာ လက်မှတ်ရေးထိုးတဲ့ အဖွဲ့အစည်းတွေကို ညှိတာဖြစ်လို့ ပြည်ထောင်စုအစိုးရဘက်ကတော့ စာချုပ်မူကြမ်းကို မနက်ဖြန်မှာ အချောသပ်ရင် ပြီးပြီလို့ ယူဆပါတယ်။ ကျွန်တော်တို့ဘက်က လွန်ခဲ့တဲ့ နှစ်နှစ်ကျော် ဆွေးနွေးခဲ့စဉ်ကတည်းက အဖွဲ့ကို မရည်ညွှန်းဘဲ ပါဝင်လက်မှတ်ထိုးမယ့် အဆင့် status လို့ ယူဆထားတယ်လို့ တင်ပြထားပါတယ်။

**နိုင်ငံတော်သမ္မတနဲ့ ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်ပြီး လက်မှတ်ထိုးမှာဖြစ်တဲ့အတွက်** ကျန်တဲ့သူတွေလည်း လက်မှတ်ထိုးပါမယ်လို့ ဝန်ကြီး ဦးအောင်မင်းက ရှင်းပြတဲ့အခါမှာ တိုင်းရင်းသားတွေဘက်က လက်ခံမယ့်အနေအထားရှိပါတယ်။ **တိုင်းရင်းသားတွေဘက်ကတော့ သူတို့နဂိုအဆိုပြုထားတဲ့ သူတို့ရဲ့ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ်၊ စစ်ဦးစီးချုပ် ဒီလို Level တွေ လက်မှတ်ထိုးမယ်ဆိုတာကိုလည်း အစိုးရဘက်က မူအားဖြင့် လက်ခံပြီး**ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ (၂) ပူးဇင်ကျိုး**
**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD)**

(၈)ကြိမ်မြောက် အစည်းဝေးမှာ သဘောတူညီချက်ရခဲ့တာနဲ့ ဆွေးနွေးညှိနှိုင်းခဲ့တာတွေကို ပြန်ပြီးအတည်ပြုချက်ရယူပါတယ်။ ကျွန်တော်တို့ အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့ (SD) အနေနဲ့ ဇူလိုင်လ ၂၆ ရက်နေ့ကနေ ၂၉ ရက်နေ့ကြားမှာ ပြုလုပ်တဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များရဲ့ ထိပ်သီးအစည်းအဝေးမှာ (၈) ကြိမ်မြောက် ဆွေးနွေးပွဲရလဒ်တွေကို တင်ပြအတည်ပြုချက် ရယူခဲ့ပြီးပါပြီ။ (၈) ကြိမ်မြောက်ဆွေးနွေးပွဲမှာ ဆွေးနွေးလို့မပြီးခဲ့တဲ့ စာချုပ်ထဲက အချက်သုံးချက်နဲ့ အပိုဒ် (၃၃) မှာပါတဲ့ ဘယ်သူတွေ လက်မှတ်ထိုးမယ်။ ဘယ်အသိသက်သေ ဘယ်သူတွေပါမယ်။ ဘယ်အဖွဲ့အစည်းတွေပါမယ်ဆိုတဲ့ကိစ္စကို လေးရက်တာကာလအတွင်း ဆွေးနွေးခဲ့ပါတယ်။ UPWC ရဲ့သဘောထားနဲ့ တင်ပြချက်အားလုံးကိုလည်း တင်ပြဆွေးနွေးခဲ့ကြပါတယ်။

ဒီနေ့ (၉)ကြိမ်မြောက် ဆွေးနွေးပွဲမှာ ဒါတွေကို ပြန်ပြီးဆွေးနွေးတာဖြစ်ပါတယ်။ မူကြမ်းမှာပါတဲ့ အချက်သုံးချက်ကို ဒီနေ့ ဆွေးနွေးပြီးပါပြီ။ အဲ့ဒီအချက်သုံးချက်က လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စ၊ လွှတ်တော်မှာ အတည်ပြုချက်ရယူမယ့်ကိစ္စ၊ အကြီးစားစီမံကိန်းတွေ လုပ်ဆောင်ရင် ဒေသခံပြည်သူတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ကြိုတင်ညှိနှိုင်းပြီးတော့မှ ဆောင်ရွက်အကောင်ထည်ဖော်ဖို့ဆိုတဲ့ကိစ္စပါ။ ဇူလိုင် ၂၆-၂၉ မှာလုပ်ခဲ့တဲ့ ထိပ်သီးအစည်းဝေးက ကိစ္စတွေကို ဒီနေ့တင်ပြတာဖြစ်တယ်။ ဒီနေ့ ဒါအားလုံးသဘောတူညီပြီးပြီလို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။

NCA ကို ဘယ်သူတွေလက်မှတ်ထိုးမယ်ဆိုတဲ့ကိစ္စကလည်း ပြေလည်သွားပြီလို့ ပြောလို့ရပါတယ်။ အစိုးရဘက်ကတော့ သမ္မတနဲ့ကာကွယ်ရေးဦးစီးချုပ်ပါ ထိုးမယ်။ တိုင်းရင်းသားဘက်ကလည်း အမြင့်ဆုံး ပုဂ္ဂိုလ်များဖြစ်တဲ့ဥက္ကဋ္ဌတွေ၊ ဒုတိယဥက္ကဋ္ဌတွေ၊ အတွင်းရေးမှူးချုပ်တွေ၊ စစ်ဦးစီးချုပ်တွေလက်မှတ်ထိုးမယ်။ လက်မှတ်ထိုးတဲ့အခါမှာ တစ်ဖွဲ့ကို သုံးဦးစီလောက်ထိုးဖို့ ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ နှစ်ဖက်သဘောတူညီမှုရပြီလို့ ပြောလို့ရပါတယ်။

အသိသက်သေများ ကိစ္စမှာ ပြည်တွင်းအသိသက်သေအနေနဲ့ ဘာမှ ပြဿနာမရှိဘူး။ ကျွန်တော်တို့ အားလုံးသဘောတူညီမှုရတဲ့ အနေအထားမျိုးဖြစ်တယ်။ ပြည်ပသက်သေများအနေနဲ့ (၈)ကြိမ်မြောက် အစည်းအဝေးမှာ သဘောတူထားတဲ့ ကုလသမဂ္ဂ၊ အာဆီယံနဲ့ တရုတ်အဖွဲ့အစည်းနှစ်ဖွဲ့နဲ့ နိုင်ငံတစ်နိုင်ငံကို သဘောတူထားတာရှိတယ်။ (၉)ကြိမ်မြောက်အစည်းအဝေးမှာ အာဆီယံက သူ့ရဲ့မူဝါဒအရ မပါဝင်နိုင်တာ ဖြစ်တယ်။ ကုလသမဂ္ဂနဲ့ တရုတ်ဆက်ပါမယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ ထိုင်းနိုင်ငံက အသိသက်သေအနေနဲ့ ပါဝင်တာဖြစ်ပါတယ်။ တိုင်းရင်းသားဘက်က အသိသက်သေတင်ပြတာကတော့ သုံးနိုင်ငံနဲ့ ကုလသမဂ္ဂအပါအဝင် ကျွန်တော်တို့ တင်သွင်းထားတဲ့ ကျန်တဲ့လေးနိုင်ငံနဲ့ EU ဒီအဖွဲ့တွေကိုလည်း သူတို့ရဲ့ ရှေ့မှောက်မှာ လက်မှတ်ထိုးမယ်ဆိုတဲ့ အနေထားမျိုးနဲ့ တင်ပြတယ်။ အပိုဒ် (၃၃) မှာ ပါတဲ့ ဘယ်သူ၊ ဘယ်အဖွဲ့အစည်းတွေ လက်မှတ်ထိုးမယ်ဆိုတဲ့ ကိစ္စကိုတော့ ကျွန်တော်တို့ မနက်ဖြန်မှ ဆွေးနွေးမှာပါ။ အစိုးရဘက်ကအမြင်နဲ့ ကျွန်တော်တို့ဘက်က အမြင်ကတော့ နည်းနည်းတော့ ကွာဟမှုရှိတယ်။ ဒီကွာဟမှုကို ဘယ်လို ညှိနှိုင်းဆွေးနွေးရယူမယ်ဆိုတာကိုတော့ မနက်ဖြန်မှပဲ ပြောလို့ရပါမယ်။

# အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်က ဂြိုဟ်တုစနစ်သုံး တယ်လီဖုန်းများပေးပို့ကူညီ

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံအနှံ့အပြား သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်ဒေသများ၌ ဆက်သွယ်မှုမပြတ်တောက်စေရေး အထောက်အကူဖြစ်စေရန် အတွက် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်က ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ ယနေ့တွင် ပေးပို့ကူညီခဲ့ကြောင်း သိရသည်။

အဆိုပါပစ္စည်းများကို ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့် ဒေသများတွင် ဆက်သွယ်မှုမပြတ်တောက်စေရေး အထောက်အကူဖြစ်စေရန် ဂြိုဟ်တုတစ်စနစ်သုံး တယ်လီဖုန်းအလုံး ၂၀၊ ဂြိုဟ်တုစနစ်သုံး ဒေတာပေးပို့ဆက်သွယ်နိုင်သည့် Broadband Global Aera Network Terminal သုံးခုနှင့် လက်ပ်တော့ကွန်ပျူတာသုံးလုံးကို ပေးပို့ကူညီသွားမည်ဖြစ်ပြီး ယင်းစက်ပစ္စည်းများအပြင် အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်မှ အရေးပေါ်ဆက်သွယ်ရေးဆိုင်ရာ ဌာနအကြီးအကဲ မစ္စဇီဆာဖက်တိုင်းပါဆဲလ်က လိုအပ်သည့် သင်တန်းများပို့ချပေးခြင်းနှင့် အတွေ့အကြုံများ မျှဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း**(ယာပုံ)** ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**



# သာကေတ မိကျောင်းမွေးမြူရေးစခန်းမှ မိကျောင်းများ လုံခြုံစွာ ထိန်းသိမ်းထားရှိ

**နေပြည်တော် ဩဂုတ် ၆**

သာကေတမြို့နယ် စက်မှုဇုန်ရပ်ကွက် မြခွာညိုလမ်းရှိ သာကေတမိကျောင်းမွေးမြူရေး စခန်းသည် မြန်မာနိုင်ငံ၌ အရွယ်စုံ၊ မိကျောင်းကောင်ရေအများဆုံး မွေးမြူပြသထားသည့် တစ်ခုတည်းသောစခန်းဖြစ်ပြီး စခန်းအတွင်းရှိ မိကျောင်းများကို လုံခြုံစိတ်ချအန္တရာယ်ကင်းအောင် ထိန်းသိမ်းထားရှိသည်။

သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှု ဖြစ်ပွားစဉ်တွင်ပင် မိကျောင်းများ လွတ်ထွက်မှုအန္တရာယ်မရှိစေရေး စိတ်ချရသည့်အကာအရံများဖြင့် စီမံဆောင်ရွက်ထားရှိကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# မရမ်းကုန်းမြို့နယ်၌ ဓားပြမှုကျူးလွန်သည့်အဖွဲ့အား အချိန်တိုအတွင်း ဖမ်းဆီးရမိအရေးယူ

**ရန်ကုန် ဩဂုတ် ၆**

မရမ်းကုန်းမြို့နယ်နေ ကိုကျော်ကျော်သည် ဩဂုတ် ၂ ရက် မွန်းလွဲ ၃ နာရီခန့်က မရမ်းကုန်းမြို့နယ် ကံ့ကော်လမ်းနှင့် ခရေလမ်းထောင့်၌ လမ်းလျှောက်နေစဉ် အင်းစိန်မြို့နယ်နေ ဝင်းဇော်ဦးပါ အမျိုးသား ၁၂ ဦး ခန့်က DD------ Caldina အငှားယာဉ်တစ်စီး၊ ဆိုင်ကယ်ငါးစီးတို့ဖြင့် ရောက်ရှိလာပြီး ငွေကျပ် ၇၀၀၀၀ ကိုဓားဖြင့်ခြောက်လှန့်၍ တောင်းယူသွားခဲ့သဖြင့် ဘုရင့်နောင်နယ်မြေရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ်တိုင်တန်းခဲ့သည်။

အဆိုပါဖြစ်စဉ် သတင်းရရှိသည်နှင့် ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေဖမ်းဆီးခဲ့ရာ ယင်းသို့ပြစ်မှုကျူးလွန်သူများဖြစ်သည့် အင်းစိန်မြို့နယ်နေ ဝင်းဇော်ဦး(၃၂ နှစ်)၊ အောင်မျိုးကျော်(၂၉ နှစ်)၊ ဌေးလွင်(၄၇ နှစ်)၊ မရမ်းကုန်းမြို့နယ်နေ သိန်းစိုး(ခ) သန်းအောင်ထွေး (၃၁ နှစ်)၊ စိန်လှ(၅၇ နှစ်)၊ ဇော်မျိုးလွင်(၃၈ နှစ်)၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နေ အောင်တင်နိုင် (၄၆ နှစ်)၊ နေပြည်တော် ပျဉ်းမနားမြို့နယ်နေ ဧရာလွင်(၂၈ နှစ်)နှင့် ယာဉ်မောင်းဖြစ်သူ လှိုင်မြို့နယ်နေ ရဲမြင့်(ခ)ဟာနစ်(၅၉ နှစ်)တို့ ကိုးဦးကို ဖမ်းဆီးရမိခဲ့ပြီး ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဖမ်းဆီးရမိစဉ် ၎င်းတို့ထံမှ DD----- Caldina အငှားယာဉ်တစ်စီး၊ ဆိုင်ကယ်နှစ်စီး၊ ဓားရှည်တစ်ချောင်း၊ ဓားမြှောင်တစ်ချောင်း၊ ရဲတင်းတစ်လက်၊ သံတုတ်နှစ်ချောင်း၊ ဓားမတစ်ချောင်း၊ လေးခွတစ်လက်၊ ဖန်ဂေါ်လီ၊ ကုန်းသီးများနှင့် နံကျပ်ကူတစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူများမှာ မင်းသိန်း၊ ဗန်ဒိန်း(ခ) ဝင်းထွန်းနှင့် မိုးဇော်တို့ဖြစ်ကြောင်း သိရှိရသဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များနှင့် ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃ ရက် နံနက်ပိုင်းက ထွက်ပြေးတိမ်းရှောင်နေသူ ရွှေပြည်သာမြို့နယ်နေ မင်းသိန်း(၄၀ နှစ်)နှင့် လှိုင်မြို့နယ်နေ ဗန်ဒိန်း(ခ)ဝင်းထွန်း (၄၂ နှစ်)တို့ နှစ်ဦးကို ၎င်းတို့၏ နေအိမ်များမှ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ၁၁ ဦးကို အမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျန်သက်သေခံပစ္စည်းများသိမ်းဆည်းရမိနိုင်ရေးနှင့် ထွက်ပြေးတိမ်းရှောင်နေသူ မိုးဇော်အား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**



ဝင်းထွန်း၊ သန်းအောင်ထွေး၊ အောင်တင်နိုင်၊ စိန်လှ၊ ဇော်မျိုးလွင်၊ ဧရာလွင်၊ အောင်မျိုးကျော်၊ ဌေးလွင်၊ ရဲမြင့်၊ ဝင်းဇော်ဦး၊ မင်းသိန်း။



တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် ရေကြီးရေလျှံမှုများကြောင့် အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားခဲ့ရာ ၎င်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးရုံးများသို့ ဩဂုတ် ၃ ရက်မှစ၍ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ စာရေးကိရိယာများကို မော်တော်ယာဉ်များဖြင့် ပေးပို့စဉ်။

(သတင်း-စာ ၇)၊ (သတင်းစဉ်)

# မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၆**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်အလှူခံဌာန၌ မော်တော်ယာဉ်လုပ်ငန်းထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)နှင့် ယာဉ်လိုင်း (မိသားစု)များက ငွေကျပ် ၅၀၀၀၀၀၀၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် အမ်အာရ်ပရိဒိယ သွန်းဒိဗကုလက အမေရိကန်ဒေါ်လာ ၂၉၀၀ နှင့် ထိုင်းဘတ် ၄၀၂၀၀၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက စုစုပေါင်း လှူဒါန်းငွေကျပ် ၁၅၉၉၆၂၀၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံယူကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အလားတူ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း စေတနာရှင်ပြည်သူများ၏ အလှူငွေကျပ် ၃၉၃၃၃၀၀၀၊ မလေးရှားရင်းဂစ် ၂၀၀ နှင့် အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိပြီး မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၅၉၇၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၄၀၀၀၀နှင့် ကယားပြည်နယ် ဦးစီးမှူးရုံး၌ ငွေကျပ် ၁၄၆၅၀၀၀၊ အလှူပစ္စည်းမျိုးစုံတို့ကို လက်ခံရရှိထားရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၆ ရက်အထိ ရရှိအလှူငွေကျပ် စုစုပေါင်းမှာ ၄၁၇၉၅၀၉၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၉၂၀၊ ထိုင်းဘတ် ၄၀၂၀၀၊ မလေးရှားရင်းဂစ် ၂၀၀၀ တို့ဖြစ်သည်။ အလှူငွေနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ဆက်လက်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# တာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား အလစ်အငိုက်တိုက်ခိုက်ခဲ့သူများကို အချိန်တိုအတွင်းဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၆**

ဇူလိုင် ၂၆ ရက် ညနေ ၅ နာရီခွဲက အင်းစိန်မြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် ချစ်ကိုကိုမောင်သည် ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ရပ်ကွက်အတွင်း ခါးပိုက်နှိုက်မှုများ၊ ခိုးမှုများ၊ လုယက်မှုများ မဖြစ်ပွားစေရေးနှင့် တရားခံပြေးများ ဖမ်းဆီးရမိရေးအတွက် ကမ်းနားအနောက်ရပ်ကွက် အောင်ဇေယျအိမ်ရာလမ်းရှိ လက်ဖက်ရည်ဆိုင်၌ ရောက်ရှိ သတင်းစုံစမ်းနေစဉ် ရဲတပ်ကြပ် ချစ်ကိုကိုမောင်အား အင်းစိန်မြို့နယ်နေ ပြစ်ချက်ဟောင်းရှိသူ ချစ်ကိုက စကေဘာဖြင့် ထိုးခဲ့ပြီး တက်ပု(ခ)သက်အောင်က ဓားရှည်ဖြင့် ခုတ်သဖြင့် ရဲတပ်ကြပ် ချစ်ကိုကိုမောင်၏ ခန္ဓာကိုယ်၌ ဒဏ်ရာများရရှိသွားသောကြောင့် အင်းစိန်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့သည်။

နယ်မြေအတွင်း အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးတို့အတွက် ပြည်သူများနှင့်ပူးပေါင်း၍ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ယခုကဲ့သို့အကြမ်းဖက်၍ ရဲတင်းစွာ ပြစ်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ယင်းနေ့ည ၁၁ နာရီတွင် ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ချစ်ကို(၂၇ နှစ်)နှင့် တက်ပု(ခ)သက်အောင်(၂၀ နှစ်)တို့အား ၎င်းတို့ ပုန်းအောင်းနေသော ရွာမ အနောက်ရပ်ကွက်အတွင်း၌ ၎င်းတို့ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၄ုက်ကြီးတောင်ဓားတစ်ချောင်း၊ သံုးမြှောင့်ချွန် စကေဘာတစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ရဲတပ်ကြပ် ချစ်ကိုကိုမောင်ကို အလစ်အငိုက်တိုက်ခိုက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများအပေါ် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ချစ်ကို(၂၇ နှစ်)နှင့် တက်ပု(ခ)သက်အောင်(၂၀ နှစ်)။


## Global New Light of Myanmar seeks experienced journalists

The Global New Light of Myanmar, the country's longest-running English-language newspaper, is looking for experienced journalists to join its expanding editorial team.

The GNLM currently has opening for copy editors and reporters at its newsroom in Yangon.

Copy editors must have English as a native language, excellent writing and proofreading skills, and ideally an extensive background in print or online media. Experience in newspaper layout and design is a major plus.

Reporters must be fluent in Myanmar and capable of filing clear, concise news copy in English. Experience writing for English-language print or online media is an advantage.

Applicants should send a cover letter and CV to Maung Maung Than at mnmnthn2@gmail.com or phone 09-5088924 for further information.



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၄၉၉၄ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၉/မဟမ(နိုင်)၀၀၈၁၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၅/၉၀၇၀ Traulergi (F/T) လယ်ယာသုံးထရပ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရီ ၁၀/မလမ(နိုင်)၀၄၆၀၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဩဂုတ် ၁၂ ရက် (ဗုဒ္ဓဟူး နေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၂၉ ရှိ UMFCCI Office Tower (မင်္ဂလာခန်းမ)၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များထံ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားပါသည်။

## ကန့်ကွက်နိုင်ပါသည်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ နန္ဒဝန်(ပွေးတောင်)၊ ကွင်းအမှတ် (၆/၃)၊ ဦးပိုင်အမှတ်(၄၄)၊ မြေယာအမှတ် (၄၄)၊ ဧရိယာ ဝဒသမ၂၂၂ဧကရှိ မြေကွက်ကို ဒေါ်ချိုမာနွယ် ၁၃/နခတ(နိုင်)၀၀၁၄၀၃ အမည်ဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက မြေငှားဂရန်လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်သီတာထူးကြွယ်** | **ဦးပေါ်ဦး** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၀၄)** |
| **စဉ်-၄၁၈၈၆** | **အမှတ် (၁၈၅/ခ)၊ ယူဂိုဆလပ်၊** |
| **အမှတ် ၂၂၈၊ နန္ဒဝန်၊ ပြင်ဦးလွင်မြို့** | **ချယ်ရီလမ်း၊ ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့** |

## သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ထိရောက်စွာဆောင်ရွက်နိုင်ဖို့ အိုင်တီယူအနေနဲ့ ကူညီဆောင်ရွက်ပေးနေ

အင်တာဗျူး-သူရဇော်
ဓာတ်ပုံ-ရွှေကိုလေး(သတင်းစဉ်)

**အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်က မြန်မာနိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် ဒေသများတွင် ဆက်သွယ်မှုမပြတ်တောက်စေရေး အထောက်အကူဖြစ်စေရန်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့ကူညီခဲ့ကြောင်း သိရသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ယခုလို မေးမြန်းခဲ့သည်-**

**မစ္စ ဓီဆာဖက်တိုင်းပါဆဲလ်**
**အရေးပေါ်ဆက်သွယ်ရေးဆိုင်ရာ ဌာနအကြီးအကဲ**
**အပြည်ပြည်ဆိုင်ရာကြေးနန်း ဆက်သွယ်ရေးအဖွဲ့ချုပ်**



၂၀၁၄ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ အရေးပေါ် ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှု ညီလာခံမှာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနဲ့ ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးသတိပေးစနစ်နဲ့ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ တယ်လီကွန်းနဲ့ အိုင်စီတီနည်းပညာများကို အသုံးပြုပြီး ဆောင်ရွက်ပေးနိုင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်နဲ့အညီ အိုင်တီယူရဲ့ အဖွဲ့ဝင်နိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခံစားရပြီဆိုရင် ပံ့ပိုးကူညီမှုတွေပေးဖို့ အိုင်တီယူကို တောင်းဆိုလာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ ဂြိုဟ်တုဆက်သွယ်ရေးဖုန်းတွေ အပါအဝင် ဆက်သွယ်ရေးပစ္စည်းတွေ ပေးပို့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ အိုင်တီယူအနေနဲ့ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါတယ်။

အခုမြန်မာနိုင်ငံမှာ တွေ့ကြုံခံစားနေရတဲ့ ရေကြီးရေလျှံမှုတွေ၊ မြေပြိုမှုတွေနဲ့ပတ်သက်ပြီး အိုင်တီယူက အကူအညီပေးဖို့ မြန်မာနိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာနက အကူအညီတောင်းခံတဲ့အတွက် ယခုလို ဆက်သွယ်ရေးပစ္စည်းတွေကို ပံ့ပိုးပေးခြင်းဖြစ်ပါတယ်။ ဒီပစ္စည်းတွေကို အသုံးပြုပြီး ရေကြီးရေလျှံမှုတွေ၊ မြေပြိုမှုတွေနဲ့ ကြုံတွေ့နေရတဲ့ ဒေသခံပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဆက်သွယ်ကူညီထောက်ပံ့ပေးနိုင်မယ့်အပြင် သတင်းအချက်အလက်များကိုပါ အချိန်နဲ့တစ်ပြေးညီသိရှိနိုင်မှာ ဖြစ်ပါတယ်။

အခု ကျွန်မနဲ့အတူ သယ်ဆောင်လာတဲ့ ဆက်သွယ်ရေးပစ္စည်းတွေ အသုံးပြုပုံကို သင်တန်းပို့ချပေးသွားမှာ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေက ပုံမှန် ဆက်သွယ်ရေးကွန်ရက်နဲ့ မိုဘိုင်းဆက်သွယ်ရေးတွေ မရရှိတဲ့ ဒေသတွေမှာလည်း ဆက်သွယ်အသုံးပြုနိုင်ပါတယ်။ ဒါ့အပြင် ကျွန်မအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ တွေ့ဆုံပြီး အရေးပေါ်ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီး အိုင်တီယူက ဆောင်ရွက်နေတဲ့ အတွေ့အကြုံတွေကို မျှဝေဆွေးနွေးသွားဖို့ ရှိပါတယ်။

ဒီလိုမျှဝေရာမှာ အိုင်တီယူအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အမျိုးသားအဆင့် အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းစီမံချက်တွေ ရေးဆွဲနိုင်ဖို့ မူဝါဒချမှတ်နိုင်ရေးကို ကူညီဆောင်ရွက်ပေးနေမှုတွေကို ရှင်းပြသွားမှာဖြစ်ပါတယ်။ ယခုလာရောက်ကူညီခြင်းဟာ လတ်တလော သဘာဝဘေးအန္တရာယ် ခံစားနေရချိန်အတွင်းမှာ အသုံးပြုဖို့ ကူညီခြင်းဖြစ်ပြီး ရေရှည်အနေနဲ့ အရေးပေါ်ဆက်သွယ်ရေးလုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်သွားနိုင်အောင် ကူညီပေးသွားမှာဖြစ်ပါတယ်။




**အပြည်ပြည်ဆိုင်ရာကြေးနန်း ဆက်သွယ်ရေးအဖွဲ့ချုပ်မှ ကူညီပံ့ပိုးပစ္စည်းများ**

**ဦးခင်မောင်သက်**
**အမြဲတမ်းအတွင်းဝန်**
**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**



အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)က သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ဒေသတွေမှာ ဆက်သွယ်မှုအဆင်ပြေစေဖို့ ဆက်သွယ်ရေးပစ္စည်းတွေကို အကူအညီပေးတာဖြစ်ပါတယ်။ ဒီစက်ပစ္စည်းတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီးတော့ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကနေ သဘာဝဘေးအန္တရာယ် ကျရောက်နေတဲ့နေရာဒေသတွေကို ဆက်လက်ခွဲဝေပေးပို့ပေးသွားမှာ ဖြစ်ပါတယ်။

စက်ပစ္စည်းတွေ ကိုင်တွယ်အသုံးပြုပုံကိုလည်း ITU က ကျွမ်းကျင်ပညာရှင် မစ္စ ဓီဆာဖက်တိုင်းပါဆဲလ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဝန်ထမ်းတွေကို သင်တန်းပေးနေပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ဒေသတွေမှာ စက်ပစ္စည်းတွေ ကိုင်တွယ်အသုံးပြုပုံနဲ့ ဆက်သွယ်ပုံကို ဝန်ထမ်းတွေက ကူညီဆောင်ရွက်နိုင်အောင် ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အပြည်ပြည်ဆိုင်ရာကြေးနန်း ဆက်သွယ်ရေးအဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံထဲက အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပါတယ်။ ITUအနေနဲ့ အဖွဲ့ဝင်နိုင်ငံတွေမှာ အကြောင်းအမျိုးမျိုးကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီဆိုရင် ဆက်သွယ်မှု အခက်အခဲမရှိအောင် အခုလိုမျိုး ကူညီပေးပါတယ်။

# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန နေ့စဉ် မြစ်ရေခန့်မှန်းချက်

၆-၈-၂၀၁၅

| မြစ် | စခန်းအမည် | စိုးရိမ်ရေမှတ် သုညမျက်နှာပြင်အထက် (စင်တီမီတာ) | (၀၆း၃၀) နာရီရှိ မြစ်ရေမှတ် စင်တီမီတာ | ၂၄ နာရီအတွင်း ရေမျက်နှာပြင် ပြောင်းလဲမှု (စင်တီမီတာ) | နောက် ၂၄ နာရီ ခန့်မှန်းချက် (စင်တီမီတာ) | စိုးရိမ်ရေမှတ်သို့ ရောက်ရှိမှုအခြေအနေ |
|---|---|---|---|---|---|---|
| **ဧရာဝတီမြစ်** | ၁။ မြစ်ကြီးနား | ၁၂၀၀ | ၅၅၁ | +၁၁၃ | ၅၀၁ | |
| | ၂။ ဗန်းမော် | ၁၁၅၀ | ၆၅၈ | +၃၈ | ၇၀၈ | |
| | ၃။ ကသာ | ၁၀၄၀ | ၆၀၉ | +၂ | ၆၄၉ | |
| | ၄။ မန္တလေး | ၁၂၆၀ | ၁၀၀၄ | -၄၇ | ၉၅၉ | |
| | ၅။ စစ်ကိုင်း | ၁၁၅၀ | ၉၄၃ | -၅၅ | ၈၉၈ | |
| | ၆။ ပခုက္ကူ | ၂၁၅၀ | ၂၁၇၈* | -၃၀ | ၂၁၂၈ | နောက် ၁၂ နာရီအတွင်း ကျဆင်းနိုင်ပါသည်။ |
| | ၇။ ညောင်ဦး | ၂၁၂၀ | ၂၂၁၉* | -၃၄ | ၂၁၆၉* | နောက် နှစ်ရက်အတွင်း ကျဆင်းနိုင်ပါသည်။ |
| | ၈။ ချောက် | ၁၄၅၀ | ၁၄၃၅ | -၂၁ | ၁၃၉၀ | |
| | ၉။ မင်းဘူး | ၁၇၀၀ | ၁၇၈၅* | -၂ | ၁၇၅၀* | နောက်သုံးရက်အတွင်း ကျဆင်းနိုင်ပါသည်။ |
| | ၁၀။ မကွေး | ၁၇၀၀ | ၁၇၇၂* | -၁ | ၁၇၃၇* | နောက်သုံးရက်အတွင်း ကျဆင်းနိုင်ပါသည်။ |
| | ၁၁။ အောင်လံ | ၂၅၅၀ | ၂၆၃၅* | +၁၀ | ၂၆၁၇* | နောက်သုံးရက်အတွင်း ကျဆင်းနိုင်ပါသည်။ |
| | ၁၂။ ပြည် | ၂၉၀၀ | ၂၉၆၇* | +၉ | ၂၉၆၀* | နောက်သုံးရက်အတွင်း ကျဆင်းနိုင်ပါသည်။ |
| | ၁၃။ ဆိပ်သာ | ၁၂၀၀ | ၁၂၇၈* | +၁၂ | ၁၂၈၀* | နောက်သုံးရက်အတွင်း ဆက်လက်တည်ရှိနိုင်ပါသည်။ |
| | ၁၄။ ဟင်္သာတ | ၁၃၄၂ | ၁၄၄၉* | +၂ | ၁၄၅၁* | နောက်သုံးရက်အတွင်း ဆက်လက်တည်ရှိနိုင်ပါသည်။ |
| | ၁၅။ ဇလွန် | ၁၁၆၀ | ၁၂၆၀* | +၃ | ၁၂၆၂* | နောက်သုံးရက်အတွင်း ဆက်လက်တည်ရှိနိုင်ပါသည်။ |
| **ဒုဋ္ဌဝတီမြစ်** | ၁။ သီပေါ | ၆၀၀ | ၂၈၂ | -၁၀ | ၂၈၇ | |
| | ၂။ မြစ်ငယ် | ၈၇၀ | ၇၅၂ | -၃၁ | ၇၁၅ | |
| **ချင်းတွင်းမြစ်** | ၁။ ခန္တီး | ၁၃၆၀ | ၅၃၅ | +၁၆ | ၅၂၅ | |
| | ၂။ ဟုမ္မလင်း | ၂၉၀၀ | ၂၅၀၆ | +၅ | ၂၅၁၁ | |
| | ၃။ မော်လိုက် | ၁၂၃၀ | ၉၂၀ | -၂၁၂ | ၈၆၀ | |
| | ၄။ ကလေးဝ | ၁၅၅၀ | ၁၄၅၄ | -၂၁၆ | ၁၃၀၄ | |
| | ၅။ မုံရွာ | ၁၀၀၀ | ၁၀၄၈* | -၄၇ | ၉၇၈ | နောက်တစ်ရက်အတွင်း ကျဆင်းနိုင်ပါသည်။ |
| **စစ်တောင်းမြစ်** | ၁။ တောင်ငူ | ၆၀၀ | ၄၁၈ | -၄၀ | ၃၉၈ | |
| | ၂။ မဒေါက် | ၁၀၇၀ | ၁၁၅၅* | -၁၁ | ၁၁၄၀* | နောက်သုံးရက်အတွင်း ဆက်လက်တည်ရှိနိုင်ပါသည်။ |
| **ရွှေကျင်မြစ်** | ၁။ ရွှေကျင် | ၇၀၀ | ၆၉၂ | -၉ | ၆၇၇ | |
| **ပဲခူးမြစ်** | ၁။ ဇောင်းတူ | ၉၀၀ | ၃၇၇ | -၂၄ | ၃၄၇ | |
| | ၂။ ပဲခူး | ၉၁၀ | ၈၁၁ | -၄၅ | ၇၈၁ | |
| **သံလွင်မြစ်** | ၁။ ဘားအံ | ၇၅၀ | ၇၇၄* | -၉ | ၇၅၉* | နောက်နှစ်ရက်အတွင်း ကျဆင်းနိုင်ပါသည်။ |
| **ငဝန်မြစ်** | ၁။ ငါးသိုင်းချောင်း | ၁၁၃၀ | ၁၂၃၇* | +၅ | ၁၂၃၉* | နောက်သုံးရက်အတွင်း ဆက်လက်တည်ရှိနိုင်ပါသည်။ |
| | ၂။ ပုသိမ် | ၃၅၀ | ၃၅၀ | ၀ | ၃၄၀ | |

**မှတ်ချက်။ " * " စိုးရိမ်ရေမှတ်နှင့်အထက်ရောက်ရှိနေသော စခန်းများ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၆**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

# ငမိုးရိပ်ရေလှောင်တမံ ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ဧကပေ ၁၈၀၀၀၀၊ လက်ရှိရေလှောင်ပမာဏမှာ ဧကပေ ၁၈၁၆၀၀ ဖြစ်ပြီး ရေလှောင်တမံ၏ အမြင့်မှာ ပေ ၁၂၀၊ ကန်ရေပြည့်ရေအမှတ်မှာ ၁၀၇ ပေနှင့် လက်ရှိရေအမှတ်မှာ ၁၀၇ ဒသမ ၂ ပေဖြစ်၍ ရေပိုလွှဲမှ ၀ ဒသမ ၂ ပေ ရေထုတ်လွှတ်လျက်ရှိသည်။ ရေလှောင်ပမာဏနှင့် ဆည်တာတမံကြံ့ခိုင်မှုအတွက် ရေကင်းများချထားပြီး စောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေလှောင်တမံမှာ ခိုင်ခံ့ကောင်းမွန်မှုရှိကြောင်း သိရသည်။

ငမိုးရိပ်ရေလှောင်တမံတွင် သတ်မှတ်ရေလှောင်ပမာဏထက်ပိုမိုပါက ရေပိုလွှဲမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ ရေထုတ်လွှတ်ခဲ့ရာ ဒီရေတက်မှုနှင့် တိုက်ဆိုင်ချိန်များတွင် ချောင်းတစ်လျှောက်၌ ရေလျှံမှုများဖြစ်ပေါ်လေ့ရှိသော်လည်း လက်ရှိအခြေအနေတွင် စိုးရိမ်ဖွယ်ရာမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှု မရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၆၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၁. ၀၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၆၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၉၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၅၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၃၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၁၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၃၀' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၂၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၃၀' |
| ၁၁။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၀၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၁၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၇၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၁၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၂၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၅၅' |
| ၁၉။ | မဒင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၃၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၃။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၃၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၆။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၇၀' |
| ၂၇။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၉. ၂၀' |
| ၂၈။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၂၉။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၉. ၉၀' |
| ၃၀။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၀. ၂၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၄၀' |
| ၃၃။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၁၀' |
| ၃၄။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၂၅' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၆။ | ဘန့်ဘွေးကုန်း ရေလှောင်တမံ | ၁၇၃၅ | ၀. ၉၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၁၆၄ | ၀. ၇၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၄၀' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၀. ၃၀' |
| ၄၀။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၀. ၁၀' |
| ၄၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၆၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ(ဧကပေ) | လက်ရှိ ရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၆၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၈ | ၁. ၅၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၇၂၉ | ၂၅. ၉၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၈၂၀ | ၂၇. ၆၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၂၄၉၂၄ | ၆. ၂၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၈ | ၆. ၆၁' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၅၁၈ | ၉. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၂၅၃ | ၂၀. ၃၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၁၃၂ | ၅. ၀၅' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၁၂၈၂ | ၃. ၀၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၈၆၈၀၆ | ၀. ၈၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၆၉၃၀၂ | ၃၄. ၇၅' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၁၃၈၉ | ၁၃. ၀၀' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၉၆၉ | ၂၁. ၆၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၇၈၀၀ | ၁၂. ၂၅' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၁၂၂၀ | ၄. ၄၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၁၆၁၆ | ၈၉. ၃၉' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၀၃၉၈ | ၆၀. ၂၀' |

(သတင်းစဉ်)

### ❊ ကျောက်ဖုံးမှ

ပြည်သူများ၊ လုပ်အားပေးရောက်ရှိနေသော ကုမ္ပဏီဝန်ထမ်းတို့ဖြင့် ရေထိန်းတံခါး၏ ဘယ်/ညာတာရိုးပေါင်နှင့် တာရိုးအောက်ခြေတို့ကို သဲအိတ်များဖို့လျက် စည်ကားနေသည်။

"ဒီတာကို ပန်တိုင်ဒေါင့်ကြီးတာအမှတ်(၂)လို့လည်း ခေါ်ပါတယ်။ ကြိုတင်ကာကွယ်တဲ့အနေနဲ့ (၄) ရက်နေ့က အင်အားဖြည့်လုပ်ဆောင်တဲ့အတွက် တာပေါင်ကနေအမြင့်သုံးပေကျော် သဲအိတ်တွေချထားပြီးပါပြီ။ မြစ်နံဘေးတာတစ်လျှောက်မှာ ဒီနေရာကနည်းနည်းနိမ့်တဲ့အတွက် စိုးရိမ်စရာမရှိအောင် ကြိုတင်ကာကွယ်ထားတာပါ။ တာကကြံ့ခိုင်မှုရှိနေပါပြီ။ အချိန်ပြည့်လည်း စောင့်ကြည့်နေပါတယ်။ ဒီတာကိုကာကွယ်နိုင်တဲ့အကျိုးဆက်က တက်သစ်ကျွန်းမှာရှိတဲ့ လယ်ဧကတစ်သိန်းကျော်နဲ့ ကျေးရွာတွေ၊ ငါးကန်တွေ၊ ထန်းတပင်မြို့နယ်နဲ့ လှိုင်သာယာစက်မှုဇုန်တို့ကို သဘာဝဘေး အန္တရာယ်ကနေ ကာကွယ်ပေးထားနိုင်တာပါ။ ဧရာဝတီမြစ်ရေထိုးဆင်းတဲ့အချိန် ပင်လယ်ဒီရေတက်ကြမ်းတဲ့အချိန်မှာ မိုးရွာမှုနဲ့ကြုံခဲ့ရင် တာပေါင်ပေါ် ရေမကျော်အောင် ရေတံခါးကြံ့ခိုင်မှုရှိအောင် စီမံဆောင်ရွက်ထားပါတယ်။ ကောလာဟလတွေကိုမယုံဘဲ မြို့ခံပြည်သူတွေ ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာ အင်တာနက်မှာကြည့်ရင် သိနိုင်ပါတယ်"ဟု ထန်းတပင်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးမျိုးဝင်းသန်းကပြောသည်။

# ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

၂၀၁၅ ခုနှစ် ဩဂုတ် ၆ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း | | | | | မိုးစပါးစုဆောင်းပြီး | | မိုးစပါးဖြန့်ဖြူးပြီး | |
|---|---|---|---|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | - | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၀၀၀၈ | ၂၈၄၅၆ | ၁၂၂၄၈ | ၉၇၆၄ | ၁၇ | ၁၇၅၀ | ၁၅၅၂ | - | ၁၃၈၀ |
| ၃။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၃၂ | ၅၉၆ | ၅၆ | - | ၅၀၀ | - | - | - |
| ၄။ | ချင်းပြည်နယ် | ၂၃၂၀ | ၂၀၆၃ | ၂၁၂၀ | ၈၆၇ | - | - | - | - | - |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၅၉၂၅ | ၁၃၀၇၀၈ | ၁၀၉၆၂၉ | ၅၄၁၁၁ | ၁၅၅၂ | ၄၀၈၅၀ | - | ၄၀၈၅၀ | - |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ၃၄၅၁၈၄ | ၁၂၅၉၄၅ | ၁၃၅၅၃ | ၅၄၀၇ | - | ၂၂၉၇၅ | ၇၀၀၀၀ | - | - |
| ၇။ | မကွေးတိုင်းဒေသကြီး | ၈၉၃၈၀ | ၆၄၅၄၇ | ၈၆၈၄၁ | ၁၀၀၀၅ | - | ၇၅၀၀ | - | - | - |
| ၈။ | မန္တလေးတိုင်းဒေသကြီး | ၃၄၉၃ | ၃၃၅၈ | ၁၀၁ | ၉ | - | ၁၈၆၅၀ | - | ၁၈၆၅၀ | - |
| ၉။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၂၉၂၈ | ၃၁၆ | - | - | ၁၆၃၂၀ | - | - | - |
| ၁၀။ | ရခိုင်ပြည်နယ် | ၂၉၀၂၁၉ | ၂၅၂၁၇၆ | ၂၇၃၁၅၄ | ၁၀၇၆၄၁ | ၇၂၅ | ၁၄၅၅၀ | - | ၁၅၀၀ | - |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | ၆၃၁၉၉ | ၂၄၂၀၈ | ၁၁၃၂၁ | ၁၁၅ | - | ၅၅၀၀ | - | - | - |
| ၁၂။ | ရှမ်းပြည်နယ် | ၁၁၁၆၁ | ၉၃၅၇ | ၁၅၅၆ | ၄၄၀ | ၇၄ | ၁၄၁၈၂ | ၁၀၂၆၃ | - | - |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၉၆၈၉ | ၇၂၅၅၇ | ၅၇၄၃၉ | ၄၃၉၁၅ | - | ၃၀၁၀၀ | - | - | - |
| | **စုစုပေါင်း** | **၁၂၁၅၇၇၃** | **၇၂၇၄၅၈** | **၅၆၈၈၇၄** | **၂၃၂၃၀** | **၂၃၆၈** | **၁၇၂၈၇၇** | **၈၁၈၁၅** | **၆၁၀၀၀** | **၁၃၈၀** |

မြို့နယ်နှစ်ခုနှင့် ကျေးရွာများအတွက် အရေးကြီးသော ပန်တိုင်(၂) ရေတံခါးအား ရေကင်းတစ်ဖွဲ့လျှင် ၃၀ ဖြင့် စောင့်ကြပ်လျက်ရှိပြီး မြစ်နံဘေးတာပေါင်ရှိ ရေတံခါးများကိုလည်း တစ်ဖွဲ့လျှင် ၂၀ ဖြင့် စောင့်ကြည့်လျက်ရှိကြောင်းနှင့် ကောလာဟလသတင်းများဖြင့် ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေရန် မမှန်သတင်းများ ထွက်ပေါ်တတ်သည့်အတွက် တာဝန်ရှိသူများကြိုတင်ကာကွယ်မှုတို့ကို မျက်ခြည်မပြတ်ဆောင်ရွက်နေသောကြောင့် အရေးပေါ် ကြုံခဲ့လျှင် ကြိုတင်အသိပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

"ယနေ့ ရေအမှတ်က ၁၉ ဒသမ ၂ ပေ ရှိပါတယ်။ အရင်ရက်တွေက ၁၉ ဒသမ ၃ပေအထိတက်ခဲ့ပြီးတော့ စိုးရိမ်ရေအမှတ်က ၁၉ ဒသမ ၅ ပေ သတ်မှတ်ထားပါတယ်။ အခုလိုသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကို အားလုံးပူးပေါင်းဆောင်ရွက်ခွင့်ရတာဟာ မှတ်တိုင်တစ်ခုအဖြစ် ရင်ထဲမှာရှိနေကြမှာပါ။ ဒီရေတံခါးကို ထိန်းနိုင်တဲ့အတွက် ထန်းတပင်၊ လှိုင်သာယာနဲ့ ရန်ကုန်မြို့ရဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကို ထိန်းပြီးသားဖြစ်သွားပါပြီ။ အရေးပေါ်ကြုံခဲ့ရင်လည်း တာဝန်ရှိသူတွေက ကြိုတင်အသိပေးဆောင်ရွက်မှာပါ။ စိတ်ပူစရာမရှိတော့ပါဘူး။ ကျွန်တော်တို့ဘက်ကလည်း ရေအနေအထားကို မပြတ်စောင့်ကြည့်နေပါတယ်"ဟု ထန်းတပင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာနမှ ဦးခင်မောင်ထွေကပြောသည်။

သဲအိတ်များ အစီအရီတင်ထားမှုကြောင့် စိုးရိမ်ရေမှတ်အဖြစ် သတ်မှတ်ထားသော ၁၉ ဒသမ ၅ ပေ အထက် လေးပေခန့်အထိ မြစ်ရေဝင်ရောက်မှုကို တားဆီးနိုင်ပြီဖြစ်သည်။ လှိုင်သာယာ မီးသတ်ဦးစီးမှူးနှင့် ထန်းတပင်မြို့နယ် လက်ထောက်မီးသတ်ဦးစီးမှူးတို့က တာပေါင်နှင့် တာအောက်ခြေ ခိုင်ခံ့ခန့်မှုရှိစေရန် ကြီးကြပ်လျက်ရှိပြီး ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှအလှူရှင်များ၏ စေတနာဖြင့် ချက်ပြုတ်ထားသော ကြက်ပဲကုလားဟင်း၊ တို့စရာနှင့်ငါးပိရည်တင်ဆောင်လာသော ထော်လာဂျီယာဥ် မွန်းလွဲပိုင်းတွင် ရောက်ရှိလာသောအခါ ခေတ္တလုပ်ငန်းခွင်ရပ်နား၍ စားသောက်ကြကာ တစ်ဖွဲ့နားတစ်ဖွဲ့စားစနစ်ဖြင့် ပန်တိုင်ရေတံခါး(၂)တာပေါင်များကြံ့ခိုင်ရေးကိုသဘာဝဘေးအန္တရာယ်မကျရောက်စေရန် မြို့နယ်နှစ်ခုရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ခံပြည်သူနှင့် ဌာနဆိုင်ရာများလက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

### ❊ ကျောက်ဖုံးမှ

ယခုရောက်ရှိသော ကယ်ဆယ်ရေးပစ္စည်းများမှာ ဆန်အိတ် ၁၈၀၊ ဆေးပစ္စည်းနှစ်မျိုး ၅၉ ဖာနှင့် ခေါက်ဆွဲခြောက် ၃၅ ဖာတို့ ဖြစ်ကြောင်း သိရသည်။ ယနေ့ ပထမအကြိမ်လာရောက်ခြင်းဖြစ်ပြီး ထပ်မံလာရောက်မည်ဖြစ်ကြောင်း သိရသည်။ **နေစု(ကလေး)**

သစ်တောသစ်ပင်
တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ မစ္စရန်ဟီလီက အခြေခံမဲစာရင်းအမှားများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများရှိ မဲဆန္ဒရှင်များ မဲစာရင်းကြည့်ရှု ပြင်ဆင်ရန် အခက်အခဲနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ၎င်းဒေသများအား ရွေးကောက်ပွဲ ရွှေ့ဆိုင်းရန် ရှိ မရှိ၊ နယ်မြေအေးချမ်းမှုမရှိသောဒေသများတွင် ရွေးကောက်ပွဲ ကျင်းပနိုင်မည့် အခြေအနေ၊ ကြိုတင်မဲပေးခြင်းကိစ္စ၊ စစ်ဘေးရှောင်စခန်းများရှိ မဲဆန္ဒရှင်များ မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ တပ်ဧရိယာအတွင်းရှိ မဲရုံများသို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဝင်ရောက် ကြည့်ရှုခွင့် ရှိ မရှိ၊ ယာယီသက်သေခံလက်မှတ်များ သိမ်းဆည်းပြီးနောက် ထုတ်ပေးသည့် အစိမ်းရောင်ကတ် ကိုင်ဆောင်ထားသူများအနေဖြင့် ဆန္ဒမဲပေးခွင့် ရှိ မရှိတို့ကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းနှင့်စပ်လျဉ်း၍ အခြေခံ မဲဆန္ဒရှင်စာရင်းကို ၂၀၁၅ ခုနှစ် နှစ်စပိုင်းမှ စတင်၍ လေးကြိမ် ကပ်ထားကြေညာခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းမှန်ကန်ရေးအတွက်ဆောင်ရွက်နေပြီး အခြေခံ မဲစာရင်းများ ရှိထားပြီးဖြစ်ကြောင်း၊ မဲစာရင်းမှား ရုံဖြင့် မဲပေးခွင့်မဆုံးရှုံးကြောင်း၊ မဲပေးခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့် ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ) တွင် အတိအလင်း ပြဋ္ဌာန်းထားပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသော်လည်း ယခုဖြစ်စဉ်မှာ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်နှင့် ရက်ပေါင်း ၉၀ ခန့် ဝေးကွာသေးသဖြင့် ရွေးကောက်ပွဲရွှေ့ဆိုင်းရန် အကြောင်း မရှိပါကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းတွင် ပါရှိသည့် မဲဆန္ဒရှင်များအား မဲဆန္ဒရှင်သက်သေခံလက်မှတ်များထုတ်ပေးရန် ဆောင်ရွက်ထားသဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းပျောက်ဆုံးသော်လည်း မဲဆန္ဒရှင် သက်သေခံ လက်မှတ်ဖြင့် မဲပေးနိုင်အောင်ဆောင်ရွက်ထားကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒနယ်မြေများ သတ်မှတ်ကြေညာထားပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နယ်မြေလုံခြုံရေး အခြေအနေအရ လွတ်လပ်မျှတသော ရွေးကောက်ပွဲကျင်းပရန်မဖြစ်နိုင်ပါက ရွှေ့ဆိုင်းနိုင်သည်ဟုပြဋ္ဌာန်းထားပါကြောင်း၊ လုံခြုံရေးအရ မဲဆန္ဒနယ် တစ်ခုလုံးအား ရွှေ့ဆိုင်းခြင်းမပြုဘဲ မဲဆန္ဒနယ်တစ်နယ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ကျင်းပပေးပြီး လူထုကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြိုတင်မဲနှင့်ပတ်သက်၍ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်မဲဆန္ဒရှင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် ဆေးရုံတက်၊ သင်တန်းတက်များအနေဖြင့် ကြိုတင်ဆန္ဒမဲပေးလိုပါက ပုံစံ (၁၅) ဖြင့် တောင်းခံရမည်ဖြစ်ကြောင်း၊ ကြိုတင်မဲပေးသူစာရင်းကို ပြုစုပြီး သက်ဆိုင်ရာမဲရုံများတွင် ကြေညာထားမည်ဖြစ်ကြောင်း၊ မဲရုံပိတ်ချိန် ညနေ ၄ နာရီတွင် ကြိုတင်ဆန္ဒမဲလက်မှတ်များအား ရေတွက်ပြီး ညနေ ၄ နာရီ နောက်ပိုင်းရောက်ရှိသော ကြိုတင်ဆန္ဒမဲများအား ရေတွက်ခြင်းမပြုဘဲ ပယ်မဲအဖြစ် သတ်မှတ်ရန် နည်းဥပဒေတွင် ပြင်ဆင်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ စစ်ဘေးရှောင်စခန်းရှိ မဲဆန္ဒရှင်များ မဲပေးနိုင်ရေးနှင့် စပ်လျဉ်း၍ စခန်းရှိစာရင်းများတွင် မူလနေထိုင်ရာ ဒေသစာရင်းများရှိပါကြောင်း၊ ၎င်းဒေသများ အလိုက် အုပ်စုခွဲ၍ သက်ဆိုင်ရာကိုယ်စားလှယ်များအား မဲပေးနိုင်ရေးဆောင်ရွက်နိုင်ပါကြောင်း၊ သို့မဟုတ် ၎င်းတို့အနေဖြင့် ရက်ပေါင်း ၁၈၀ ကျော်လွန်နေထိုင်ပါက ပုံစံ (၃-က) ဖြင့် လျှောက်ထားပြီး ရောက်ရှိဒေသမှ ကိုယ်စားလှယ်အားလည်း မဲပေးရွေးချယ်နိုင်ပါကြောင်း၊ ၎င်းနှစ်ချက်အနက် မဲဆန္ဒရှင်၏ဆန္ဒအတိုင်း ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊ တပ်ဧရိယာ အတွင်းရှိ မဲရုံများသို့ ရွေးကောက်ပွဲကိုယ် စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ မီဒီယာများကို ဝင်ခွင့်ပြုရန်နှင့် ခွင့်မပြုနိုင်ပါက တပ်ဧရိယာပြင်ပတွင် မဲရုံဆောက်လုပ်ရန် တပ်မတော်နှင့်ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ ဥပဒေအရ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ ကိုသာမဲပေးခွင့်ပြုထားပါကြောင်း၊ ယခုထုတ်ပေးထားသော အစိမ်းရောင်ကတ်မှာလည်း မဲပေးခွင့်ပြုခြင်း၊ မပြုခြင်းကို ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမရှိ၍ မဲပေးခွင့်ပြု၍ မရကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေအရသာဆောင်ရွက်ခွင့်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အိန္ဒိယနိုင်ငံမှ ထောက်ပံ့ရေးလေယာဉ်နှစ်စင်း မန္တလေးသို့ရောက်ရှိ

**မန္တလေး ဩဂုတ် ၆**

မြန်မာနိုင်ငံရေဘေး သင့်ပြည်သူများအား လှူဒါန်းရန် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ထွက်ခွာလာသော ထောက်ပံ့ရေးလေယာဉ်နှစ်စင်းသည် ဆန်၊ ခေါက်ခွဲခြောက်နှင့် ဆေးဝါးပစ္စည်းမျိုးစုံ တင်ဆောင်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) နှင့် ကလေးလေဆိပ်များသို့ ယနေ့တွင် ရောက်ရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ လေကြောင်းဖြင့် ပေးပို့ထောက်ပံ့လှူဒါန်းမှုအဖြစ် အိန္ဒိယနိုင်ငံမှ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်ပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စီ-၁၇ လေယာဉ်ဖြင့် ည ၇ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်သည်။

“ကျွန်တော်တို့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရေဘေးသင့်ပြည်သူတွေအတွက် လေယာဉ်နှစ်စင်းနဲ့ ဆန်၊ ခေါက်ဆွဲခြောက်နဲ့ ဆေးဝါးတွေ လှူဒါန်းဖို့ ရောက်ရှိလာတာဖြစ်ပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ စာနာစိတ်များနဲ့ ကူညီလှူဒါန်းခြင်းဖြစ်ပါတယ်။ နောက်ရက်တွေမှာလည်း ကလေးနဲ့ စစ်တွေမြို့တွေကို ထောက်ပံ့ရေး ပစ္စည်းတွေ လေယာဉ်နဲ့ ဆက်လက်ပေးပို့သွားမှာ ဖြစ်ပါတယ်။ မြန်မာပြည်သူတွေ ဒီအခက်အခဲတွေကနေ အမြန်ဆုံးလွတ် မြောက်ပြီး အေးချမ်းနိုင်စေဖို့ အိန္ဒိယအစိုးရ ကိုယ်စားဆုတောင်း ပေးပါတယ်” ဟု အိန္ဒိယ ကောင်စစ်ဝန်ချုပ် Dr. Nagendran Nandakumar က ပြောသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းသွားမည် ဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်က ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တင်သွင်း

**နေပြည်တော် ဩဂုတ် ၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ် လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၆ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်လောင်း ၁၂၃ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၅၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း၂၄၇ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ရှစ်ဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၄၁၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၇၅ ဦးနှင့် တိုင်းဒေသကြီး /ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၅ ဦး၊ စုစုပေါင်း ၃၀၅၄ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၆၆ ပါတီနှင့် တစ်သီးပုဂ္ဂလ ၁၀၇ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။

အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www. uecmyanmar.orgတွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးသက်နွယ်စိုးဦး ၃/ဘအန(နိုင်)၀၅၈၈၈၉၏ Passport No.မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၅၈၂၅၀၅၀

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)၊ အထက နဝမတန်း(J)မှ မောင်အောင်ဆက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၉/ကပတ(နိုင်)၁၅၈၂၀၃ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

**အောင်ပြည့်စုံ**

ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။

09-5232770
09-5134770

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

**တစ်ချက်တည်းဖြင့်ကျင်းဝင်**

၄-၈-၂၀၁၅ ရက် ညနေ ၅း၁၅ နာရီတွင် ထင်းရှူးမြိုင်စခန်းသာဂေါက်ကွင်း၊ ကလောမြို့၌ ဗိုလ်မှူးချုပ်မြင့်မော်ဦး၊ ဗိုလ်မှူးကြီးခင်မြင့်၊ ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း၊ မောင်ဟိန်းရာဇာထွန်းတို့ ဂေါက်ရိုက်ခဲ့ရာ ဗိုလ်မှူးကြီးကျော်ကျော်ထွန်းသည် ကျင်းအမှတ် (၈) (၁၂၀) ကိုက်အား Maruman Iroun (9) ဂေါက်တုတ်ဖြင့် Titleis No.4 ဂေါက်သီးနှင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ပါသည်။

**ဖိတ်ကြားလွှာ(ရခိုင်အသင်း-နေပြည်တော်)**

ရခိုင်အသင်း(နေပြည်တော်)တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကိုအောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေအပေါင်းတို့အား (မပျက်မကွက်) လာရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- **နေ့ရက်** - ၉-၈-၂၀၁၅ ရက်၊အချိန်-နံနက် ၇း၀၀နာရီမှ မွန်းတည့် ၁၂နာရီအထိ
- **နေရာ** - အေးမြရွှေပြည်ကျောင်းတိုက်(သဇင်၁နှင့်အထက ၆ကြား)
- **မှတ်ချက်** - ရခိုင်ထမင်း၊ဟင်းဖြင့်ဧည့်ခံပါမည်။
- **ဆက်သွယ်ရန်** - ဦးထွန်းမောင် ဖုန်း-၀၉-၅၆၈၀၃၉၇၊ ဦးခင်သိန်း ဖုန်း-၀၉-၄၉၂၀၅၀၉၁

**OTS-98 (သူရတပ်ခွဲ) ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၁၈)ကြိမ်မြောက် တွေ့ဆုံပွဲတက်ရောက်ကြပါရန်**

ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ကျဆုံး/သေဆုံးသူငယ်ချင်းများအတွက် အမျှပေးဝေခြင်းကို ၁၅-၈-၂၀၁၅ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဗုဒ္ဓဝိဝေက မဟာသမ္မတကျောင်းတိုက်(ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ သွေးဆေးကန်အရှေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး မိသားစုနှင့်အတူ တက်ရောက်ကြပါရန်နှင့် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | ရက်စွဲ | နေရာ | အချိန် |
|---|---|---|---|
| **ရန်ကုန်** | ၁၅-၈-၂၀၁၅ | M3 Food Center (ပိတောက်ခန်းမ) | ညနေ ၆ နာရီ |
| ခိုင်ကိုကိုလွင် | ဖုန်း-၀၉-၇၃၀၀၄၆၁၇ | ခင်မောင်ဇော် | ဖုန်း-၀၉-၅၁၉၄၀၀၂ |
| ရဲတင့်ဦး | ဖုန်း-၀၉-၃၁၀၀၈၀၉၇ | ရန်ငြိမ်းချမ်း | ဖုန်း-၀၉-၄၉၂၁၉၀၂၂ |
| မြင့်ကြည် | ဖုန်း-၀၉-၂၀၃၂၆၃၄ | ကျော်စိုးဝင်း | ဖုန်း-၀၉-၄၉၃၀၈၄၃၅ |
| ခမ်းဆောင် | ဖုန်း-၀၉-၅၁၉၆၈၀၈ | အေးဖေ | ဖုန်း-၀၉-၈၆၀၁၁၉၆ |
| သိန်းလှိုင် | ဖုန်း-၀၉-၇၃၁၀၆၃၄၉ | ကျော်ငြိမ်း | ဖုန်း-၀၉-၇၃၉၀၀၇၄၃ |
| **နေပြည်တော်** | ၁၅-၈-၂၀၁၅ | မိသားစုစားသောက်ဆိုင် မြို့တော်ခန်းမရှေ့ သာယာကုန်းရပ်ကွက် | ညနေ ၆နာရီ ညနေ ၆နာရီ |
| သောင်းဝင်း | ဖုန်း-၀၉-၄၂၀၇၀၁၄၆၃ | ခင်မောင်သိန်း | ဖုန်း-၀၉-၄၃၁၂၃၃၀၃ (ရန်ကုန်) |
| မြလင်း | ဖုန်း-၀၉-၈၃၀၃၀၂၄ | မြင့်ဆန်း | ဖုန်း-၀၉-၄၉၂၁၇၈၂၉ |
| စိန်မောင် | ဖုန်း-၀၉-၄၃၀၄၅၀၅၆ | နိုင်ဦး | ဖုန်း-၀၉-၅၁၈၄၆၅ |
| **မန္တလေး** | ၁၅-၈-၂၀၁၅ | ကုက္ကိုကြွန်းစားသောက်ဆိုင် ကန်တော်ကြီး | ညနေ ၆ နာရီ |
| ဇော်မိုး | ဖုန်း-၀၉-၇၃၀၂၁၀၅၈ | | |
| အောင်အောင် | ဖုန်း-၀၉-၂၀၆၁၅၁၁ | | |
| မုံရွာ | ၁၅-၈-၂၀၁၅ | အုပ်စိုး(2)စားသောက်ဆိုင် | ညနေ ၆ နာရီ |
| စောထွန်းဝင်း | ဖုန်း-၀၉-၄၄၉၀၀၀၁၁၀ | | |
| ခင်ဇော် | ဖုန်း-၀၉-၂၅၆၃၁၀၇၆၇ | | |
| ငွေဇင် | ဖုန်း-၀၉-၄၂၅၃၇၁၇၄၁ | | |

# အသည်းရောင်အသားဝါ ဘီရောဂါ ကုလို့ရပါပြီ အပိုင်း (၄)

ပါမောက္ခ ခင်မောင်ဝင်း(အသည်း)

**(ပြီးခဲ့တဲ့အပတ်က ဘီပိုးမဝင်အောင် ကာကွယ်နည်း နှစ်နည်းရှိတဲ့အထဲက ဘီပိုးကူးစက်မှုနည်းစနစ်တွေကို ရှောင်ပြီး ပိုးမကူးအောင် နည်းတွေကို ပြောခဲ့ပါတယ်။ အခုအပတ်မှာတော့ ဘီပိုးကာကွယ်ဆေး စနစ်တကျ ဆေးထိုး ကာကွယ်ဆေးနည်းတွေကို ပြောပြပါမယ်။)**

**ဘီပိုးကာကွယ်ဆေး စနစ်တကျထိုးနည်း**

အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးပေါ်တာဟာ အနှစ် ၂၀ ကျော်သွားပါပြီ။ ကမ္ဘာပေါ်မှာ ဘီပိုးကာကွယ်ဆေးထိုးပြီးတဲ့သူဟာ သန်းပေါင်းများစွာရှိနေပါပြီ။


ဒါကြောင့်မလို့ ကာကွယ်ဆေးအကြောင်း တိတိကျကျလေးသိဖို့ လိုအပ်ပါလိမ့်မယ်။

ကမ္ဘာပေါ်မှာ အသည်းရောင်အသားဝါ ဘီရောဂါကာကွယ်ဆေးကို အဓိကအားဖြင့် နှစ်မျိုး နှစ်စားရှိပါတယ်။

(က) သွေးရည်ကြည်ကထုတ်တဲ့ ကာကွယ်ဆေး

(ခ) ရိစ်(တ်) တစေးက ထုတ်တဲ့ကာကွယ်ဆေး

**(က) သွေးရည်ကြည်ကထုတ်တဲ့ ကာကွယ်ဆေး**




သွေးရည်ကထုတ်တဲ့ ကာကွယ်ဆေးဆိုတာကတော့ ဘီပိုးရှိတဲ့သူတွေရဲ့ သွေးတွေကနေ ကာကွယ်ဆေးကို ထုတ်တာပါ။ မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနက ဒီလိုသွေးရည်ကြည်က ထုတ်တဲ့ကာကွယ်ဆေးကို ထုတ်ခဲ့ဖူးပါတယ်။

အဲဒီတုန်းက ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ဆင့် မြန်မာနိုင်ငံဆေးသုတေသနဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့တဲ့ ကာကွယ်ဆေးပါ။ အဲဒီတုန်းက ဘယ်လို ကာကွယ်ဆေးထုတ်ခဲ့လဲဆိုတော့ ဘီပိုးရှိလို့ စွန့်ပစ်ထားတဲ့ သွေးပုလင်းတွေကို ရန်ကုန်မှာရှိတဲ့ ဆေးရုံတကာက လိုက်ကောက်ပါတယ်။ ပြီးတော့မှ အဲဒီလို ကောက်လာတဲ့ သွေးပုလင်း လေးဆယ်လောက်မှာ စီပိုး၊ HIV ပိုး ရှိ မရှိ တုတ်ချောင်း (Stick) နဲ့ စစ်ပါတယ်။ ပြီးတော့မှ တခြား ပိုးတွေ မရှိတဲ့ ဘီပိုးရှိတဲ့ သွေးတွေကနေ သွေးရည်ကြည်ထုတ်ပြီး ဘီပိုးကာကွယ်ဆေးကို ထုတ်ပါတယ်။

အဲဒီလို ဘီပိုးကာကွယ်ဆေးတွေကို မသုံးသင့်တော့ဘူးဆိုပြီး ၁၉၉၇ ခုနှစ်ကတည်းက အမေရိကန်နိုင်ငံမှာ သွေးကထုတ်တဲ့ ဘီပိုးကာကွယ်ဆေး ထုတ်လုပ်မှုကို ပိတ်ပင်ထားပါတယ်။ ဘာလို့တုန်းဆိုတော့ ထုတ်လုပ်မှု တစ်နေရာရာမှာ နည်းစနစ်တစ်ခုခု ချွတ်ချော်သွားရင် ဘီပိုးအပြင် စီပိုး၊ HIV ပိုးတွေပါ ဝင်သွားနိုင်ပါတယ်။


ဒါကြောင့် သွေးကထုတ်တဲ့ ဘီပိုးကာကွယ်ဆေးကို တစ်ကမ္ဘာလုံးက လက်မခံတော့တာပါ။ မြန်မာနိုင်ငံမှာတော့ ဆက်လက်ထုတ်နေပါသေးတယ်။

**(ခ) ရိစ်(တ်) တစေးက ထုတ်တဲ့ကာကွယ်ဆေး**

ဒီဘီပိုးကာကွယ်ဆေးကတော့ ရိစ်(တ်) လို့ခေါ်တဲ့ တစေးကိုသုံးပြီး ထုတ်တဲ့ကာကွယ်ဆေးဆိုတော့ ရှေ့မှာပြောခဲ့တဲ့ သွေးရည်ကြည်ကို သုံးပြီး ထုတ်တဲ့ကာကွယ်ဆေးတွေလို စီပိုး၊ HIV ပိုးတွေ ဝင်မှာကို စိုးရိမ်စရာ မရှိပါဘူး။ တကယ်ကို စိတ်ချရတဲ့ကာကွယ်ဆေးပါ။

မြန်မာနိုင်ငံမှာတော့ ကိုရီးယားအစိုးရရဲ့ အထောက်အပံ့နဲ့ တည်ဆောက်ထားတဲ့ အဲဒီလို ရိစ်(တ်) ကထုတ်တဲ့ ကာကွယ်ဆေး စက်ရုံ တစ်ရုံ စက်မှုဝန်ကြီးဌာနမှာရှိပြီး ရိစ်(တ်) ကထုတ်တဲ့ ဘီပိုးကာကွယ်ဆေးတွေကို ထုတ်နေပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ ရိစ်(တ်) ကထုတ်တဲ့ ကာကွယ်ဆေးတွေကို ပြောရမယ်ဆိုရင်




(၁) စက်မှုဝန်ကြီးဌာနကထုတ်တဲ့ LEVOVAX ဘီကာကွယ်ဆေး

(၂) Gloxo Smith Kline ကုမ္ပဏီကထုတ်တဲ့ ENGERIXB ကာကွယ်ဆေး

(၃) ပြင်သစ်နိုင်ငံ SNOFI Co. က ထုတ်တဲ့ EUVAX ကာကွယ်ဆေး တို့ ဖြစ်ပါတယ်။

အဲဒီလို ရိစ်(တ်)ကထုတ်တဲ့ ကာကွယ်ဆေးတွေထဲမှာ မြန်မာနိုင်ငံ စက်မှုဝန်ကြီးဌာနက ထုတ်တဲ့ LEVOVAX B ကာကွယ်ဆေးဟာ စိတ်လဲချရတယ်။ ဈေးလဲသက်သာတယ်။ ကာကွယ်ဆေးတစ်လုံးကို မြန်မာငွေကျပ် ၄၀၀၀ ပတ်ဝန်းကျင်လောက်ပဲရှိပါတယ်။ နိုင်ငံခြားကထုတ်တဲ့ ဘီပိုးကာကွယ်ဆေးတွေကတော့ မြန်မာငွေကျပ် ၁၀၀၀၀ အထက်မှာ ရှိပါတယ်။

**ဘယ်ဘီပိုးကာကွယ်ဆေးကို ထိုးရမလဲ**

အခုပြောခဲ့တဲ့ သွေးရည်ကြည်ကထုတ်တဲ့ ဘီပိုးကာကွယ်ဆေးနဲ့ ရိစ်(တ်) ကထုတ်တဲ့ ကာကွယ်ဆေး နှစ်ခုကို ယှဉ်ပြီးပြောရမယ်ဆိုရင် သွေးရည်ကြည်က ထုတ်တဲ့ကာကွယ်ဆေးကို လုံးဝ မသုံးသင့်ပါဘူး။ လုံးဝ မသုံးကြပါနဲ့။

ဘီပိုးကာကွယ်ဆေး ထိုးမယ်ဆိုရင် စက်မှုဝန်ကြီးဌာနကထုတ်တဲ့ ဘီပိုးကာကွယ်ဆေးကိုပဲ ယုံယုံကြည်ကြည်နဲ့ ထိုးကြပါ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ကလည်း အသိအမှတ်ပြုပြီးသားပါ။ ဈေးကလည်း အများကြီး သက်သာပါတယ်။

**ဘီပိုးကာကွယ်ဆေးကို ဘယ်လိုထိုးရမှာလဲ**

- **ဘယ်နားထိုးမှာလဲ**

❍ ဘီပိုးကာကွယ်ဆေးကို လူကြီးမှာဆိုရင် လက်မောင်းမှာ ထိုးပါ။ ကလေးမှာဆိုရင် ပေါင်ရှေ့ဘေးနားလေးမှာ ထိုးပါ။

- ဘယ်လောက်အားကို ထိုးမှာလဲ

❍ ကလေး ၁၀ ခါ ထိုးပါ။

❍ လူကြီး ၂၀ ခါ ထိုးပါ။

- **ဘယ်လောက်ခြားပြီး ထိုးမှာလဲ**

❍ အလွယ်ဆုံးနည်းကတော့ တစ်လတစ်လုံး သုံးလ ဆက်တိုက် ထိုးပါ။

- အခြေအနေ အချိန်အခါပေးမယ်ဆိုရင်တော့ ပထမ တစ်လုံးထိုး၊ နှစ်လကြာရင် တစ်လုံးထိုး၊ ခြောက်လကြာရင် တစ်လုံးထိုးပါ။

- **ဘီပိုးကာကွယ်ဆေးထိုးရင် ဘီပိုး Positive ဖြစ်နိုင်လား**

❍ ကျွန်တော့်မိတ်ဆွေ တပ်မတော်အရာရှိကြီးတစ်ဦးဟာ သင်တန်းတစ်ခုတက်စရာရှိလို့ ကျွန်တော့်ကို လာပြရင်းနဲ့ ဘီပိုးကို စစ်လိုက်တော့ ဘီပိုးမရှိပါဘူး။ သူက ဘီပိုးမရှိလို့ ဘီပိုးကာကွယ်ဆေးလည်း ထိုးမထားလို့ ကျွန်တော်က သူ့ကို ဘီပိုးကာကွယ်ဆေးထိုးပါလို့ ပြောလိုက်ပါတယ်။

❍ အဲဒီလိုပြောတော့ တပ်မတော်အရာရှိက ဘယ်လိုပြန်ပြောလဲဆိုရင် 'ဆရာ ကျွန်တော်က နောက်အပတ်မှာ သင်တန်းသွားတက်မှာ။ ဘီပိုးကာကွယ်ဆေးမထိုးရဲဘူး။ ဘီပိုး ကာကွယ်ဆေးထိုးထားရင် B+ ဖြစ်တတ်တယ်လို့ ပြောတယ်ဆရာ။ ကျွန်တော် ဘီပိုးကာကွယ်ဆေး မထိုးပါရစေနဲ့' လို့ ပြောပါတယ်။

❍ အဲဒီလိုပြောရင် အရင်တုန်းက ကျွန်တော်က ဘယ်လိုပြောလေ့ရှိလဲဆိုတော့ 'ခင်ဗျားနှယ်ဗျာ၊ ဘယ်လိုမှ မဖြစ်နိုင်တာ၊ ဘီပိုးကာကွယ်ဆေးထိုးတာ ဘီပိုးမဝင်နိုင်အောင် ထိုးတာပေါ့။ ဘယ်လိုလုပ်ပြီး ဘီပိုးကာကွယ်ဆေးထိုးတာနဲ့ ဘီပိုး positive ဖြစ်နိုင်မလဲ'လို့ ပြောလေ့ရှိပါတယ်။

❍ နောက်အတွေ့အကြုံရလာတော့မှာ ဘီပိုးကာကွယ်ဆေးထဲမှာ HBsAg တွေပါတာဆိုတော့ ဘီပိုးကာကွယ်ဆေး ထိုးလိုက်ရင် သွေးထဲမှာ တစ်လလောက် HBsAg တွေ ရှိနေမယ်။ ဒါကြောင့် ဘီပိုးကာကွယ်ဆေးထိုးထားတဲ့ သူတွေကို ဘီပိုးရှိမရှိ စစ်လိုက်မယ်ဆိုရင် တစ်လလောက်အတွင်းမှာ HBsAg positive ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံမှာရှိတဲ့ သွေးလှူဘဏ်တွေက ဘီပိုးကာကွယ်ဆေး ထိုးပြီး တစ်လအတွင်းရှိတဲ့သူတွေ သွေးလှူမယ်ဆိုရင် လက်မခံပါဘူး။

❍ ပြန်ပြောရမယ်ဆိုရင် ဘီပိုးကာကွယ်ဆေးထိုးတဲ့သူတွေဟာ တစ်လအတွင်းမှာ HBsAg positive ဖြစ်နိုင်ပါတယ်။ အရပ်ထဲမှာအခေါ်နဲ့ ပြောရမယ်ဆိုရင် B plus (B+) ဖြစ်နိုင်ပါတယ်။ ဘီပိုးဝင်သွားတာတော့ မဟုတ်ဘူး။ HBsAg positive ဖြစ်နေတာပါ။

❍ ဒါကြောင့် အရေးကြီးတဲ့အလုပ်အကိုင်တွေကို လျှောက်ထားတယ်၊ အရေးကြီးသင်တန်းတွေကို တက်မယ်ဆိုရင် ဘီပိုး ကာကွယ်ဆေး မထိုးကြပါနဲ့။

**ဘီပိုးကာကွယ်ဆေးထိုးပြီး အောင်မအောင်ပြန်စစ်ဖို့**

- ဘီပိုးကာကွယ်ဆေးထိုးပြီးရင် အောင်မအောင်လို့ခေါ်တဲ့ ကိုယ်ခံအား (Antibody) ပေါ်မပေါ် ပြန်စစ်ဖို့ လိုမလိုဆိုတာ မကြာခဏ မေးလေ့ရှိပါတယ်။
- တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မေးမယ်ဆိုရင်တော့ ဘီပိုးကာကွယ်ဆေး သုံးလုံးထိုးပြီးရင် အောင်မအောင် Antibody ပြန်စစ်ဖို့ မလိုပါဘူးလို့ဘဲ ပြောရပါမယ်။
- ဒါပေမယ့်လို့ တစ်ဦးချင်းအနေနဲ့ လာမေးမယ်ဆိုရင်တော့ ဘီပိုးကာကွယ်ဆေး နောက်ဆုံးအလုံး ထိုးပြီး တစ်လအကြာမှာ အောင်မအောင် Antibody ပြန်စစ်သင့်ပါတယ်။
- Antibody ဟာ ၁၀၀၀ အောက်ဆိုရင် တစ်လုံးပြန်ထိုးသင့်ပါတယ်။
- ဘီပိုးကာကွယ်ဆေးထိုးပြီး ငါးနှစ်ကြာရင် ဘီပိုးကာကွယ်ဆေး တစ်လုံးပြန်ထိုးရမယ်ဆိုတာလည်း မဟုတ်ပါဘူး။
- တကယ်တော့ Antibody ကို ပြန်စစ်သင့်ပါတယ်။ Antibody က ၁၀၀၀ ကျော်နေရင် ဘီပိုးကာကွယ်ဆေးထိုးပြီး ငါးနှစ်မကလို့ ဘယ်လောက်ပဲကြာကြာ ပြန်ထိုးစရာမလိုပါဘူး။

**အနှစ်ချုပ်**

- ဘီပိုးကာကွယ်ဆေးထိုးမယ်ဆိုရင် သွေးရည်ကြည်က ထုတ်တဲ့ ကာကွယ်ဆေးကို လုံးဝမထိုးပါနဲ့။

❍ ရိစ်(တ်)လို့ ခေါ်တဲ့ တစေးကထုတ်တဲ့ ကာကွယ်ဆေးကိုပဲ ထိုးပါ။

❍ ရိစ်(တ်)ကထွက်တဲ့ ဘယ်ကာကွယ်ဆေးကို ထိုးရမှာလဲလို့ မေးရင် စက်မှုဝန်ကြီးဌာနက ထုတ်တဲ့ကာကွယ်ဆေးကို ဦးစားပေးထိုးပါ။

❍ GSK ကုမ္ပဏီနဲ့ Sanofico ကုမ္ပဏီတွေက ထုတ်တဲ့ ရိစ်(တ်) ကာကွယ်ဆေးတွေကိုလည်း ထိုးလို့ရပါတယ်။ ဈေးတော့ ကြီးတာပေါ့။

❍ အရေးကြီးတဲ့သင်တန်းတွေတက်မယ်၊ အလုပ်တွေ လျှောက်မယ်ဆိုရင် တစ်လအတွင်း ဘီပိုးကာကွယ်ဆေး မထိုးပါနဲ့။

**(နောက်အပတ်မှာတော့ ဘီပိုးအကြောင်း သိကောင်းစရာများကို ဆက်လက်ရေးပြသွားပါမယ်။)**




---

## ကြာအင်းကြီးရွာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၆**

ဂျပန်အစိုးရနှင့် ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ခဲ့သော အခြေခံပညာအလယ်တန်းကျောင်း မြ နှစ်ထပ်စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းကြီး အလယ်တန်းကျောင်း၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးစောဆာလောလ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းခေါင်လွင်၊ ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ကျောင်းအကျိုးတော်ဆောင် ဆရာဦးစောဘီဝင်းအောင်တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr Yuichiro Fu Nai က ကျောင်းဆောင်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ကျောင်းပြင်ပမူလတန်းပညာရေး ဖွင့်လှစ်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ကျောင်းပြင်ပမူလတန်းပညာရေး(NFPE) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် က အမှတ် (၅) ရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) ကို ၂၀၁၅ခုနှစ် ဩဂုတ် ၂ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၂ ရက်အထိ ညစဉ် ၆ နာရီခွဲမှ ၉ နာရီခွဲအထိ တစ်ပတ်လျှင် ခြောက်ရက်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

## ရေဘေးကာကွယ်ရေး ပြည်သူများစောင့်ရှောက်ရေးဆောင်ရွက်

**မအူပင် ဩဂုတ် ၆**

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် သဘာဝရေဘေးကြိုတင်ကာကွယ်ရေးနှင့် ရေဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများအား စောင့်ရှောက်နိုင်ရန်အတွက် မအူပင်ဂျီတီစီကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် မအူပင်တရုတ်လူငယ်များအဖွဲ့က ဘဏ်ကုမ္ပဏီများ၊ စေတနာရှင်ပြည်သူများကလှူဒါန်းသော အလှူငွေများကိုကောက်ခံ၍ မအူပင်မြို့ ရေဘေးအန္တရာယ်လုပ်ငန်းများတွင် ပါဝင်ကူညီလှူဒါန်းရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း ဩဂုတ် ၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာသို့ ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင်လနောက်ဆုံးပတ်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ချေးယူဆောင်ရွက်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**(မြန်မာ့အလင်း)**

## မိုပိုင်းလွတ်မြို့တွင် နန်ခါချောင်းရေများဝင်ရောက်

**မုံရွာ ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့တွင် ဇူလိုင် ၃၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန်ခါချောင်းရေများမြင့်တက်လာပြီး မိုပိုင်းလွတ်မြို့အတွင်း ရေလျှံမှုဖြစ်ပွားကာ ဌာနဆိုင်ရာရုံးများ၊ လူနေအိမ်အချို့နှင့် လယ်မြေအချို့ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ရေနစ်မြုပ်ရာနေရာများ၌ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် အခြားအဖွဲ့များ ပူးပေါင်းပြီး ကူညီကယ်ဆယ် ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ ဖိုင်လင်ကွတ်ကျေးရွာတွင် အိမ်ခြေ ၅၇ လုံး၊ လူဦးရေ ၂၈၀ ရေဘေးသင့်ခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှု မသိရှိသေးကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## မြို့နယ်အုပ်ချုပ်ရေးမှူး(ဖလား) ပြိုင်ပွဲများ ဆုချီးမြှင့်

**တာချီလိတ် ဩဂုတ် ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ မြို့နယ်အားကစားဖွံ့ ဖြိုးတိုးတက်ရေး အစီအစဉ်(TSDP)အရ ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူး (ဖလား) ပိုက်ကျော်ခြင်း ဆုရအသင်းနှင့် ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုရအသင်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၃ ရက်က ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဆန်ဆိုင်း(က)ရပ်ကွက်နှင့် ဆန်ဆိုင်း(ခ) ရပ်ကွက်ပူးပေါင်းအသင်းနှင့် မယ်ခေါင်ရပ်ကွက်၊ ရန်အောင်မြေရပ်ကွက် ပူးပေါင်း ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆန်ဆိုင်း(က)အသင်းနှင့် ဆန်ဆိုင်း(ခ)ရပ်ကွက် ပူးပေါင်းအသင်းက သုံးပွဲ၊ တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ တတိယ၊ ဒုတိယနှင့်ပထမ ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။ **ဝေယံလင်း(ပြန်ဆက်)**





## မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မိတ္ထီလာ ဩဂုတ် ၆**

မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာကန်၏ မြေမျက်နှာသွင်ပြင်၊ ပထဝီဝင်အနေအထားနှင့် ရေလှည့်ပတ်စီးဆင်းတည်ရှိမှု အနေအထားများ၊ မိတ္ထီလာကန်ရေဝေရေလဲဒေသဆိုင်ရာများ၊ မိတ္ထီလာကန်ပေါ် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် မိတ္ထီလာကန်ရေအပေါ် မှီခိုမှုအခြေအနေ၊ မိတ္ထီလာကန် ရေသိုလှောင်မှုနှင့် ရေပေးဝေမှု အခြေအနေ၊ မိတ္ထီလာဒေသ၏ မိုးရေချိန်၊ အပူချိန်နှင့် ရာသီဥတုပြောင်းလဲမှု အခြေအနေ၊ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံမှ ရေဆိုးသန့်စင်ခြင်း လုပ်ငန်းအခြေအနေ စသည်တို့ကို နယ်သာလန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့၊ သက်ဆိုင်ရာဌာနများမှ ပညာရှင်များအဖွဲ့နှင့် အပြန်အလှန် ဆွေးနွေးဖလှယ်ကြမည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

## ဒလ၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**ဒလ ဩဂုတ် ၆**

ဒလမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ဒေါ်အိအိချိုနှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ ပညာရည် မြင့်မားရေးအတွက် ကျန်းမာစွာ နေထိုင်တတ်စေရန် ဩဂုတ် ၃ ရက်က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ မြို့နယ်ပညာရေးမှူးနှင့် ကျန်းမာရေးအဖွဲ့များက ကျောင်းတွင်း ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စာသင်ခန်းကောင်းမွန် သန့်ရှင်းရေးအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ယုဇနခန်းမဆောင်၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ပြောကြားခဲ့ပြီး ဒေါက်တာအိအိချိုက သွားနှင့်သွားဖုံးတွင်ဖြစ်တတ်သော ရောဂါများအကြောင်းနှင့် ထိုရောဂါများ မဖြစ်ပွားအောင် ဆောင်ရန်ရှောင်ရန် အချက်များကို လည်းကောင်း၊ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ခိုင်ခိုင်ဝင်းက သွေးလွန်တုပ်ကွေး ရောဂါအကြောင်းနှင့် ခြင်နှိမ်နင်းရေးလုပ်ဆောင်ရမည့် အချက်များကို ကျောင်းသား ကျောင်းသူများအား မေးမြန်းဖြေကြား၍ လည်းကောင်း ကျန်းမာရေး အသိပညာများကို ဟောပြောခဲ့ကြသည်။

ထို့နောက် သွားဘက်ဆိုင်ရာ ဆရာဝန်နှင့်အဖွဲ့က ယင်းကျောင်းရှိ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၅၀၀ကျော်တို့ကို သွားနှင့် ခံတွင်းကျန်းမာရေး ကြည့်ရှုစစ်ဆေးစမ်းသပ်ပေးခဲ့ပြီး သွားနုတ်ရန်လိုအပ်သော ကျောင်းသား ကျောင်းသူများအား ဒလပြည်သူ့ဆေးရုံတွင် အခမဲ့လာရောက်ပြသရန် ရက်ချိန်းပေးခဲ့ကြောင်း သိရသည်။

**သန်းဌွေး(ဒလ)**



## အမြန်လမ်းမကြီး လမ်းနယ်နိမိတ် ပေ ၄၀၀ အတွင်း မြေနေရာများအတွက် နစ်နာကြေးပေးအပ်

**ပျော်ဘွယ် ဩဂုတ် ၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် လမ်းနယ်နိမိတ် ပေ ၄၀၀ အတွင်း ပါဝင်သွားသော မြေနေရာများအတွက် တောင်သူများအား နစ်နာကြေးပေးအပ်ခြင်းကို ဩဂုတ် ၄ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၃၂၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

“ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်ရာတွင် ပေ ၄၀၀ အတွင်းပါဝင်ခဲ့သော လယ်ယာမြေများအား သက်ဆိုင်ရာလမ်းဦးစီးဌာန၊ မြို့နယ် မြေစာရင်းဦးစီးဌာနတို့က တောင်သူ၊ ဦးပိုင်အမှတ်၊ ဧရိယာ ဧကတို့ကိုအခြေခံပြီး ကွင်းဆင်းစိစစ်ကောက်ယူခဲ့ခြင်းဖြစ်ပါတယ်။ လယ်တစ်ဧကကို ငွေကျပ် ၁၂ သိန်းနှုန်း၊ ယာ တစ်ဧကကို ငွေကျပ် ၁၀ သိန်းနှုန်းနဲ့ နစ်နာကြေးပေးအပ်သွားမှာဖြစ်ပါတယ်။ တစ်ဦးချင်းထုတ်ပေးရာမှာလည်း သက်ဆိုင်ရာလမ်းဦးစီးဌာနနဲ့ မြေစာရင်းဦးစီးဌာနတို့က စစ်ဆေးပြီး အသိသက်သေအဖြစ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က စနစ်တကျစစ်ဆေးပြီး နစ်နာကြေးငွေများ ပေးအပ်သွားမှာပါ”ဟု မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရှင်းပြသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်ရာတွင် ပျော်ဘွယ်မြို့နယ်အတွင်း မိုင်တိုင်အမှတ် (၂၆၀/၄) မှ (၂၇၆/၄) အထိ တောင်သူ ၃၂၅ ဦး၊ လယ် ၄၈ ဒသမ ၁၄ ဧက၊ ယာ ၅၀၉ ဒသမ ၁၉ ဧက စုစုပေါင်း ၅၅၇ ဒသမ ၃၃ ဧကအတွက် ငွေကျပ်သိန်း ၅၆၀၀ ကျော်ကို ဧကအလိုက် နစ်နာကြေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မကွေး ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်စမ်းစမ်းမြင့်၊ ဥက္ကဋ္ဌဒေါ်သင်းသင်းထွေးနှင့်အဖွဲ့ဝင်များသည် ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သော စံပြမူလွန်ကျောင်း၊ စံပြမိုးကုတ်ဝိပဿနာကျောင်း၊ ကံသာကြီး(အထက)၊ ကံသာကြီး ဓမ္မရတနာဘုန်းတော်ကြီးကျောင်း၊ လယ်ဖီလာဘုန်းတော်ကြီးကျောင်းနှင့် ကျောင်းတော်ရာဘုရားရင်ပြင်တော် ကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအား စောင်၊ ပုဆိုး၊ လုံချည်၊ ပေါင်မုန့်၊ လက်ဖက်၊ အကြော်စုံနှင့် ခေါက်ဆွဲခြောက်စသည့် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# ရေလွှမ်းခံ အိမ်ထောင်စုများအား စေတနာရှင်များက လာရောက်လှူဒါန်း

**သထုံ ဩဂုတ် ၆**

သထုံမြို့နယ်၌ မိုးများပြီး တောင်ကျရေများကြောင့် ချောင်းရေမြင့်တက်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဒူးရင်းဆိပ်ကျေးရွာ အနိမ့်ပိုင်း ဒုံသမိချောင်းနံဘေး၌ နေထိုင်ကြသူများသည် ရေဘေးကင်းလွတ်ရာ တပ်ဦးဘုန်းတော်ကြီးကျောင်းနှင့် ရွာလယ်ဓမ္မာရုံတို့၌ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး အဆိုပါ ရေဘေးရှောင်ဒေသခံများအား ဩဂုတ် ၄ ရက်က သထုံမြို့နယ်အတွင်းမှ စေတနာရှင်များက အဝတ်အထည်၊ ဆန်၊ ရေသန့်၊ အလှူငွေနှင့် အခြားပစ္စည်းများကို အစုအဖွဲ့လိုက် ဒူးရင်းဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ လာရောက်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဇူလိုင် ၂၈ ရက်က စတင်ကာ ကျေးရွာအတွင်း ရေများဝင်ရောက်ခဲ့ပြီး ဇူလိုင် ၃၀ ရက်ကစတင်ကာ ဒုံသမိချောင်းနံဘေး အနိမ့်ပိုင်းမှ ဒေသခံများ ရေဘေးကင်းလွတ်ရာသို့ စတင်ရွှေ့ပြောင်းခဲ့ကြရာ ဩဂုတ် ၄ ရက်အထိ အိမ်ထောင်စုပေါင်း ၉၃ စုမှ လူဦးရေပေါင်း ၄၁၃ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အင်းတော်လေးအင်းအတွင်း ငါးမျိုးများစိုက်ထည့်

**အင်းတော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အင်းတော်လေးအင်းအတွင်း ငါးမျိုးများစိုက်ထည့်ပွဲကို ၂၀၁၅ ခုနှစ် ဩဂုတ် ၄ ရက် နံနက်ပိုင်းက သက္ကယ်ကျင်းကျေးရွာ အင်းတော်လေးအင်းကမ်းဘေး၌ ကျင်းပခဲ့သည်။

“သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးက ကျွန်တော်တို့နိုင်ငံမှာ လိုအပ်လျက်ရှိပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ပြုလုပ်နိုင်ဖို့၊ ထိန်းသိမ်းနိုင်ဖို့ ကလေးအရွယ်ကစ လေ့ကျင့်ပေးသွားရမှာ ဖြစ်ပါတယ်။ အဲ့ဒီအသိလေးတွေ အခု ပညာသင်ကြားနေတဲ့ ကလေးတွေရဲ့ အသိစိတ်ထဲကို ထည့်သွင်းပေးရမယ်။ ဒါမှ ကလေးတွေကြီးလာတာနဲ့အမျှ ပတ်ဝန်းကျင်ဟာလည်း ပိုမိုသာယာစိုပြည်လာမယ်။ ဒါတွေကို ကျွန်တော်တို့အားလုံး အစဉ်တစိုက် စုပေါင်းလုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်” ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြောကြားခဲ့သည်။

“ဒီအင်းတော်လေးအင်းထဲကို ကျွန်တော်တို့က နှစ်စဉ် ငါးမျိုးစိုက်ထည့်ပါတယ်။ ဒီနှစ်ဆိုရင် နှစ်ကြိမ်ရှိပါပြီ။ ပထမအကြိမ်မှာ အကောင်ရေရှစ်သောင်းကို ပြီးခဲ့တဲ့ ဇူလိုင်လက စိုက်ထည့်ပြီးပါပြီ။ အခုက ဒုတိယအကြိမ်ပါ။ အကောင်ရေကတော့ ငါးမြစ်ချင်းက လေးသောင်း၊ ငါးခုံးမကြီးက သုံးသောင်း၊ စုစုပေါင်း ခုနစ်သောင်းဖြစ်ပါတယ်”ဟု ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်

အဆိုပါအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအသင်းအဖွဲ့ဝင်များ၊ အင်းသူအင်းသားများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်သီဟ**

# ချောင်းကန်ပေါင်တာရိုး ပြန်လည်ဆယ်ယူ

**အင်းတော် ဩဂုတ် ၆**

လေးတန်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ကျေးရွာချင်းဆက်လမ်းများ၊ မြို့ပေါ်ရပ်ကွက်လမ်းများကို သဲကျောက်များခင်းကျင်းကာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ မော်ဟန်ရွာ နန့်မချိမှော် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီများအဖွဲ့က စုပေါင်းကာ ဘက်ဟိုးစက်ယန္တရားခြောက်စီး၊ မြေသည်ယာဉ်ကြီးနှစ်စီးတို့ဖြင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေတိုက်စားကာ ပျက်စီးခဲ့သော အလျား ပေ၇၁၀၀၊ အကျယ်ပေ ၄၀၊ အမြင့် ၁၀ ပေရှိ မော်ဟန်ရွာ လေးတန်ချောင်း ကန်ပေါင်တာရိုးကို ပြန်လည်ဆယ်ယူကာ ရေစီးရေလာကောင်းမွန်ရေးအတွက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

မော်ဟန်-မော်ပင့်ကျေးရွာချင်းဆက်လမ်းမကြီးနှင့် မြို့ပေါ်ရပ်ကွက်များဖြစ်သော ဘူတာစုရပ်ကွက်၊ မြို့မရပ်ကွက်၊ မော်ပင့်ရပ်ကွက်များနှင့် ပျက်စီးသွားသော လမ်းပိုင်းများကို သဲကျောက်များ ခင်းကျင်းကာ ပြန်လည်ပြုပြင်ပေးခဲ့ပြီး မော်ပင့်ရွာဆည်ရေတွင်း စိုက်ဧက ၁၂၀ ခန့်ကို ရေပေးဝေလျက်ရှိသော နတ်ပင့်ဆည်တာပေါင်ရိုး အရှည် ပေ ၄၀ ကိုလည်း ပြန်လည်ပြုပြင်ပေးနိုင်ခဲ့သည်။ **နီတိုး**

# မြစ်၊ ချောင်းများ ရေမြင့်တက်ချိန်တွင် ရေယာဉ်များသတိထားသင့်

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် နေရာအနှံ့အပြား မိုးရွာသွန်းမှုကြောင့် မြစ်များ၊ ချောင်းများ ရေပြည့်လျှံ၍ ရေစီးသန်ပြီး သစ်ပင်၊ သစ်ငုတ်၊ သစ်တုံးများ၊ ဒိုက်များ ရေထဲတွင် မျောပါလျက်ရှိသဖြင့် ရေယာဉ်ကြီး၊ ရေယာဉ်ငယ်များ၊ စက်တပ်လှေများ ခုတ်မောင်းသွားလာရာတွင် နစ်မြုပ်မှုအန္တရာယ် ကြုံတွေ့နိုင်သည်။

မြစ်တွင်း၊ ချောင်းတွင်း ခုတ်မောင်းသွားလာလျက်ရှိသော ရေယာဉ်ကြီး၊ ရေယာဉ်ငယ်များ၊ စက်တပ်လှေ မောင်းနှင်သူများသည် မြစ်ချောင်းအတွင်း မျောပါလျက်ရှိသော သစ်ပင်၊ သစ်ငုတ်၊ သစ်တုံးများ၊ ဒိုက်များကို သတိထား၍ မောင်းနှင်ကြရန်လိုအပ်သည်။ ကျောက်ဆောင်၊ ကျောက်ငုတ်များ၊ စုပ်ဝဲ၊ မှုတ်ဝဲများကိုလည်း သတိထား၍ မောင်းနှင်ကြရန် လိုအပ်ကြောင်း ရေယာဉ်စီးခရီးသည်များက ပြောသည်။

**ဝါဝါ(ဗန်းမော်)**

# ကောလင်းမြို့နယ်မှ ရေဘေးသင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးဆောင်ရွက်

**ကောလင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်း ဇူလိုင် ၁၇ ရက်ကစ၍ ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ကျေးရွာပေါင်း ၇၇ရွာ ရေနစ်ခဲ့ပြီး လယ်ဧက ၃၀၀၀၀ ကျော် ရေနစ်မြုပ်ခဲ့သော်လည်း ယခုအခါ ရေကျသွားပြီဖြစ်သည်။ ရေမကျဘဲကျန်သော ကျေးရွာသည် လေးရွာသာကျန်တော့သဖြင့် ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ကသာခရိုင်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏ ကြီးကြပ်ဆောင်ရွက်မှုများဖြင့် ရေဝင်ကျေးရွာများ၏ ရေတွင်း ရေကန်များသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် လမ်းတံတားများ ကျိုးပျက်ခဲ့သည်များ ပြုပြင်ခြင်းများကို ဆောင်ရွက်နေပြီး စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသားများ စာသင်ကြားနေပြီဖြစ်ကြောင်း သိရသည်။ ရေဝင်ရောက်ခဲ့သော လယ်ယာမြေများအတွက် မျိုးစပါးတစ်ဧက တစ်တင်းနှုန်းဖြင့် ၁၁၈၂၂ တင်း ထောက်ပံ့ပေးနိုင်ခဲ့ကာ ၁၁၃၆ ဧက ပြန်လည်ထွန်ယက်စိုက်ပျိုးပြီး ပြန်လည်ပျိုးထောင်ဧက ၄၂၃၀ ရှိသည်။ ဩဂုတ် ၃ ရက်အထိ စက်မှုလယ်ယာမှ ၁၀၆ ဧက အခမဲ့ထွန်ယက်ပေးခဲ့ကြောင်း သိရသည်။

လျှပ်စစ်အနေဖြင့် ရေမြုပ်ထရန်စဖော်မာများကို ပြန်လည်ပြုပြင်ပေးပြီး မီးပြတ်တောက်သွားသည့်၂၄ ရွာအနက် ငါးရွာကို မီးပြန်လည်ပေးနိုင်၍ ရေမြုပ်သွားသော အိမ်သုံးမီတာအလုံး ၅၀၀ ကို ပြန်လည်လဲလှယ်ပေးရန်စီစဉ်နေကြောင်း သိရသည်။ ရေလွှမ်းမှုကြောင့် ပျက်စီးခဲ့ရသော ကျောက်ပျဉ်သာ၊ ဆင်ကုန်းလမ်းတံတားများ၊ အင်ပြင်လှ၊ ဥမှင်ကုန်း၊ အင်တိုင်ပုံ၊ တောင်ကြီးရွာတစ်လျှောက် ပျက်စီးခဲ့သော လမ်းတံတားများကို သက်ဆိုင်ရာအဖွဲ့အစည်းများက လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **အေးလွင်(ကသာ)**

# မူးမြစ်ရေဝင်အိမ်ထောင်စုများသို့ အလှူရှင်ပြည်သူများက လှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဝန်းတိုက်နယ်အတွင်းရှိ ကျေးရွာများ၌ မူးမြစ်ရေလျှံ၍ ကျေးရွာများအတွင်း ရေများဝင်ရောက်လျက်ရှိပြီး ရေဝင်ကျေးရွာများသို့ အလှူရှင်ပြည်သူအများက နေ့စဉ် စားသောက်ကုန်ပစ္စည်းအမျိုးမျိုး လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၄ ရက်က စစ်ကိုင်းမြို့ပေါ်ရပ်ကွက်ဖြစ်သော တကောင်းရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ မင်းလမ်းရပ်ကွက်မှ ပြည်သူများက ထမင်းထုပ်များ၊ စားသောက်ကုန်များ၊ သောက်ရေသန့်ဘူးများ၊ အဝတ်အထည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် မီးသတ်ဦးစီးမှူးတို့ ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ရေဝင်ကျေးရွာများသို့ သွားရောက်လှူဒါန်းပေးကြသည်။

ရေဝင်ကျေးရွာများသို့ ပြည်သူအများ လာရောက်လှူဒါန်းသည့် ပစ္စည်းမျိုးစုံကိုလည်း တိုက်နယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရေဘေးကယ်ဆယ်ရေးကော်မတီများက ခွဲဝေပြီး မိုဘိုင်းကယ်ဆယ်ရေးအဖွဲ့များက ရေဝင်ကျေးရွာအိမ်ထောင်စုများသို့ စက်လှေများဖြင့် လှူဒါန်းပေးကြသည်။

မူးမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် အနည်းငယ်ကျော်လွန်သွားပြီး စစ်ကိုင်း-မုံရွာ-ရွှေဘိုသွား ကားလမ်းမပေါ်အထိ ရောက်ရှိသွားပြီး မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက ရေဘေးကယ်ဆယ်ရေး လုပ်သားများဖြင့် ယာဉ်အန္တရာယ်မဖြစ်အောင် အချိန်ပြည့်လမ်းပြပေးခဲ့ကြသည်။

ဇူလိုင် ၄ ရက် ညနေ ၅ နာရီတွင် မူးမြစ်ရေကျဆင်းသွားပြီး ကားလမ်းမများလည်း မြင်နေရပြီဖြစ်၍ ယာဉ်မောင်းသူများအနေဖြင့် ခရီးသည်များ၊ ကုန်စည်များ အန္တရာယ်မဖြစ်ပွားအောင် မောင်းနှင်သွားလာနိုင်ပြီး ဆိုင်ကယ်များလည်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# နစ်မြုပ်လယ်မြေများတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာများဖြင့်စိုက်ပျိုး

**ကောလင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ကောလင်းမြို့နယ် ရေကန်သာကျေးရွာနှင့် သဖန်းကုန်းကျေးရွာများရှိ ရေကြီးနစ်မြုပ်ခဲ့သော လယ်မြေများတွင် တိုက်ရိုက်မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ ကောလင်းမြို့နယ်၌ အလားတူ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးလျက်ရှိသောကျေးရွာများမှာ ဝါးရုံခုန်၊ တာ၊ မြောင်းကြီး၊ မင်းချမ်း၊ သရက်ခုန်၊ နှောခုန်၊ မကျည်းကုန်း၊ ချောင်းကွေ့၊ ဝါးသီးကုန်း၊ နတ်ကြီးခုန်ကျေးရွာတို့ဖြစ်ပြီး စိုက်ပျိုးပြီးဧကမှာ ၅၀၀ ကျော်ရှိသည်။ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းသည် တောင်သူများအနေဖြင့် ပျိုးထောင်၊ ပျိုးနုတ်စရိတ်၊ စိုက်ပျိုးစရိတ်များ သက်သာမည်ဖြစ်ကြောင်း ကောလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက တောင်သူများအား ရှင်းလင်းပြောကြားသည်။

တောင်သူများအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်က မျိုးစပါးများကို အခမဲ့ထောက်ပံ့ပေးလျက်ရှိရာ မျိုးစပါးတင်းပေါင်း ၁၅၀၀၀ ကျော် ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## သတင်းတိုများ

## ဆရာအတတ်ပညာဒီပလိုမာသင်တန်း လျှောက်ထားသူများပြား

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လုပ်ငန်းခွင် အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၀/၁၅)ကို ပညာရေးကောလိပ်များတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်၍ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ထက် နောက်မကျဘဲ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း မြို့နယ်ပညာရေးမှူးရုံးများမှ သိရသည်။

ဗန်းမော်မြို့နယ် ပညာရေးမှူးရုံးတွင် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၀/၁၅) တက်ရောက်ရန် လျှောက်ထားသူများပြားလျက်ရှိကြောင်း သိရသည်။

**ဝါဝါ(ဗန်းမော်)**

## စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ၂၀၁၅-၂၀၁၆ ခုနှစ် ငါးလုပ်ငန်းရာသီငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက်က ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ ဧက ၁၀၀ စံပြကွက်၌ ကျင်းပပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စပါးစိုက်ခင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၇၆၅၀၀ မျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရှေးဦးသူနာပြုစုခြင်း (ဆင့်ပွား) သင်တန်းဖွင့်

မြို့နယ်အဆင့် ရှေးဦးသူနာပြုစုခြင်း အခြေခံ(ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီခွဲက ဟုမ္မလင်းမြို့ အထက(၁) ဘိုးရာဇာခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၊ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေတို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ဆရာ ဆရာမ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**လိုင်းလင်းမူ(ပြန်/ဆက်)**

## မော်လိုက်မြို့ပေါ်လမ်းများ ရှင်းလင်းရေးဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မော်လိုက်ခရိုင်တွင် ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မော်လိုက်မြို့ပေါ်ရှိ အဓိကလမ်းများနစ်မြုပ်ခဲ့ပြီး၊ မြစ်ရေကျသွားချိန်တွင် အဆိုပါလမ်းမများသည် အမှိုက်များ၊ နွံများဖြင့် မသန့်ရှင်းမှုများဖြစ်ပေါ်ခဲ့သည်။ ပြည်သူများ အသုံးပြုသွားလာမှုများသည့် ဗိုလ်ချုပ်လမ်း၊ ကမ်းနားလမ်းနှင့် ပညာရေးလမ်းများ၌ မသန့်ရှင်းသည့် အမှိုက်များ၊ နွံများ၊ ချုံနွယ်များကို မော်လိုက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း ဦးဆောင်သည့် ခရိုင်မြို့နယ် ဌာနဆိုင်ရာများနှင့် တပ်မတော်သားများစုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်း လမ်းသန့်ရှင်းရေးများကို ဩဂုတ် ၄ ရက် ညနေ ၃ နာရီခွဲတွင် မော်လိုက်မြို့ပေါ်ရှိ ရေနစ်မြုပ်သွားခဲ့သည့် လမ်းမများကို အဖွဲ့ခွဲ၍ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မော်လိုက်သားလေး**

## ရေဘေးသင့်ပြည်သူများအား လူမှုကူညီရေးအဖွဲ့က လှူဒါန်း


စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ဧရာကမ်းသာ လူမှုကူညီရေးအဖွဲ့က ဦးဆောင်ပြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်း ရေဘေးဒုက္ခခံစားခဲ့ရသော ပြည်သူများကို ဩဂုတ် ၂ ရက် နံနက်က သွားရောက်လှူဒါန်းကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကသာခရိုင် ကောလင်းမြို့နယ်ရှိ ရေလွှမ်းမိုးခံရပြီး ကျေးရွာများ ရေဝင်ရောက်ကာ ဒုက္ခတွေ့ရသော မြို့ပေါ်ရပ်ကွက်နေ ရေဘေးသင့်ပြည်သူများအတွက် ကသာမြို့နယ် ဧရာကမ်းသာ လူမှုကူညီရေးအဖွဲ့က ဦးဆောင်ကာ ကသာမြို့တွင်း၌ အလှူခံခဲ့ရာ စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆား၊ ငါးပိနှင့် ခေါက်ဆွဲခြောက်ထုပ်များ၊ အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ အလှူငွေများထည့်ဝင် လှူဒါန်းခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဩဂုတ် ၂ ရက်နှင့် ၃ ရက်များတွင် စုစုပေါင်း ငွေကျပ်သိန်း ၆၀ ခန့် တန်ဖိုးရှိသော လှူဒါန်းပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံသို့ အရောက်သွားလှူဒါန်းကူညီခဲ့ကြကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

## ရှေးဟောင်းပစ္စည်းများအပ်နှံသူကို ဂုဏ်ပြုဆုငွေပေးအပ်



**တောင်တွင်းကြီး ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအဖွဲ့ (UNESCO) အသိအမှတ်ပြုခံထားရသည့် ဗိဿနိုး(ပျူ)မြို့ဟောင်း အနီးဝန်းကျင်မှတွေ့ရှိခဲ့သော ရှေးဟောင်းပစ္စည်းကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ တွေ့ရှိအပ်နှံခဲ့သောသူအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက်က တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာအနီးရှိ ဗိဿနိုး(ပျူ)မြို့ဟောင်း ယဉ်ကျေးမှုနယ်မြေ ရှေးဟောင်းသုတေသနပြတိုက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကမ္ဘာ့အမွေအနှစ်ဒေသဌာနခွဲ ဗိဿနိုးဌာနစုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခင်မိုးက ရှေးဟောင်းပစ္စည်းတွေ့ရှိအပ်နှံခဲ့မှုနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပြီး တွေ့ရှိအပ်နှံသူ ဒေါ်အုန်းလှအား ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆု ငွေကျပ် ၅၁၆၇၇၈၅ ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရှေးဟောင်းပစ္စည်းသည် ပျူခေတ်လက်ရာ နရားပုံသဏ္ဌာန်ရွှေထည် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အလေးချိန်မှာ သုံးကျပ်သားခန့်ရှိကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းရွှေထည်အစိတ်အပိုင်းကို ပြီးခဲ့သည့် မေ ၁၅ ရက်က မကွေးမြို့နယ် မိကျောင်းရဲတိုက်နယ် မန်ကျည်းကန်ကျေးရွာနေ(ဘ) ဦးအောင်ကွန့်၏သမီး အသက် (၆၅ နှစ်)ရှိ တောင်သူလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အုန်းလှက ၎င်း၏နှမ်းခင်းအနီးမြေပေါ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး မေ ၂၂ ရက်တွင် ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှု နယ်မြေ ရှေးဟောင်းသုတေသန ပြတိုက်သို့ သွားရောက်အပ်နှံခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းကို ဗိဿနိုးဌာနစုမှ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်(ရုံးချုပ်)သို့ ဆက်လက်အပ်နှံခဲ့ခြင်းကြောင့် ပစ္စည်း၏ခေတ်ကာလ ပေါက်ဈေး၊ လက်ရာကြေး၊ ဆုကြေးကာလတန်ဖိုးတို့ကိုတွက်ချက်၍ တွေ့ရှိအပ်နှံသူကို ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဗိုလ်ပြည့်(တောင်တွင်းကြီး)**

## ကံမမြို့နယ်တွင် မင်းတုန်းချောင်းကူးတံတား ချဉ်းကပ်လမ်းတာပေါင်ကျိုးပဲ့

**ကံမ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဇူလိုင်လကုန်ပိုင်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မင်းတုန်းချောင်းရေများ တစ်ရှိန်ထိုးကျဆင်းလာရာ မင်းတုန်းချောင်းကူးတံတား (ရေနံ့သာ)၏ မြောက်ဘက်တံတား ချဉ်းကပ်လမ်းတာပေါင်မှာ ရေတိုက်စားခြင်းခံရသဖြင့် အရှည်ပေ ၃၀၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့သည်။ ချဉ်းကပ်လမ်းတာပေါင် ပျက်စီးခဲ့သော်လည်း ပေ ၇၀၀ အရှည်ရှိ ဘေလီတံတားမှာ ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သရက်ခရိုင်အတွင်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသရှိ ပြည်သူများသည် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အားကိုးခဲ့ကြရာမှ နိုင်ငံတော်အစိုးရအနေဖြင့် မင်းဘူး-သရက်-ကံမ-ပြည် မော်တော်ကားလမ်းကို ဖောက်လုပ်ပေးခဲ့သဖြင့် ခရီးသွားလာရေးလွယ်ကူချောမွေ့ပြီး ကုန်စည်စီးဆင်းမှုမှာလည်း မြန်ဆန်ခဲ့သည်။

အဆိုပါ တံတားတာပေါင်ပျက်စီးခဲ့သဖြင့် လက်ရှိအနေအထားတွင် တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ စက်လှေများဖြင့် ဖြတ်သန်းသွားလာနေကြရသည်။ သရက်-ကံမ-ရန်ကုန်နှင့် မကွေး-သရက်-ကံမခရီးသည်တင်မော်တော်ယာဉ်လိုင်းများ၊ ကုန်တင်ယာဉ်များသွားလာမှု ရပ်ဆိုင်းထားရသည့်အတွက် ခရီးသွားပြည်သူများ သွားလာရေးခက်ခဲပြီး ကုန်စည်စီးဆင်းမှု ပြတ်တောက်ခဲ့ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားခဲ့သည်။

**ကျော်ဇေယျ**



## မုန်းချောင်းတစ်လျှောက်ကျေးရွာများသို့ အလှူရှင်များလာရောက်လှူဒါန်းလျက်ရှိ

**ပွင့်ဖြူ ဩဂုတ် ၆**

ပွင့်ဖြူမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးထောက်ပံ့မှုများ မရောက်ရှိသေးသည့် မုန်းချောင်းတစ်လျှောက်ရှိ ရွှေလှေအုပ်စု၊ မင်းမြေအုပ်စု၊ ဆည်မုန်းအုပ်စုများမှ ကျေးရွာ ၁၇ ရွာတို့အား ဩဂုတ် ၄ ရက်က အလှူရှင်တချို့ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာများသို့ ကူညီထောက်ပံ့ရန် သီတဂူဆရာတော်ကြီးကလည်း ငွေကျပ်သိန်း ၁၀၀ နှင့် ဆန်အိတ် ၁၀၀ တို့ကို လှူဒါန်းကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဦးသာသန ဦးဆောင်မှုဖြင့် မကွေးမြို့ ကရုဏာရှင်နာရေးကူညီမှုအသင်းတို့ကလည်း မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ စားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်းများကို ဩဂုတ် ၃ ရက်က ရေလမ်းမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဩဂုတ် ၄ ရက်တွင်လည်း ဆရာတော် ဦးသာသနာက ကမကထပြုလုပ်ပြီး မန္တလေးကိုရှမ်းလေးအဖွဲ့ ဆန်အိတ် ၂၀၅အိတ်၊ ငါးသေတ္တာဘူး ၃၅၀၀၊ ယမ်ယမ်ခေါက်ဆွဲခြောက်ဖာ ၁၀၀ ကျော်၊ မုန့်အစုံအထုပ် ၂၁၃၀၊ ဓာတ်ဆား ထုပ် ၂၂၅၀၊ ကလိုရင်း(ရေသန့်ဆေး)ထုပ် ၆၀၀၀၊ မိုးကာအထည် ၂၇၀၊ ပုဆိုး ၄၁ ထည်၊ ဓာတ်မီး အလက် ၁၁၀၊ ရေသန့်ဘူး ၃၀၀၊ အဝတ်အထည်များနှင့်အခြားပစ္စည်းများကို လာရောက်လှူဒါန်းသွားခဲ့သည်။

ထို့နောက် ဖေ့စ်ဘုတ်ခ်စာမျက်နှာများမှတစ်ဆင့် အဆိုပါနေရာများမှာ အခက်အခဲဖြစ်နေသည်ဟု သိရ၍ မြစ်ငယ်အဖွဲ့မှ အလှူရှင်များက ငွေကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိ ဆန်နှင့် အခြားပစ္စည်းများ၊ ပျဉ်းမနား ရေဘေးကူညီမှုအဖွဲ့မှ အလှူရှင်များက ငွေကျပ်သိန်း ၇၀ ကျော်ဖိုး၊ တောင်တွင်းရေဘေးကူညီမှုအဖွဲ့မှ အလှူရှင်များက ဆန်၊ အဝတ်အထည်၊ ရေသန့်ဘူးနှင့် အခြားပစ္စည်းများ၊ OKI Co, Ltd (ရန်ကုန်-မကွေး)မိသားစုမှ အလှူရှင်များက ငွေကျပ်သိန်း ၁၀၀ ဖိုး စသည်ဖြင့် လာရောက်လှူဒါန်းသွားကြောင်း သိရသည်။

မုန်းချောင်းတစ်လျှောက်တွင် အကူအညီလိုအပ်နေသည့် ကျေးရွာများမှာ ရွှေလှေ၊ ထနောင်းကုန်း၊ ရွာထောင်၊ ဖိုးပေါက်စု၊ ချွန်းစု၊ ဂါတ်ကုန်း၊ မရိုးကုန်း၊ ခုံစု၊ ရှားတော၊ ရှားတောညွန့်၊ ရုံးဆိပ်ကျွန်း၊ ကျောင်းကုန်း၊ ဆည်မုန်း၊ ညောင်ကုန်း၊ ငွေသောင်၊ ဝက်လွတ်၊ ပေါင်းကူး၊ ပေါက်လေးပင်၊ ရွာမသစ်၊ လက်ပံကုန်း၊ ညောင်တုန်း၊ မရွေးကုန်း၊ ကျွန်းစု၊ ရသောင်ကုန်း၊ မင်းလှ၊ မင်းပြင်၊ ကွက်သစ်၊ ညောင်ညို၊ ဗူးသယ်၊ သရက်တော စသည့်ကျေးရွာများဖြစ်ကြောင်း သိရသည်။

**ရှုလိုင်မိုး**

# အဒီဘာယောနဲ့ တင်ရှားဝုဒ်ဆွေးနွေးပြီး

စပါးတိုက်စစ်မှူး အဒီဘာယောကို အက်စ်တွန်ဗီလာက ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။ အဒီဘာယောကို အငှားစာချုပ်နဲ့ ခေါ်ယူဖို့ အက်စ်တွန်ဗီလာနည်းပြတင်ရှားဝုဒ်ကဆွေးနွေးနေပြီလို့ဆိုပါတယ်။ စပါးတိုက်စစ်မှူး အဒီဘာယောဟာ ဗီလာပတ်ခ်မှာ တရားဝင်စာမချုပ်မီ အငှားစာချုပ်နဲ့ ကစားနိုင်ဖို့ ဆေးစစ်မှုတွေပြုလုပ်ပြီးသွားပြီလို့ဆိုပါတယ်။ အဒီဘာယောဟာ ပြောင်းရွှေ့ရေးနဲ့ပတ်သက်ပြီး အတည်ပြုခြင်းတော့မရှိသေးပါဘူး။ သို့ပေမယ့် တင်ရှားဝုဒ်နဲ့ ဘာမင်ဂမ်မှာ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့ပါတယ်။ အဒီဘာ ယောအနေနဲ့ ခရစ္စတယ်ပဲလေ့စ်ရဲ့ ချဉ်းကပ်မှုကိုတော့ လက်မခံဘဲပယ်ချခဲ့ပါတယ်။ ဗီလာဟာ တိုဂိုတိုက်စစ်မှူး အဒီဘာယောကို စနေနေ့ ဘုန်းမောက်နဲ့ ပရီမီယာလိဂ်အဖွင့်ပွဲမကစားမီ စာချုပ်သွားမယ်လို့ ဆိုပါတယ်။



# လီဗာပူးက အငှားခေါ်ယူဖို့ကြိုးစားနေတဲ့ ဘာစီလိုနာတိုက်စစ်မှူး

လီဗာပူးအသင်းအနေနဲ့ လာမယ့်ရာသီမှာ တောင့်တင်းတဲ့အသင်းအဖြစ်တည်ဆောက်နိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။ ဂိုးသွင်းကောင်းတဲ့ တိုက်စစ်မှူးကောင်းတစ်ဦးကို ဖြည့်တင်းဖို့ကြိုးစားနေတာပါ။ ဘာစီလိုနာတောင်ပံ တိုက်စစ်မှူး အဒါမာထရော်ရေးကို အငှားခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ဆိုပါတယ်။ ဘာစီလိုနာက ဘိုင်ယန်မြူးနစ်ကို ရောင်းဖို့တော့ တွန့်ဆုတ်နေ တာပါ။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ထရော်ရေးကို ဘာစီလိုနာ နည်းပြဟောင်း ဂွာဒီယိုလာကလည်း သူ့အသင်း ဘိုင်ယန်မြူးနစ်ကို ခေါ်ယူဖို့ကြိုးစားနေပါတယ်။ သို့ပေမယ့် ထရော်ရေးဟာ ယခုနှစ်ရာသီမှာ ဘာစီလိုနာ အသင်းရဲ့ အဓိက တိုက်စစ်မှူးဖြစ်လာဖို့ မလွယ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ် အစရှိတဲ့ ဂိုးသွင်း အကျော်အမော်တွေရှိနေလို့ပါပဲ။ ဒီအတွက် လီဗာပူးအသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားဖို့ ဖြစ်နိုင်ပါတယ်။




ကောင်းမြတ်သူ - စုစည်းသည်

# ၂၀၁၅–၂၀၁၆ ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့်




၂၀၁၅–၂၀၁၆ ပရီမီယာလိဂ် ရာသီအဖွင့်ပွဲစဉ်တွေကို ဩဂုတ် ၈ ရက်မှာ စတင်တော့မှာဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေကလည်း ကြိုတင်ပြင်ဆင်ထားတဲ့ နည်းဗျူဟာ၊ တိုက်စစ်စုဖွဲ့မှု၊ ကစားသမားအခင်း အကျင်းတွေနဲ့ အကောင်အထည်ဖော်ပြီး နိုင်ပွဲတွေရအောင် ဖော်ကျူးတော့မှာဖြစ်ပါတယ်။ ရာသီဖွင့်ပွဲမှာ ထိပ်တိုက်တိုးမယ့်ပွဲစဉ်တွေကို ကြည့်ရင် မန်ယူ၊ ချယ်လ်ဆီးတို့အတွက် သုံးမှတ်ရဖို့ အားထည့်ရမယ့်ပွဲတွေ ဖြစ်နေပါတယ်။

မိုးမြင့်လင်းလက်

### မန်ယူနှင့် စပါး

ရာသီအကြိုကာလမှာ မနားတမ်း ပြင်ဆင်နေတဲ့ မန်ယူဟာ ခြေစမ်းပွဲတွေ၊ ဖိတ်ခေါ်ပွဲတွေမှာ ကျေနပ်စရာကောင်းတဲ့ ရလဒ်တွေရခဲ့ပေမယ့် ပီအက်စ်ဂျီကို ရှုံးနိမ့်ခဲ့ရတာက စိတ်အလိုမကျစရာဖြစ်ခဲ့ရပါတယ်။ ဒီမာရီယာထွက်ခွာသွားပြီမို့ ကွင်းလယ်ပိုင်းမှာဗန်ဟားလ် ဘယ်လိုခင်းကျင်းမလဲကြည့်ရမှာပါ။ လူအပြောင်းအလဲ သိပ်မရှိတဲ့ စပါးဟာ မန်ယူနဲ့ နောက်ဆုံးငါးကြိမ်ဆုံတွေခဲ့တဲ့ ရလဒ်ကိုကြည့်ရင် မန်ယူကတစ်ပွဲသာနိုင်ခဲ့ပြီး စပါးက တစ်ပွဲနိုင်ခဲ့ကာ ကျန်သုံးပွဲသရေဖြစ်ထားပါတယ်။ လက်ရှိမှာ ဘာစီလိုနာကို အနိုင်ကစားထားတဲ့ မန်ယူရဲ့ ခြေစွမ်းဟာ ပုံမှန်ထွက်ပေါ်ခဲ့ရင်တော့ သုံးမှတ်ဆိုတာ မန်ယူပရိသတ်တွေအတွက် ရာသီအဖွင့်လက်ဆောင်ကောင်း ဖြစ်လာပါလိမ့်မယ်။

### ချယ်ဆီးနှင့် ဆွမ်ဆီး

လက်ရှိချန်ပီယံ ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ အမှတ်ပြည့်ရမယ့်ပွဲပါပဲ။ ဒါပေမယ့် ဆွမ်ဆီးဟာ အဝေးကွင်းကစားအားကောင်းတာမို့ ချယ်လ်ဆီးတို့ပေါ့ဆကစားလို့တော့ မရပါဘူး။ ဆွမ်ဆီးတိုက်စစ်မှူးတွေက အကျဉ်းအကျပ်ကြားက ဂိုးရအောင် သွင်းယူနိုင်သူတွေဖြစ်တာမို့ ချယ်လ်ဆီးတို့ သတိထားရမှာပါ။ ဒါပေမယ့် ဆွမ်ဆီးနဲ့ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲရလဒ်ကိုကြည့်ရင် ချယ်လ်ဆီးတို့ ဂိုးပြတ်တွေချည်း သွင်းယူပြီး နိုင်ပွဲတွေရရှိခဲ့တာမို့ အခုပွဲလည်း ချယ်လ်ဆီးတို့ မျက်နှာပန်းလှမယ့်ပွဲပါ။

### အဲဗာတန်နှင့် ဝက်ဖို့ဒ်

အဲဗာတန်ဟာ ရာသီကြိုခြေစမ်းပွဲတွေမှာ ရလဒ်ကောင်းခဲ့တဲ့ ခြေစွမ်းရရှိထားပါတယ်။ အဲဗာတန်ဟာ အိမ်ကွင်းခြေစွမ်းကောင်းမွန်ပြီး ပြိုင်ဘက်ကို အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ ကစားတတ်ပါတယ်။ အဲဗာတန်ဟာ ဝက်ဖို့ဒ်နဲ့ ပွဲ ၂၀ ခန့် ကြုံတွေ့ခဲ့တဲ့ရလဒ်ကိုကြည့်ရင် အဲဗာတန်က ၁၇ ပွဲနိုင်ခဲ့ပြီး ဝက်ဖို့ဒ်က နှစ်ပွဲပဲနိုင်ထားပါတယ်။ ဒါကြောင့် အခုပွဲမှာလည်း ခြေစွမ်းကောင်းနေတဲ့ အဲဗာတန်တို့ပဲ အနိုင်ရလဒ်သိမ်းပိုက်ပါလိမ့်မယ်။

### ဘုန်းမောက်နှင့် ဗီလာ

အိမ်ကွင်းမှာ အဖွင့်ပွဲစဉ်ကစားရမှာဖြစ်လို့ ဘုန်းမောက်တို့ ခြေကုန်ထုတ်ပြီး ပထမဆုံးပရီမီယာလိဂ်ရာသီကို စတင်ဖို့ ကြိုးစားပါလိမ့်မယ်။ ချန်ပီယံရှစ်ချန်ပီယံ ဘုန်းမောက်တို့က အသင်းလိုက်ကြိုးစားအားထုတ်မှုကောင်းပြီး ဗီလာကို ဖိအားပေးကစားမှာမို့ ဗီလာတို့လည်း ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့် ဗီလာတို့ကလည်း အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားမှာမို့ အမှတ်ခွဲယူ သွားရနိုင်တဲ့ အခြေအနေလည်းဖြစ် ပေါ်နိုင်ပါတယ်။

### လက်စတာနှင့် ဆန်းဒါးလန်း

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှု သုံးပွဲမှာ ဆန်းဒါးလန်းတို့က တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဆန်းဒါးလန်းဟာ လောလောဆယ်မှာ တိုရွန်တိုအသင်းကို နိုင်ထားပြီး ဒွန်ကက်စတာအသင်းကိုတော့ ရှုံးထားပါတယ်။ လက်ရှိမှာ လက်စတာတို့ကလည်း နိုင်ပွဲတွေဆက်နေတာမို့ နှစ်သင်းစလုံးအပြန်အလှန် ဖိအားပေးကစားကြမှာဖြစ်ပြီး သရေရလဒ်ကို ဦးတည်သွားနိုင်တဲ့ပွဲပါပဲ။

### နော့စ်ဝှစ်နှင့် ခရစ္စတယ်ပဲလေ့စ်

ခြေရည်တူနှစ်သင်းမို့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ စုစုပေါင်းတွေ့ဆုံမှုပွဲရလဒ်ကိုကြည့်ရင် နော့စ်ဝှစ်က ၃၁ ပွဲနိုင်ပြီး ခရစ္စတယ်ပဲလေ့စ်က ၃၈ ပွဲနိုင်ကာ သရေ ၁၈ ပွဲဖြစ်ထားပါတယ်။ မျက်နှာသစ်နော့ဝှစ်ဟာ အိမ်ကွင်းဖြစ်တာမို့ ဒီပွဲမှာ ရသမျှအမှတ်စတင်စုဆောင်းပါလိမ့်မယ်။

### အာဆင်နယ်နှင့် ဝက်စ်ဟမ်း

နိုင်ပွဲတွေ ဆက်တိုက်ရနေပြီး အောင်ပွဲစိတ်ဓာတ်ဆူဝေနေတဲ့ အာဆင်နယ်အဖွဲ့သားတွေဟာ ရာသီအဖွင့်ပွဲစဉ်လည်းဖြစ်၊ အိမ်ကွင်းလည်းဖြစ်တာမို့ ဝက်စ်ဟမ်းကို ဖိအားပေးကစားပါလိမ့်မယ်။ နည်းပြ ဘီလစ်ရဲ့ ဝက်စ်ဟမ်းဟာ အခုပွဲမှာ အဝေးကွင်းလည်းဖြစ်ပြီး အာဆင်နယ်ဆီက အမှတ်မျှော်လင့်လို့ မရနိုင်တဲ့ပွဲဖြစ်မှာပါ။

### ဝက်စ်ဘရွန်းနှင့် မန်စီးတီး

မန်စီးတီးရဲ့ ဒီနှစ်မျှော်လင့်ချက်တွေ ပြည့်ဝဖို့ ရာသီအစပွဲစဉ် ကတည်းက အမှားမရှိအောင်ကစားပါလိမ့်မယ်။ အီဒီယီ၊ ရစ်ကီလမ်း ဘတ်တို့နဲ့ တာထွက်မယ့် ဝက်စ်ဘရွန်းရဲ့ တိုက်စစ်အင်အားက မန်စီးတီးကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ မန်စီးတီးတို့ ဂိုးမပြတ်နိုင်ပေမယ့် သုံးမှတ်ရယူမယ့်ပွဲဖြစ်ပါလိမ့်မယ်။

### နယူးကာဆယ်နှင့် ဆောက်သမ်တန်

ဆောက်သမ်တန်တို့ ပြန်လည်စုစည်းမှုရနေပြီး ရလဒ်တွေလည်း ကောင်းနေပါတယ်။ နယူးကာဆယ်ဟာ နည်းပြသစ် မက္ကလာရင်လက်ထဲမှာ ဘယ်လောက်အထိအရောင်တောက်ပလာမလဲ ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ဟာ ပြီးခဲ့တဲ့နှစ်က နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရယူခဲ့တာမို့ အခုပွဲလည်းဆောက်သမ်တန်တို့ရဲ့ နိုင်ပွဲပဲဖြစ်ပါလိမ့်မယ်။

# ရိုးမားကိုရောက်ဖို့ သေချာနေတဲ့ ဒီဇီကို

မန်စီးတီးတိုက်စစ်မှူး ဒီဇီကိုဟာ အီတလီစီးရီးအေထိပ်တန်းကလပ်ရိုးမားကိုပြောင်းဖို့ သေချာနေပြီဖြစ်ပါတယ်။ မန်စီးတီးနဲ့ ရိုးမားတို့ ဒီဇီကို ပြောင်းရွှေ့မှုအတွက် ပေါင် ၁၄ သန်းနဲ့ သဘောတူထားပါတယ်။ ဒီဇီကို ဟာ ပြီးခဲ့တဲ့ ရာသီက မန်စီးတီးအတွက် ပွဲပေါင်း ၃၂ ပွဲ ပါဝင်ကစားခဲ့ရာမှာ ခြောက်ဂိုးသာ သွင်းပေးနိုင်ခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း မန်စီးတီးနည်းပြက ဒီဇီကိုကို ရောင်းထုတ်ဖို့ အခြေအနေဖြစ်လာခဲ့ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒီဇီကိုဟာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလက ဝုဘတ်အသင်းမှ မန်စီးတီးကို ပေါင် ၂၇ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာပါ။ ဘောစနီးယားကစားသမားဒီဇီကိုအား လွန်ခဲ့တဲ့နွေရာသီက မန်စီးတီးဟာ လေးနှစ်စာချုပ်သစ်ချုပ်ဆိုခဲ့ပါတယ်။

သို့ပေမယ့် ၃၂ ပွဲမှာ ခြောက်ဂိုးသာသွင်းယူပေးနိုင်ခဲ့တဲ့အတွက် မန်စီးတီးကပြန်လည်ရောင်းထုတ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီဇီကိုဟာ ၂၀၁၂-၂၀၁၃ ရာသီက ၂၆ ပွဲမှာ ၁၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။



P/Getty Images

# အင်းတော်မြို့နယ်အတွင်း ရေကြီးသည့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းလျက်ရှိ



**အင်းတော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသောကျေးရွာများမှ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို စေတနာရှင် ပြည်သူများမှ ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"ရေကြီးရေလျှံမှုဖြစ်တာ အဆိုးဆုံးက မော်လူး၊ ဟဲနူ၊ ဂျုံးဂျုံးဂျ၊ ထန်းတော၊ သက္ကယ်ကျင်း၊ သောင်မြင်း၊ ကျောက်အိုး စတဲ့ကျေးရွာတွေဖြစ်ပါတယ်။ မော်လူးဒေသ၊ အင်းတော်ဒေသ၊ မော်တိတ်ဒေသတွေက အထက်ဘက်မှာဆိုတော့ ရေကျတာမြန်တယ်။ မဲဇာဒေသက အောက်မှာဆိုတော့ ရေကျနှေးတယ်။ အဲ့ဒီဘက်မှာ ရေတက်ပြီဆိုရင် အနည်းဆုံးသုံးရက်လောက်တော့ ကြာတတ်တယ်။ ကယ်ဆယ်ထောက်ပံ့ရေးအနေနဲ့ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီး ဌာနက ပို့ပေးတာတွေရှိတယ်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရဲ့အစီအစဉ်နဲ့ လှူတာရှိတယ်။ လူမှုရေးအသင်းအဖွဲ့တွေက လှူတာရှိတယ်။ စေတနာရှင်တွေစုပြီးတော့ လှူဒါန်းတာတွေလည်းရှိပါတယ်"ဟု မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ပြောပြခဲ့သည်။

"ကျွန်တော်တို့ရွာက အခုအကြိမ်နဲ့ဆို ရေတက်တာ သုံးကြိမ်ရှိပြီ။ အခုလိုမျိုး တစ်ခါမှ မတက်ဖူးဘူး။ အရင်တုန်းက ရေတက်တာက ရေပိုများတယ်။ အခုဟာက အရင်တုန်းကလောက် မများဘူး။ အကြိမ်ရေပဲများတာ။ လယ်တွေက မစိုက်ရသေးတော့ မပျက်သေးဘူး။ ပျိုးခင်းတွေတော့ ပျက်တာပေါ့။ မိုးပြတ်သွားရင်တော့ ပျိုးပြန်ထောင်ပြီး လယ်ပြန်စိုက်ရမှာပေါ့။ အချိန်တော့ မီပါသေးတယ်။ အခုလို ထောက်ပံ့ရေးပစ္စည်းတွေကို ကိုယ်တိုင်လာရောက် ပေးအပ်တဲ့အတွက် အလှူရှင်တွေကိုရော၊ လာပို့ပေးတဲ့ တာဝန်ရှိသူတွေရော အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ဂျုံးဂျုံးဂျ ကျေးရွာမှ ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။

**ကျော်သီဟ**

# ကျေးရွာကိုးရွာ၌ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်မည်

**အင်းတော် ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ကျေးရွာကိုးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပထမအကြိမ်တွင် ကျေးရွာ ၁၁၅၀နှင့် ဒုတိယအကြိမ်တွင် ကျေးရွာ ၃၀၀ ၌ မြစိမ်းရောင်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ကသာခရိုင်အနေဖြင့် တစ်မြို့နယ်လျှင် တစ်ရွာဖြင့် ကျေးရွာခုနစ်ရွာတွင် စီမံကိန်းအကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ ယခု ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နတ်မဟုတ်ကလေး၊ နဘားကြီး၊ ကျော်ရွာ၊ တုံစည်၊ နတ်ရေတွင်း၊ မြေပလ္လင်၊ ဟောင်းတုန်း၊ နမီး၊ ညောင်ကုန်း( ကုန်းခါး ) စသည့်ကျေးရွာများတွင် ထပ်မံတိုးချဲ့ ဆောင်ရွက်ခြင်းဖြစ်သည်။

"ဒီစီမံကိန်းကို အကောင်အထည်ဖော်ရမယ့် ကျေးရွာတွေအနေနဲ့ သိန်း ၃၀၀ ကို အရင်းအနှီးအဖြစ် ရရှိမှာဖြစ်ပါတယ်။ ဒီရရှိတဲ့ငွေကို တိုးပွားလာအောင် ရွာသူရွာသားများရဲ့ဆန္ဒအရ မဲပေးရွေးချယ်ထားတဲ့ ကော်မတီတွေက မိမိတို့ကျေးရွာနဲ့ ကိုက်ညီမယ့်နည်းလမ်းတွေကိုရှာကြံပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲ့ဒီကရလာတဲ့ အတိုးအညွန့်တွေကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အရင်းအနှီးထုတ်ပေးထားတဲ့ ငွေကိုတော့ မပျောက်သွားစေဘဲ ရလာတဲ့ အကျိုးအမြတ်ကို သုံးစွဲသွားရမှာဖြစ်ပါတယ်"ဟု ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က နတ်မဟုတ်ကလေးကျေးရွာ၌ ဩဂုတ် ၃ ရက်က ပြုလုပ်သည့် ရန်ပုံငွေကြီးကြပ်ရေးကော်မတီဖွဲ့စည်းသည့် အခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်သီဟ**

# ပွင့်ဖြူမြို့ ရေဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံအားပေး

**မင်းဘူး ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား ပွင့်ဖြူမြို့ ပြည်သူ့ဆေးရုံကြီး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ဩဂုတ် ၄ ရက်တွင် တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ကျန်းမာရေး ဆေးခန်းဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးမှုအခြေအနေ၊ ရေဘေးတွင်ပါဝင်သော ဒေသခံကျန်း မာရေးဝန်ထမ်းများ အမြန်ဆုံးပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးနှင့် ပွင့်ဖြူ အခြေခံပညာ အထက်တန်းကျောင်းကိုလည်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူများ ပြန်လည်ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ထို့နောက် ဆေးရုံအတွင်း တက်ရောက်ကုသနေသည့် လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွင့်ဖြူမြို့ စည်ပင်သာယာရေးဈေး၌ သန့်ရှင်းရေးဆောင်ရွက်မှုနှင့် မြို့တွင်းတင်ကျန်နေသည့် ရေအိုင်နှင့်နုန်းများကို ရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။ ထို့နောက် ရှောက်တောကျေးရွာ၌ ဒေသခံ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံပြီး သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်းသည့်ပစ္စည်းများကို မျှတစွာ စနစ်တကျ ထောက်ပံ့ဖြန့်ဝေပေးရေးကိုလည်း တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ထို့နောက် ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ ထောက်ပံ့ပစ္စည်းများနှင့် ငွေကျပ်ငါးသိန်းကို ပေးအပ်ခဲ့ပြီး ကျောင်းသားကျောင်းသူများ အမြန်ဆုံးစာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။ ကျောင်းတော်ရာဘုရား ကယ်ဆယ်ရေးစခန်းသို့ ဆက်လက်သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရေလွှမ်းမိုးခြင်းကြောင့် လျှပ်စစ်မီးပြတ်တောက်ခဲ့သော ပွင့်ဖြူမြို့အနီး စံပြကျေးရွာနှင့် ကံသာကြီးကျေးရွာများတွင် လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီဖြစ်ကာ ပွင့်ဖြူမြို့ပေါ်တွင် လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက်လည်း လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**



# ရပ်ကွက်ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**သံဖြူဇရပ် ဩဂုတ် ၆**

သံဖြူဇရပ်မြို့နယ် ရပ်ကွက်ကျေးရွာပေါင်းစုံ ဖိတ်ခေါ်ဖလား အသက်(၂၃) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂ရက်က မြို့နယ်အားကစားပြိုင်ကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သန်းဦး၊ တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် အားကစားသမားများ၊ ပရိသတ်များတက်ရောက်ကြပြီး ဒုတိယဝန်ကြီးက အမှာစကား၍ ပြိုင်ပွဲကိုဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ သူ့ထက်သာဘောလုံးကလပ်အသင်းနှင့် ပငကျေးရွာ လူငယ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲသို့ အသင်းပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း**(iprd)

# မြဝတီမြို့တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ညှိနှိုင်းဆွေးနွေး

**မြဝတီ ဩဂုတ် ၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၃ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ယခုနှစ်မိုးဦးရာသီမှစ၍ မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အထူးသဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှု အလွန်များပြားလျက်ရှိကြောင်း၊ မြဝတီမြို့အနေဖြင့်လည်း ၂၀၁၃ ခုနှစ်က သောင်ရင်းမြစ်ရေလျှံတက်ပြီး ရေကြီးခဲ့သည့်အတွေ့အကြုံကို သင်ခန်းစာယူကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး သဘာဝဘေးကာကွယ်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းစေရန်နှင့် မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း အချိန်များတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျလုပ်နိုင်ရန် ကြိုတင်စီမံထားရမည့် ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ လူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်အသင်းဝင်များတက်ရောက်ခဲ့ကြသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

> ၂၀၁၃ ခုနှစ်က သောင်ရင်းမြစ်ရေလျှံတက်ပြီး ရေကြီးခဲ့သည့်အတွေ့အကြုံကို သင်ခန်းစာယူကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်သွားရမည်ဖြစ်...

# ကလေးမြို့ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ နေ့စဉ်ရောက်ရှိနေ

**ကလေး ဩဂုတ် ၆**

ကလေးမြို့မှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို မြန်မာ့လေကြောင်း၊ ကမ္ဘောဇ၊ အဲယားပုဂံ၊ ရတနာပုံ၊ ရွှေမြန်မာလေကြောင်းလိုင်း၊ တပ်မတော်လေယာဉ်ကြီးနှင့် ရဟတ်ယာဉ်များဖြင့် သယ်ပို့ပေးလျက်ရှိရာ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ နေ့စဉ်ရောက်ရှိနေကြောင်း သိရသည်။

"အရင်ရက်တွေတုန်းကတော့ လေယာဉ်အငယ်တွေနဲ့ နေ့စဉ် အခေါက်ခေါက်အခါခါ ကယ်ဆယ်ရေးပစ္စည်းတွေ သယ်ပို့နေကြတယ်။ ဒီနေ့မှာတော့ Y8 အမျိုးအစားဆိုတဲ့ တပ်မတော်လေယာဉ်အကြီးတွေနဲ့ သယ်ပို့ပေးနေတာကို တွေ့ရတယ်။ ကယ်ဆယ်ရေးစခန်းမှာရှိတဲ့ ပြည်သူတွေအတွက် နိုင်ငံတော်သမ္မတကြီးကလည်း ခြောက်လစာအထိ ပံ့ပိုးပေးမယ်လို့ ပြောထားပါတယ်" ဟု ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။ ထောက်ပံ့ရေးပစ္စည်းများဖြစ်သော ဆန်အိတ်၊ သောက်ရေသန့်၊ အသင့်စားခေါက်ဆွဲ၊ မုန့်မျိုးစုံ၊ ကြာဇံ၊ ကြက်ဥနှင့် ဆပ်ပြာစသည့် ပစ္စည်းအမျိုးမျိုး နေ့စဉ်ရောက်ရှိနေပြီး ကယ်ဆယ်ရေးစခန်းများသို့ နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုသည် တဖြည်းဖြည်း သိသာစွာ ကျဆင်းလာပြီဖြစ်သည့်အတွက် မြို့တော်ခန်းမအပါအဝင် အစိုးရဌာန အဆောက်အအုံများ၊ လူနေအိမ်များတွင် သန့်ရှင်းရေးလုပ်ငန်းများ စတင်လုပ်ကိုင်နေကြကြောင်း၊ အချို့ဈေးဆိုင်များလည်း ပြန်လည်ဖွင့်လှစ်ပြီး ကုန်ပစ္စည်းများ ရောင်းချနေကြပြီဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**(iprd)




**ကလေးလေဆိပ်သို့ ရောက်လာသော ထောက်ပံ့ပစ္စည်းများကို သယ်ယူနေစဉ်။**

# တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

**စစ်ကိုင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို စစ်ကိုင်းမြို့ပိုးတန်းရပ်ရှိ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်သူ့အားကစားကွင်း၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။



ဖွင့်ပွဲတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များကအလှူငွေများကို ပြိုင်ပွဲကျင်းပရေးကော်မတီဝင် စစ်ကိုင်းပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဆွေထွန်းထံ ပေးအပ်ခဲ့သည်။ ထို့နောက် စစ်ကိုင်းတက္ကသိုလ်အသင်းနှင့်သမဝါယမတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတက္ကသိုလ်အသင်းက ၃ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြိုင်ပွဲသို့ (စစ်ကိုင်း)တက္ကသိုလ်၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၊ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ၊ ပညာရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှ ဘောလုံးအသင်းများဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဩဂုတ် ၃ ရက်မှ ၁၃ ရက်အထိယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# ရေကြီးမှုကြောင့် လယ်မြေပျက်စီးဆုံးရှုံးမှုများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးထားသော မိုးစပါးခင်းများ နစ်မြုပ်ပျက်စီးမှုနှင့် လွဲလောရေတားတမံ ကျိုးပေါက်မှုကို ပြန်လည်ပြုပြင်နေသည့် အခြေအနေများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၃ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်း၊ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် မိုးကောင်းမြို့နယ်အတွင်းရှိ ကြာအင်းကြီး၊ အင်ကြင်းနှင့် လွဲလောကျေးရွာများတွင် ရေကြီးရေလျှံမှုကြောင့် နစ်မြုပ်ပျက်စီးသွားသော လယ်ယာမြေများတွင် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် စပါးမျိုးစေ့များ စိုက်ထုတ်ပေးနိုင်ရေးအတွက် လွဲလောကျေးရွာအုပ်စု၌ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် မှာကြားခဲ့ပြီး လယ်ယာမြေများပျက်စီးခဲ့သော တောင်သူများအား တွေ့ဆုံအားပေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် လွဲလောကျေးရွာရှိ လွဲလောရေတားတမံ ကျိုးပေါက်မှုအခြေအနေနှင့် စက်ယန္တရားကြီးများဖြင့် ယာယီပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာတမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရေလွှမ်းမိုးခြင်းခံခဲ့ရသည့် လွဲလောကျေးရွာ၊ မန်ပင်ကျေးရွာ၊ကြာအင်းကြီးကျေးရွာနှင့် အမှတ်(၇၄)ခြေလျင်တပ်ရင်းရှိ တပ်တွင်းအခြေခံပညာမူလတန်းကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ဆရာဆရာမများ ဖြည့်တင်းခန့်ထားနိုင်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် တစ်ကျောင်းလျှင် မတည်ငွေ ကျပ်ငါးသိန်းစီကို ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ပြီး လူမှုရေးဝန်ကြီးက လွဲလောအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မိုးကောင်းပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးပြီး ဆေးရုံရေလွှမ်းမိုးခံရမှုအခြေအနေနှင့် ဆေးသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုးကောင်းမြို့နယ်တွင် ဇူလိုင် ၁၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် လူနေအိမ်များ၊ အခြေခံပညာကျောင်းများနှင့် မိုးစပါးစိုက်ဧက ၁၂၀၀၀ ကျော် ရေနေမြုပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# သတင်းတိုများ

## လေဘေးသင့်အရန်မီးသတ်တပ်ဖွဲ့ဝင်မိသားစုများအား ကူညီထောက်ပံ့

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရွာသာယာရွာ၌ ဩဂုတ် ၃ ရက်နံနက်ပိုင်းက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များ လဲပြိုပျက်စီးခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မိသားစုလေးစုအား မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမင်းနိုင်၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးအေးကြွယ်နှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ တပ်ဖွဲ့ဝင်မိသားစုတစ်စုလျှင် ဆန်တစ်အိတ်နှင့် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ကူညီခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## ဆိပ်ဖြူအထက၌ကျောင်းဆောင်သစ်တည်ဆောက်မည်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ကို ရန်ကုန်မြို့နေ အလှူရှင် ဦးထိန်ဝင်းမိသားစု(မြစ်မခကုမ္ပဏီ)၏ လှူဒါန်းမှုဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ပန္နက်တင်အခမ်းအနားကို ဩဂုတ် ၂ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုး၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးကျော်အောင်၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ အလှူရှင်မိသားစုဝင်များက ပန္နက်များတင်ခဲ့ကြသည်။ ကျောင်းဆောင်သစ်သည် အလျား ၁၄၀ ပေ၊ အနံ ပေ ၃၀ ရှိ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပရိဘောဂများ၊ စာသင်ခုံများနှင့် ရေမီးအပြည့်အစုံကိုပါ တပ်ဆင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**

# အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနရုံးသစ်ဖွင့်

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ထားဝယ်အထူးစီးပွားရေးဇုန်)ရုံး ဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ တိုင်းဒေသကြီးအလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနရုံး၌ ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဦးသန်းအောင်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်တို့က အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန(ထားဝယ်အထူးစီးပွားရေးဇုန်)ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက နိုင်ငံတော်တွင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေရေးနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများတိုးတက်နိုင်စေရန် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သော ထားဝယ်အထူးစီးပွားရေးဇုန်တွင်လည်း အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်စေရန် အတွက် ထားဝယ်အထူးစီးပွားရေးဇုန်ရုံးကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ထားဝယ်မြို့တွင်ဖွင့်လှစ်သည့် အထူးစီးပွားရေးဇုန် ရုံးသည် တိုင်းဒေသကြီး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနရုံးတွင် တွဲဘက်ဖွင့်လှစ်ထားခြင်း ဖြစ်ကြောင်း၊ နောင်တွင် ထားဝယ်ရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန်တွင် ရုံးသစ်ဆောက်လုပ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း

**ငါန်းဇွန် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မကြီးကြပ်ကျေးရွာအုပ်စုမှ မကြီးကြပ်ကျေးရွာနှင့် ညောင်လေးပင်ကျေးရွာများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်နှင့် ဦးမြတ်သူတို့က ဦးစီး၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဩဂုတ် ၄ရက်တွင် ခြင်ဆေးများဖျန်းခဲ့သည်။ ညောင်လေးပင်ကျေးရွာ၌ ဘုန်းတော်ကြီးကျောင်း၊ အခြေခံပညာမူလတန်းကျောင်းနှင့် အိမ်ခြေ ၄၇ အိမ်၌ ဆေးဖျန်းခဲ့ပြီး မကြီးကြပ်ကျေးရွာ၌ အိမ်ခြေ ၂၅ အိမ်၌ ဆေးဖျန်းခဲ့ကြောင်း သိရှိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

CAFETERIA & B-2-B Meeting
Enjoy Drinks, Food & Wifi
COFFEE Vending Machine
FREE High Speed WIFI by REDLINK

MiTA MYANMAR
MEDICAL AND HEALTHCARE EXHIBITION & CONFERENCE 2015
7th-9th Aug 2015 Friday ~ Sunday 9 am - 5 pm Tatmadaw Hall, Yangon

3 Exhibitions in 1 International Event
- Medical & Healthcare
- Pharmaceutical
- Sports, Fitness & Cosmetics

Entry Free

Myanmar Healthcare Inv. Conference
- Famous Foreign & Myanmar Speakers
AGENDA: http://bit.ly/1dMGD8Q

Amazing Event ... Opportunity to meet:
- More than 55 International & Local Companies
- Prominent Medical Professors & Doctors

MiTA MYANMAR ... MYANMAR MARKET PARTNER www.mitaservices.com www.mitamyanmar.com www.myanmarinvestmentbusiness.com

လျှပ်စစ်ခြေအောင်လျှော်ပါ
ရေဆေးအလျှော်
T-Shirt=490.Ks
(တစ်ထည်)
01-430916, 09-5141086, 09-254136500

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဂ/၆၆၁၁ Beising. S/W (4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းဦး ၁၂/ကမရ(နိုင်)၀၂၈၀၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

လင်းရှင်း
ရွှေနဂါး ဝမ်းမှန်ဆေး






Calsome

## ကျေးဇူးတင်ရှိကြောင်း

ကယ်လ်ဆမ်ကော့ကာ၏ "ပျော်ရွှင်လှပ မိသားစုဘဝ အမှတ်တရ" ဓာတ်ပုံပြိုင်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်းများစွာလက်ခံရရှိပြီး ဓာတ်ပုံပေးပို့ပြိုင်ပွဲဝင်ကြသော ကယ်လ်ဆမ်ကော့ကာ၏ မိသားစုဝင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပထမအဆင့်ဖြန့်ပြိုင်ပွဲအတွက် ဆုရဓာတ်ပုံများကို (၁၅.၈.၂၀၁၅) ရက်နေ့တွင် ကယ်လ်ဆမ်ကော့ကာ၏ Facebook စာမျက်နှာ၊ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ Weekly Eleven ဂျာနယ်နှင့် 7Day News ဂျာနယ်များတွင် ထည့်သွင်းကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျေးဇူးတင်မှုဖြင့်
ကယ်လ်ဆမ်ကော့ကာမိသားစု



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၄/၂၀၁၅-၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၁။ ပလတ်စတစ်စေ့ (၅၅ ပေါင်ပါ) ၈၀၀ အိတ်
Tasnee (Saudi Arabia)

၂။ တင်ဒါပေးသွင်းမှုကို ၂၅-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၀၁**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများပြုလုပ်ရန်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၅/၂၀၁၅-၂၀၁၆)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန စိုက်ခင်းလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် (၃"-၇")အရွယ် ပလတ်စတစ်ပျိုးအိတ် ၂၇၅၀၀ပေါင်ကို ကုန်ကြမ်းပေး/ကုန်ချောယူစနစ်ဖြင့် ပြုလုပ်လိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၅-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၀၁**

## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန
## ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသော လူနာများအတွက် အသုံးပြုရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၈-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၂၅-၈-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၂၂၂၅၊ ၃၃၉၆၅**

# စိုက်ပျိုးရေးကုမ္ပဏီမှ သင်တန်းသားဝန်ထမ်းများ အလိုရှိသည်

၁။ လိုအပ်သည့်အရည်အချင်းနှင့် သတ်မှတ်ချက်များ
(က) လက်ရှိလယ်ယာလုပ်ကိုင်နေသူ(သို့)လယ်ယာလုပ်ငန်း လုပ်ကိုင်မှုတွင် အတွေ့အကြုံရှိသူ။
(ခ) အလယ်တန်းအဆင့်ပညာအရည်အချင်းရှိသူ(အသက် ၂၀ မှ ၄၀ အတွင်း ဖြစ်ရမည်)
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး အသောက်အစားကင်းရှင်းသူ၊ စိုက်ခင်းတွင် လက်တွေ့သရုပ်ပြ ကွင်းဆင်းလုပ်ဆောင်နိုင်သူ။

၂။ လုပ်ကိုင်ရမည့်အချက်အလက်နှင့် ခံစားခွင့်
(က) ၆ လမှတစ်နှစ်အတွင်း ကုမ္ပဏီစိုက်ခင်းတွင် စိုက်ပျိုးရေးပညာသင်ကြားပို့ချပေးမည်။
(ခ) သင်တန်းကာလအတွင်း ကုမ္ပဏီမှ နေစရိတ်၊ စားစရိတ် စီစဉ်ပေးမည့်အပြင်၊ လစဉ်(၁)သိန်းကျပ်ထောက်ပံ့ပါမည်။ သင်တန်းပြီးဆုံးချိန်လုပ်ငန်းကို ကြိုးစားလုပ်ကိုင်သူများအား ကုမ္ပဏီမှ ဂုဏ်ပြုဆုငွေချီးမြှင့်မည်။
(ဂ) သင်တန်းကာလအတွင်း အဓိကသင်ကြားပေးမည့်ပညာ-ခရမ်းချဉ်သီး၊ ထိုင်ဝမ်ပြောင်းဖူးစိုက်ပျိုးခြင်း၊ မျိုးစပ်ခြင်းနှင့်မျိုးစေ့ထုတ်လုပ်မှုပညာ။
(ဃ) သင်တန်းသား/သူများသည် ကုမ္ပဏီ၏ နည်းပညာဆရာ ညွှန်ကြားချက်အတိုင်း မျိုးစေ့ကြဲခြင်း၊ စိုက်ပျိုးခြင်း၊ မျိုးစပ်ခြင်း၊ မျိုးစေ့သိမ်းကာလအထိ သတ်မှတ်ထားသည့်ဧရိယာတွင် တာဝန်ယူပြီး ဆောင်ရွက်ရမည်။
(င) သင်တန်းပြီးဆုံးသည့်အခါ အရည်အချင်းပြည့်မီသူများအား ကုမ္ပဏီမှ အမာခံဝန်ထမ်းအဖြစ် ခန့်အပ်ပါမည်။ ကုမ္ပဏီမှ အမာခံဝန်ထမ်းအား ကိုယ်စားလှယ်အဖြစ်ခန့်အပ်ပြီး မိမိနေထိုင်သည့်ဒေသသို့ပြန်၍ မျိုးစပ်၊ မျိုးစေ့ထုတ်လုပ်ငန်းကို ဖွံ့ဖြိုးတိုးချဲ့နိုင်ပါသည်။

၃။ သင်တန်းပေးမည့်နေရာ-မန္တလေးတိုင်းဒေသကြီး(သို့)စစ်ကိုင်းတိုင်းဒေသကြီး
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်နှင့် စိုက်ပျိုးရေးအတွေ့အကြုံ၊ ဓာတ်ပုံ(၂)ပုံအား အောက်ပါကုမ္ပဏီလိပ်စာအတိုင်း လျှောက်လွှာများ ပေးပို့နိုင်ပါသည်။
- ယုံလွှီလယ်ယာဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက် အမှတ် ၄၈၊ ၇၁ လမ်း၊ ၃၂×၃၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၁၆၀၉၈၊ ၀၉-၇၉၇၄၆၀၈၈၉
- ကုမ္ပဏီမှ နှစ်သက်ရွေးချယ်သူများအား အင်တာဗျူးရန် ဖုန်းဖြင့် ဆက်သွယ်ပါမည်။ ကိုယ်တိုင်လာရောက် အင်တာဗျူးသူကို လမ်းစရိတ်ထောက်ပံ့ပါမည်။

# INVITATION FOR PRICE QUOTATIONS

The Republic of the Union of Myanmar has received financing from the International Development Association (IDA) toward the cost of the National Community.Driven Development Project (NCDD).The Department of Rural Development (DRD)of the Ministry of Livestock, Fisheries and Rural Development,in its role as implementing agency of the NCDD,intends to apply a portion of the proceeds of this credit to eligible payments under the contract for which this Invitation for Quotation is issued.

DRD now invites eligible suppliers to express their interest in supplying the following items:

| Ref No | Description of Goods or Services | Quantity | Units |
|---|---|---|---|
| G.9 | Microsoft Office Software | 300 | Licenses |
| G.11(b) | GSM Mobile | 36 | Nos |
| G.18 | MIS Server | 18 | Units |
| G.27 | Motorcyclc Crash Helmets | 1493 | Pieces |

Expressions of Interest must be submitted in a written form to the address below(in person,or by mail,or by e-mail) by **August 24,2015** and clearly indicate one or more of the Reference number (s) above. Eligible suppliers having expressed interest will receive a REQUEST FOR QUOTATION Sealed Quotations will be submitted to the address below at the Iatest the dead line,after which no Quotations will be accepted.

The goods will be contracted in 4(four)separate contracts Suppliers will be selected following the Shopping Method as per the "Guidelines for Procurement of Goods, Works and non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers" dated January 2011.

Please submit Expression of Interest and Sealed Quotation to:U Kyaw Soe,Deputy Director General,Department of Rural Development,Office No.(14),Nay Pyi Taw

For detailed information please contact Mr.U Kyaw Swa Aung,Director,Procurement and Logistic Section,Mobile phone-09-43434333 or office phone -067409071.

For more information on the NCDD Project please also visit DRD's Website:www.cdd.drdmyanmar.org.

# Vacancy Announcement for Project Manager Post

The University of Forestry (UOF), Ministry of Environmental Conservation and Forestry, and ICRAF-ECA (World Agroforestry Centre-East and Central Asia) are jointly implementing, "Agroforesty; Alternatives to Shifting Cultivation in Upland Myanmar" Project in Myanmar, and we are seeking a project Manager for the Project.

**Title of the Post:**Project Manager Duration is for Years (First contract for 6 months)

**Location: Yezin** (The PM will be based at the University of Forestry, Yezin, under the supervision of the Pro-Rector of UOF and with reference to the Senior Project Leader at World Agroforestry Centre, East and Central Asia, Kunming, China)

**Terms of Reference:**

**1. Primary Duties and Responsibilities:**

**Task 1:Administrative Responsibilities**

1.1 To coordinate logistics for field activities, workshops, travel, etc.
1.2 To manage the allocated budget and to perform accounting services.
1.3 To maintain regular communication with the donor and with project partners.
1.4 To assist in the preparation of reports to the donor.
1.5 To supervise staff at the project office.
1.6 To be responsible for the acquisition and/or maintenance of project-related material (project vehicle, computer...)

**Task 2:Research/ Capacity Building Responsibilities**

2.1 To assist with data entry, storage and management.
2.2 To assist with the development of training programs and materials
2.3 To assist in the preparation and dissemination of policy briefs and other project-related publications.

**Task 3:General Responibilities**

3.1 To assist in contacting partners, farmers, farmer groups.
3.2 To assist in translating relevant texts from English to Myanmar Language and vice versa.

**Minimum Required Academic and Professional Qualification**

* Bachelor degree and very good command of English and Myanmar Language;
* Minimum 2 years of relevant experience
* Ability in personal organization, planning, priority setting and managing multiple skills;
* Basic computer, IT, administrative and documentation skills;
* Willing to learn new skills/knoweledge related to the tasks specified above.

**Application Closing Date: 20 August 2015 (16:00hrs)**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း ၅ လမ်း၊ အိမ်နံပါတ်(၆)၊ မြေညီ(B)နေ ဦးစံသွင် ၁၂/ကမရ(နိုင်)၀၀၅၁၈၁၊ ဒေါ်မေရီအောင် ၇/လပတ(နိုင်)၀၁၀၈၅၁ တို့၏ ဒုတိယသား မောင်သူရိန်အောင် ၁၂/ကမရ(နိုင်)၀၆၂၇၁၂ သည် မိဘနှင့်ညီအစ်မများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၄င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံးကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးစံသွင်-ဒေါ်မေရီအောင်**

## မြန်မာနိုင်ငံစာရင်းကောင်စီ
## ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း ၂၀၁၆ ပညာသင်နှစ်အတွက်
# သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်၊ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း (၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်)၌ ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း (တစ်နှစ်)၊ ဒုတိယပိုင်း(တစ်နှစ်) ဖြစ်ပါသည်။

၂။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းတက်လိုသူများသည် အပိုဒ်-၁ ပါ လိပ်စာတွင် သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၅၀၀၀၊ လျှောက်လွှာကြေး ကျပ် ၁၀၀၀၊ စုစုပေါင်း ကျပ် ၆၀၀၀ ပေးသွင်း၍ သတ်မှတ်လျှောက်လွှာပုံစံနှင့်အတူ ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ ၁"×၁" အရွယ် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူပူးတွဲလျက် ၁၇-၈-၂၀၁၅ရက်မှ ၁၁-၉-၂၀၁၅ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၁၀နာရီမှ ညနေ ၃ နာရီအတွင်း ကိုယ်တိုင်လာရောက်လျှောက်လွှာတင်သွင်းရမည်။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၈ရက်တွင် ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများစာရင်းကို ၃၀-၁၁-၂၀၁၅ရက်တွင် ထုတ်ပြန်ပါမည်။

**မြန်မာနိုင်ငံစာရင်းကော်စီ**

## အများသိစေရန်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၇)၊ အောင်သစ္စာတိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ်(၈၁၂)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၂၈ဧကရှိ မြေဂရန်အမည်ပေါက် အရာခံဗိုလ်အဲချို ၁၃/လရန(နိုင်)၀၀၉၆၃၂ ၏ မြေဂရန်အမှုတွဲအမှတ် ၆၂၆-၅/၂၀၀၈-၂၀၀၉(စီ)(၃)နှစ် လိုင်စင်မှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများ ရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**အရာခံဗိုလ်အဲချို ၁၃/လရန(နိုင်)၀၀၉၆၃၂၊ လားရှိုး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြိုင်မြို့နယ်တရားမရုံး၌
## ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၉

| တရားလိုများ | | တရားပြိုင်များ |
|---|---|---|
| ၁။ ဦးကြည် | နှင့် | ၁။ ဦးဝင်းမြိုင် |
| ၂။ ဒေါ်အေးဂျမ်း | | ၂။ ဦးဝင်းဆွေ |
| ၃။ ဒေါ်သန်း | | ၃။ ဦးဝင်းရွှေ |
| | | ၄။ ဦးဝင်းကြိုင် |
| | | ၅။ ဦးဝင်းလှိုင် |
| | | ၆။ ဦးကံမြင့် |

မြိုင်မြို့နယ်၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ သံပုရာခြံကျေးရွာနေ ဦးဝင်းဆွေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကြည်၊ ဒေါ်အေးဂျမ်း၊ ဒေါ်သန်းတို့က အမွေခွဲဝေရန်ကျန်ရှိခဲ့သော အိမ်ဝိုင်းမြေ၊ လယ်ယာမြေများအား အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဝင်းနိုင်)**
**မြို့နယ်တရားသူကြီး**
**မြိုင်မြို့နယ်တရားရုံး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရထားပို့ဆောင်ရေးဝန်ကြီးဌာန
# မြန်မာ့မီးရထား
# ရန်ကုန်ဘူတာကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်
# ရင်းနှီးတည်ဆောက်လိုသူများ၏ အဆိုပြုလွှာများကိုဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှု၍ စီမံကိန်း/အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်လျက်ရှိသည့် ရည်မှန်းချက်နှင့်အညီ မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေကို မဟာရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ၂၅.၇၄၆ ဟက်တာ ၆၃.၆၂ ဧကပေါ်တွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ ဘက်စုံဖွံ့ဖြိုးရေးနှင့် ပို့ဆောင်ရေးစနစ်များ ပါဝင်မည့် စီမံကိန်းတစ်ရပ်ကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မြန်မာ့မီးရထားသည် ရန်ကုန်ဘူတာကြီး ယာဒ်ဝင်းနယ်မြေ ဖွံ့ဖြိုးရေးစီမံကိန်းအား အနာဂတ်ရည်မှန်းချက်များနှင့်အညီ ပြီးပြည့်စုံသောဖွံ့ဖြိုးတိုးတက်မှုဖြစ်လာစေရေးအတွက် ဒီဇိုင်းပုံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်လွှဲပြောင်းခြင်း စသည်များအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း တင်ဒါခေါ်ယူခဲ့ရာတွင် မြန်မာ့မီးရထား၏မျှော်မှန်းချက်နှင့် သတ်မှတ်ချက်များ ပြည့်မီခြင်းမရှိသည့်အတွက် တင်ဒါပြန်လည်ခေါ်ယူသွားမည်ဖြစ်ရာ မြန်မာ့မီးရထားနှင့်ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိသော ရင်းနှီးတည်ဆောက်လိုသူ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်/ ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest)(EOI) အဆိုပြုလွှာများ ပေးပို့တင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ (EOI)အဆိုပြုလွှာကို ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)၊ မြန်မာ့မီးရထား၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင်ရယူနိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူများသည်(EOI)မူရင်း၊ မိတ္တူတစ်စုံနှင့် CD Copy တစ်စုံကို အထက်ပါ လိပ်စာသို့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၆ရက် ၁၄း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။ (E-mail)ဖြင့် ပေးပို့တင်ပြခြင်းကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ရန်ကုန်ဘူတာကြီး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်အလက်များနှင့် လုပ်ငန်းအဆိုပြုလျှောက်လွှာနမူနာပုံစံများကို www. yangonrailway-station.com.mm website တွင်လေ့လာနိုင်ပါသည်။ E-mail-yrsdev@yango-nrailwaystation.com.mm နှင့် ဖုန်းနံပါတ်+ ၉၅-၁-၃၉၃၄၂၄၊ ၂၉၁၉၅/၂၉၁၉၄ ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့မီးရထား**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

## ရောင်းရန်

သန်လျင်၊ အောင်ချမ်းသာတိုးချဲ့ ရပ်ကွက် မြေ (၄၀×၆၉)ပေ သိန်း (၆၀၀)ကျပ် ညှိနှိုင်း။

**ဖုန်း-၀၉-၂၆၂၄၀၅၄၈၆၊ ၀၉-၉၇၅၅၀၄၃၁၅**

## TOYOTA PASSO ရောင်းမည်

2010 model (+ HANA grade) ရုပ်ပြောင်း၊ HID. Fog Light. Digital A/C. Original TV/ Back cam. ရှေ့ခုံဆက်။ စတီနံပါတ်။ ရန်ကုန်လိုင်စင်။

**ဖုန်း-၀၉-၇၃၀၅၇၀၉၂၊ ၀၉-၉၇၆၈၂၅၁၆၁**

MSP MINING

## ရုံးချုပ်နေရာပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးခြင်း

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ အမှတ်(၃)လမ်းမနှင့် ဗေဒါလမ်းထောင့်၊ အမှတ် (၁၀၁)တွင်ဖွင့်လှစ်တည်ထောင်ထားသော Myan Shwe Pyi Mining Limited (ရုံးချုပ်)ကို အောက်ဖော်ပြပါ လိပ်စာအသစ်သို့ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့မှ စတင်ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ရုံးချုပ်နေရာသစ်လိပ်စာ**

**အမှတ် ၁၁၃၊ မြနန္ဒာလမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-(၉၅-၁) ၉၄၁၀၁၈၇၊ (၉၅-၉) ၂၆၁၈၂၆၈၉၈၊ ၂၆၁၈၂၆၈၉၉၊**
**ဖက်စ်-(၉၅-၁) ၉၄၁၀၁၈၆**

## သတ္တုတွင်းဝန်ကြီးဌာန
## အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ရုံးချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ စီမံကိန်းများနှင့် စက်ရုံတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ရုံးသုံးစက်ပစ္စည်းကိရိယာ/ရုံးသုံးစာရေးကိရိယာ/ဆေးနှင့်ဆေးဝါးပစ္စည်း/ရုံးအသုံးအဆောင်၊ ဓာတ်ရိုပ်သာ၊ သန့်ရှင်းရေးသုံးပစ္စည်း၊ သတ္တုအိတ်ခွံနှင့်ဆက်စပ်ပစ္စည်း

၂။ **တင်ဒါပုံစံထုတ်ပေးရက်** - ၃-၈-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်ရက်** - ၂၈-၈-၂၀၁၅ ရက် ၁၅း၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်-

(က) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁

(ခ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉

(ဂ) တနင်္သာရီတိုင်းဒေသကြီး တိုင်းအထွေထွေမန်နေဂျာရုံး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၁၀၀

(ဃ) တနင်္သာရီတိုင်းဒေသကြီး ဒုအထွေထွေမန်နေဂျာရုံး၊ မြိတ်မြို့၊ ဖုန်း-၀၅၉-၄၂၂၉၄

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**

## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

ဆေးတက္ကသိုလ် (၂)ရန်ကုန်၊ (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၅-၉-၂၀၁၅ ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း အစမ်းလေ့ကျင့်ခြင်းကို ၄-၉-၂၀၁၅ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီကရီ အောင်မြင်ပြီးသူများနှင့် ၂၀၁၄ ခုနှစ် ဇွန်လအတွင်း နောက်ဆုံးအမ်ဘီဘီအက် အပိုင်း(ခ) သင်တန်းစာမေးပွဲ အောင်မြင်ပြီး အလုပ်သင်တာဝန်(၁)နှစ် တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီက အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

**ဘွဲ့နှင်းသဘင်ကြေး** - ၁၅၀၀ိ/- (ကျပ်တစ်ထောင်ငါးရာတိတိ)

**အဝေးရောက်ဘွဲ့ကြေး** - ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

**လျှောက်လွှာပိတ်ရက်** - ၁၄-၈-၂၀၁၅ ရက် (သောကြာနေ့)

သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်လျက် နောက်ဆုံး ရိုက်ကူးထားသော (အဖြူအမည်း-၁ လက်မခွဲ×၂လက်မ) (အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ (သို့) အနောက်တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ဆံပင်ဖားလျားမဖြစ်ရ၊ ရင်ဖုံး၊ ရင်စေ့လက်ရှည်အင်္ကျီဖြင့် ဓာတ်ပုံဖြစ်ရမည်) ဓာတ်ပုံ (၃)ပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကို သိလိုလျှင် ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်း သဘင်ဌာနစိတ် ဖုန်း-၉၆၉၀၁၂၇-လိုင်းခွဲ-၂၀၈နှင့် မော်ကွန်းထိန်း ဖုန်း-၉၆၉၉၈၅၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နော်မော်ရင်း**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း**

## ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီး(၁)ရုံးတော်၌**
**၂၀၁၄ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၈၆ နှင့်ဆက်နွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဓာရီမှုအမှတ်-၆၄**

ဦးသီဟအောင် **နှင့်** (၁) ဦးထွန်းမြင့်
(၂) ဒေါ်ကြည်ကြည်ဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ်(၈၅၃)၊ သီပေါလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ (၁)တရားရှုံးဦးထွန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၈၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်နှင်းလွင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူဝင်းငယ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ ရပ်ကွက်၊ ပါရမီအိမ်ရာ၊ တိုက် (၂)၊ အခန်း (၁၀၅) တွင်နေထိုင်သူ မလွင်လွင်မာ (ခ)ဧကေမွန် ၁၂/လမန(နိုင်)၁၄၂၂၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မလွင်လွင်မာသည် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် (၇)တွင်နေထိုင်သူ မောင်စိုးစံ ၁၂/ကမတ(နိုင်)၀၆၃၈၄၆ နှင့် လွန်ခဲ့သောလေးနှစ်ခန့်က တရားဝင်လက်ထပ်ခဲ့ပြီးသား ကုဋေမင်းခန့် (ခ) Nicolas တစ်ဦးရရှိကာ ယနေ့ချိန်ထိ ပေါင်းသင်းနေထိုင်လျက်ရှိပါသည်။ သို့ပါ၍ ဒေါ်လွင်လွင်မာသာလျှင် တရားဝင်မယားကြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာထွန်း LL.B (အထက်တန်းရှေ့နေ)**
**ဒေါ်အေးအေးမြင့် LL.B (အထက်တန်းရှေ့နေ)**
**အမှတ် (၈၃/၁၁)၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၂၅၄၄၁၉၅၂၀၊ ၄၂၀၃၁၄၇၀၃**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ခွဲ)ရွှေပေး သတ္တမတန်းမှ မယမင်းအေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်ကျော်မင်း ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်မင်း**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း အတွဲ(၁)-Iမှ မမြတ်နိုးနွယ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးညွန့်ရွှေဖြစ်ပါကြောင်း။

**ဦးညွန့်ရွှေ ၆/ကစန(နိုင်)၀၁၇၀၁၆**

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(ခွဲ)ရွှေပေး၊ သတ္တမတန်းမှ မောင်သက်ပိုင်စိုး၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်စန်းစန်းသက် ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းသက်**

## မွေးသက္ကရာဇ်မှန်

ဦးစိုးနိုင်၏သား အေးသာယာမြို့နယ်မှ မောင်ကျော်ဇေယျ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁၂-၁၉၉၄ ဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူ
## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်ရဲမင်းသူ ၁၃/တကန(နိုင်)၂၀၉၈၆၄ နှင့်မခိုင်မာစိုးမိုး ၇/ပမန(နိုင်)၁၄၃၅၈၉ တို့သည် ၁၈-၅-၂၀၁၄ ရက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**မောင်ရဲမင်းသူ**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊တက္ကသိုလ်ဝင်တန်း(က)မှ မအဲလိဇဘက်၏ ဖခင်အမည်မှန်မှာ ဦးဝါးမို ၁၃/ဖခန(နိုင်)၀၁၄၂၂၇ ဖြစ်ပါကြောင်း။

**ဦးဝါးမို**

## အမည်ပြောင်း

ဦးခွန်အောင်ဇေယျ(ခ) ခွန်ဇော်ထွေး၏ သားနှင့်သမီးများဖြစ်သော လှိုင်ကော်မြို့၊ အလက(၃)၊ သတ္တမတန်းမှ မဆုမြတ်သီရိအား မမြတ်သီရိဝင်း၊ပဉ္စမတန်းမှ မောင်နေဦးခွန်အား မောင်အောင်မြတ်ပိုင်၊ ပထမတန်းမှ မောင်နေဥက္ကာအား မောင်အောင်ချမ်းငြိမ်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၆၅၀၈၄ Luojia ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်လွင် SSG-၀၁၉၇၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (တောင်ကြီး)**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် EE-2896 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4557 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်

**ကာ/ယ(ငြိမ်း)၊ အထက(၁)(ဝါးခယ်မ)**

**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၁၇)ဝါ**

ဦးမျိုးညွန့် (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)၏ဖခင် ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်သည်၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဒေါ်ခင်စန်းရီ(ပြည်ထောင်စုဝန်ကြီး-ပညာရေးဝန်ကြီးဌာန)နှင့် ပညာရေးဝန်ကြီးဌာန မိသားစု**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်

**ကာ/ယ(ငြိမ်း)၊ အထက(၁)(ဝါးခယ်မ)**

**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၁၇)ဝါ**

ဦးမျိုးညွန့် (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)၏ဖခင် ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်သည် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာနနှင့်ဝန်ထမ်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်

**ကာ/ယ(ငြိမ်း)၊ အထက(၁)(ဝါးခယ်မ)**

**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၁၇)ဝါ**

ဦးမျိုးညွန့် (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန)၏ဖခင် ဦးသုမင်္ဂလ(ခ)ဆရာဦးသန်းမြင့်သည် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ မြန်မာစာနှင့်ဘာသာစကား ပညာရေးဦးစီးဌာနနှင့် အရာထမ်း၊ အမှုထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းညွန့် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄)ရပ်ကွက်၊ ဇလမ်းနေ ဒေါ်သန်းကျင်၏ခင်ပွန်း၊ ဦးအေးသန်း-ဒေါ်မာရီ၊ ဦးအောင်လွင်-ဒေါ်သောင်းသောင်းအေး၊ ဦးထွန်းဝင်းသန်း-ဒေါ်အေမီဇွန်ထွေး၊ (မောင်သိန်းဇော်-မထားထားမြိုင်)တို့၏ဖခင်၊ မောင်ဟိန်းဇော်ထိုက်၊ မချောစုရည်ဝင်း၊ မောင်အောင်ကောင်းခန့်တို့၏အဘိုးသည် ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၀နာရီတွင် သျှင်ပါကူဆေးရုံ၌ကွယ်လွန်သွားပါ၍ ၇-၈-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၅ရက် နံနက် ၅နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီးလွင်စိုး

**ကြည်း-၁၇၃၆၈ (တေဇ-၉)**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိ ၃လမ်း၊ အမှတ် ၃၅၀(A)နေ [ဗိုလ်မှူးတင်ကွန့် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကျဉ်းဦးစီးဌာန)]-ဒေါ်မြရီတို့၏စတုတ္ထသား၊ ဦးစု-ဒေါ်တင်တင်ထွေးတို့၏သားသမက်၊ (ဒေါ်ယဉ်နှင်းမိုး)၏ခင်ပွန်း၊မောင်လင်းစက်ရောင်စိုး၏ချစ်လှစွာသောဖခင်၊ [ဗိုလ်မှူးကြီး အုန်းမြင့်(ကရင်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ငြိမ်း)]-ဒေါ်ခင်သိန်းဝင်း၊ ဦးဇော်လွင်-ဒေါ်သီတာ(အကျဉ်းဦးစီးဌာန၊မုပ္ပလင်)၊ ဦးကွမ်းခြံ-ဒေါ်သန်းသန်းဝင်း၊ ဦးလွင်မိုးဇော်-ဒေါ်စန္ဒာသွယ်တို့၏အစ်ကို/ညီ/မောင်၊ ဒေါက်တာသူသူအုန်းမြင့်၊ ဦးသိန်းထွဋ်တင်-မဝင့်ဝါအုန်းမြင့်၊ ကိုစစ်နိုင်ဦးတို့၏ချစ်လှစွာသောဦးလေးသည် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးလွင်စိုး

**ကြည်း-၁၇၃၆၈၊ တေဇ-၉**

**အသက်(၅၅)နှစ်**

(ဒေါ်ယဉ်နှင်းမိုး)၏ခင်ပွန်း၊ မောင်လင်းစက်ရောင်စိုး၏ ချစ်လှစွာသော ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးလွင်စိုး(တေဇ-၉)သည် ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ-၉**

**သူငယ်ချင်းများနှင့်မိသားစုများ**

---

## ဦးအောင်ဝင်း(ခ) ဦးအေးကျော်

**အင်းလျားကန်ဟိုတယ် ဝန်ထမ်းဟောင်း**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ရွှေဂုံတိုင်လမ်း၊ DELTA PLAZA အမှတ် B-၇၀၆နေ(ဦးအေးချို)-ဒေါ်တင်အုန်းတို့၏သား၊ ဦးသန်းဟန် (EXR/O) - ဒေါ်ရင်ရင်မေ(ခ)ဒေါ်တူး၊ ဦးဖြိုးသန်း(အင်းလျားကန်ဟိုတယ်)တို့၏ညီသည် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## တပ်ခွဲတပ်ကြပ်ကြီးလှဦး

**မတယ(၂)နေပြည်တော်**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ (၃)ရပ်ကွက်၊ မြစပယ်လမ်း၊ အမှတ် ၁၇၄နေ ဦးထွန်းစိန်-ဒေါ်ခင်အေးတို့၏သားကြီး၊ မနီနီအေး-ကိုမျိုးဝင်း၊မဖြူဖြူ၊မမိမိခိုင်-ကိုခင်မောင်မြင့်တို့၏အစ်ကို၊ တူ/တူမ နှစ်ယောက်တို့၏ဘကြီး၊ မစီစီပိုး-ဒုဗိုလ်အောင်စိုးသူ၊မောင်ကောင်းမြတ်စံ၊ မောင်တင်ကိုဝင်းတို့၏ဖခင်၊ ဒေါ်ဥမ္မာအေး၏ချစ်လှစွာသောခင်ပွန်းသည် ၅-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး

## ဒေါ်ကျင်လှ

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဝေဿန္တရာလမ်း၊ အမှတ် ၁၁၃၃နေ (ဦးထွန်းရင်-ဒေါ်ငွေရင်)တို့၏သမီး၊ (ဦးဟုတ်ကြည်)၏ဇနီး၊ ဦးတင်ထိုက်ဝင်း-ဒေါ်တင်ယုကြည်(ထုတ်လုပ်ရေးဌာန YCDC)၊ ဒေါ်သင်းသင်းမော်၊ ဒေါ်ဇင်သီမာ(General Secretary, Asia Point Bowling Centre, Asia Point Co.,Ltd.)၊ ဦးဇော်ဝင်းမြင့်-ဒေါ်နုနုရီ(ဦးစီးမှူး၊ စီးပွား/ကူးသန်း)၊ ဒေါ်ခင်ချောစု(ဦးစီးအရာရှိ၊ စီးပွား/ကူးသန်း)၊ ဦးစိုးကျော်ဦး(Deputy Factory Manager, ASAHI-LOI HEIN Co., Ltd.)-ဒေါ်မီမီထွေး(ဦးစီးအရာရှိ၊ စီးပွား/ကူးသန်း)တို့၏ချစ်လှစွာသောမိခင်၊ မောင်လျှံပြည့်အောင်[Grade-VIII (A)၊ အထက-၁၁၊ နေပြည်တော်]၊ မဝင့်နံ့သာအောင်[Grade-V(D)၊ အထက-၂၊ လသာ]တို့၏ဘွားဘွားကြီးသည် ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်မြင့်

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ၃၉လမ်း၊ အမှတ် ၁၄၀၃နေ(ဦးသန်းညွန့်-ဒေါ်စောတင်)တို့၏သမီး၊ (ဦးမောင်ဆင့်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ ဦးကံလှိုင်(ခ)ဦးစိန်ထွန်း၏ဇနီး၊ ဦးမင်းအောင်(မူလီလုပ်ငန်း)-ဒေါ်ကြည်အေး(ဒု-မန်နေဂျာ၊ ဆိပ်ကမ်းအာဏာပိုင်)၊ ဦးမောင်မောင်(Inspector)-ဒေါ်အေးအေးသန်း(J.A.T အမက-၁၀၊ ဒဂုံတောင်)၊ ဒေါ်မြင့်မြင့်စိန် (S.A.T အထက-၃၊ တောင်ဥက္ကလာပ)၊ ဦးစိန်မြင့်(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗန်းမော်ခရိုင်)-ဒေါ်စိုးစုအောင်တို့၏မိခင်၊မောင်ဉာဏ်လင်းထက်၊မသင်းနန္ဒာစု၊ မောင်ကောင်းစည်သာတို့၏အဘွားသည် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ခင်ခင်သန်း(ခ)ဒေါ်သန်းသန်း အသက်(၇၄)နှစ်

**ပုဇွန်တောင်(တပ်မြေ)၊ စား/ထွေ(ငြိမ်း)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊(၂)ရပ်ကွက်၊သံလျက်စွန်းလမ်း၊ အမှတ် I-၁၊ ရေနံမိသားစုရိပ်သာနေ (ဦးသိန်းထွန်း-ဒေါ်နှင်းနု)တို့၏သမီး၊ (ဦးသိန်း-ဒေါ်ကျော့)တို့၏ချွေးမ၊ ဦးအုန်းမြင့်(MPPE-ငြိမ်း)၏ဇနီး၊ ဒေါ်ကြည်ကြည်၊ ဦးအုန်းမြင့်-(ဒေါ်မြင့်မြင့်)၊ ဒေါ်အုန်းမြင့်၊ (ဦးခင်ညွှန့်-ဒေါ်ခင်ခင်ဌေး)တို့၏ညီမ၊ ဦးခင်မောင်ညို-ဒေါ်ဝင်းရီတို့၏အစ်မ၊ (ဦးမြထွန်း)-ဒေါ်မြမြသန်းတို့၏ညီမ၊ ဦးအောင်မြင့်-ဒေါ်မာမာအေး၊ ဦးဉာဏ်ထွန်း-ဒေါ်ရီရီခိုင်၊ ဦးဒေလီဆန်း-ဒေါ်ဆွေဆွေသိန်းတို့၏အစ်မ၊ ဒေါ်တင်တင်ဦး၊ ဦးထင်လင်း-ဒေါ်ဆွေဆွေဦး၊ ဦးစည်သူ-ဒေါ်ဥမ္မာဦး၊ ဒေါ်လွင်လွင်ဦး၊ ဦးအောင်သိန်းမြိုင်-ဒေါ်ခိုင်ခိုင်ဦး၊ ကိုနိုင်လင်းအောင်-မအိရတနာစိုးမြင့်၊ ကိုဝင်းကိုကိုအောင်-မသင်းသင်းမိုး၊ ကိုသီဟသိန်း-မလဲ့လဲ့ဝင်း၊ မခင်ခင်ယုလွင်တို့၏အဒေါ်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၉နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်လှ အသက်(၇၅)နှစ်

ဘားအံမြို့၊(၂)ရပ်ကွက်၊ အုန်းတောလမ်းနှင့် ဘုရားလမ်းထောင့်နေ (ဦးဘရီ-ဒေါ်သန်း)တို့၏သမီးကြီး၊(ဦးငွေရီ)၏ဇနီး၊ ဦးကျော်စိန်ဦး-ဒေါ်စန်းစန်းဝင်း၊ ဒေါ်စန်းစန်းမော်၊ ဦးသိန်းဆွေ-ဒေါ်မြင့်မြင့်မော်၊ ဦးကျော်သန်း၊ ဦးအောင်သန်း-ဒေါ်ဥမ္မာစိုး၊ ဦးစိုးဟန် (တက်နေလင်းနှင့်ပါရမီဟိုတယ်မိသားစု)တို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထန်းကိုးပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစစ်အောင်(ခ) ဦးအောင်ခိုင်

**(စေတနာထမင်းဆိုင်၊ဝါးခယ်မမြို့)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလီကလမ်း၊ အမှတ် ၄၂၉ (က)နေ (ဦးစိန်ဟုတ်-ဒေါ်စိန်)တို့၏သား၊ (ဒေါ်ယဉ်ယဉ်)၏ခင်ပွန်း၊ ဦးမျိုးခိုင်-ဒေါ်ကြူကြူသင်း၊ ဦးဇော်မိုး-ဒေါ်အိပ္ပိုပိုဇင်၊ ဦးနေလင်း-ဒေါ်လဲ့မွန်သန်း၊ ဦးသန့်ဇော်လွင်-ဒေါ်ယဉ်ဝါနှင်းတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၇း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၈-၈-၂၀၁၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးမြင့် (ကိုချို)

**RICHARD KHIN MAUNG**

**စိန်ပေါလ်ကျောင်းသားဟောင်း (Botany)**

**အသက်(၆၅)နှစ်**

(ဦးခင်မောင်-ဒေါ်စောတင်)တို့၏သား၊ (ဦးဘရီ - ဒေါ်နုနု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၂၀ (ငါးလွှာ)နေ ဒေါ်လီလီဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်သော်ဇင်ထွန်း-မတိုးတိုး(ခေတ္တ-စင်ကာပူ)၊ မောင်ရဲထက်အောင်(PACT-INGO)၊ မောင်ကျော်ထက်(လှိုင်သာယာ၊ GTC)တို့၏ဖခင်သည် ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၉နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်မြမြ (ကင်းမုန့်တိုက်)

**အသက်(၆၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ဘုရားကြီးလမ်း၊ အမှတ်(၂)နေ ဦးရှန်လှိုင်-ဒေါ်ကြူးငွေတို့၏သမီးကြီး၊ ဒေါ်လှလှ၊ ဦးစိန်ဝင်း-ဒေါ်ဥမ္မာမြင့်၊ (ဦးတင်ဝင်း)-ဒေါ်သန်းအေး၊ ရန်ကုန်မြို့နေ ဦးသိန်းဝင်း-ဒေါ်သန်းသန်းမြင့်၊ စင်ကာပူနေ ဦးအောင်ဝင်း-ဒေါ်မို့မို့စန်း၊ ဖြူးမြို့နေ ဦးကျော်ဦး-ဒေါ်ဌေးဌေး(လပ်ကီးစတိုး)၊ ဦးကျော်ဝင်း-ဒေါ်အိဝင်းဖြူ(ငွေပွားလေးကဖီး)၊ ဒေါ်နီနီလှိုင်တို့၏အစ်မကြီး၊ တူ၊ တူမ ကိုးယောက်၏ကြီးတော်၊ မြေးသုံးယောက်တို့၏အဘွားသည် ၄-၈-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်မြရှင် (မြင်းခြံ)

**အသက်(၈၄)နှစ်**

မြင်းခြံမြို့၊ ဘဘလမ်း၊ အမှတ် ၄၅ နေ ဦးညိုမောင်၏ဇနီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်း ရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ အမှတ် ၁၁၊ အခန်း ၉နေ ဦးမြင့်သိန်း (ရပ်/ထောက်၊ ဥက္ကဋ္ဌ)-ဒေါ်ဌေးဌေးပန်တို့၏မိခင်၊ မသျှင်တွယ်တာ (M.L.A, Grade-X၊ International School)၊ မောင်အောင်စစ်ပိုင် [အဌမတန်း(F)၊ အထက-၂၊ ဗဟန်း]တို့၏ဘွားဘွားကြီးသည် ၆-၈-၂၀၁၅ရက် နံနက် ၂နာရီတွင် မဟာမြိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကိုယ့်မင်းကိုယ့်ချင်း နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်သင်းလှ (မြိတ်)

**အသင်းဝင်အမှတ်(၆၄၃၂)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းဈေးလမ်း၊အမှတ် ၃၄နေ(ဦးချစ်လှိုင်)၏ဇနီး ဒေါ်သင်းလှသည် ၃-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးမောင်မောင်နိုင်(ထားဝယ်)

**ဒု-ညွှန်ကြားရေးမှူး လဝက(ငြိမ်း)**

**အသက်(၇၆)နှစ်**

ထားဝယ်မြို့၊ ဘုမ္မော်ရပ်၊ မြစပါယ်လမ်း၊ အမှတ် ၁၈၅နေ (ဦးထူးရွှေ-ဒေါ်မြခင်)တို့၏သား၊(ဦးကြည်အောင်-ဒေါ်ငွေခင်)တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ (ဦးကျော်ဆန်းဦး)၊ (ဦးယဉ်ထွေး)၊ ဒေါ်ရီရီခိုင်၊ ဒေါ်မင်းမင်းခိုင်၊ဦးညီညီသိန်း-ဒေါ်ကြည်ကြည်ခိုင်၊ ကိုသန်းထွဋ်၊ ဦးကျော်နိုင်ဦး-ဒေါ်သူဇာခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁-၈-၂၀၁၅ရက် မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၅ရက် မွန်းလွဲ ၂ နာရီတွင် ဇဟာသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမဒေါ်နှင်းမြိုင်

**အထက(၂)မရမ်းကုန်း (ယခင်စိန်ဂျူ)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊အနောက်ကြို့ကုန်းရပ်ကွက်၊ ခဝဲခြံ (၁)လမ်း၊ အမှတ် ၆၁၇နေ (ဦးဘိုးသော်ဒါ-ဒေါ်ဆန်းမြိုင်)တို့၏သမီး၊ (ဦးသောင်းကြည်)၏ချစ်လှစွာသောဇနီး၊ ဦးဒေးဗစ်သောင်းကြည် - နော်နိုက်တင်ဂေးလ်၊ ဒေါ်နှင်းစုကြည်၊ ဦးညီထွေးကျော်-ဒေါ်နန်းသက်ထားသီရိအေးတို့၏မိခင်၊မြေးသုံးယောက်တို့၏အဘွား၊ (ဦးအာရ်သော်ဒါ)-ဒေါ်ခင်နွယ်ကြည်၊ သိက္ခာတော်ရ ဆရာ ဦးကြည်ဝင်း-ဒေါ်ခင်ကြည်ပန်၊ (ဒုဗိုလ်မှူးကြီးအောင်သွင်)-ဒေါ်နှင်းမြင့်၊ သိက္ခာတော်ရ ဆရာမ ဒေါ်နှင်းသွက်(ကရုဏာသာသနာ၊ လှိုင်သာယာ)၊ သိက္ခာတော်ရဆရာဦးကြည်လင်း-ဒေါ်ထွေးကင်မ်တို့၏ ညီမသည် ၆-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဆရာတော် ဦးနန္ဒိယ

**သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၄၅)ဝါ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကျောင်းတိုက်နှင့်မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံတောင် မဟာသမယဂူ၊ အမဲစမ်းတောရကျောင်းတိုက်တို့၏ဦးစီးပဓာနနာယက ဆရာတော်ကြီး ဦးနန္ဒိယသည်(၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၅း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့)တွင် စံကျောင်းတော်သို့ ပို့ဆောင်အပူဇော်ခံမည်ဖြစ်ပြီး(၁၃၇၇ခုနှစ် ဒုတိယဝါဆို လပြည့်ကျော် ၁၁ရက်) ၁၁-၈-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ၊ အရိယာမဂ္ဂင်ကျောင်းတိုက်

---

## ဦးသိန်းလွင်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကျောက်မျက်အထူးအကြံပေးပုဂ္ဂိုလ် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊ သတ္တုတွင်းဝန်ကြီးဌာန**

**အသက်(၉၆)နှစ်**

ဗန်းမော်မြို့နေ(ဦးကျင်-ဒေါ်မေ)တို့၏သား၊ မိုးကုတ်မြို့နေ(ဦးရှင်-ဒေါ်ဖုံ)တို့၏သားသမက်၊ ဒေါ်အေးအေးအိ၏ခင်ပွန်း၊ (ဦးကြည်ခိုင်)၊ (ဒေါ်စိမ်းဟန်)၊ (ဦးရီဟော)၊ (ဒေါ်သောင်းဟန်)၊ (ဦးရှင်)၊ (ဒေါ်ခွမ်)၊ (ဦးစိန်ကြည်)၊ (ဒေါ်စိန်တင်)၊(ဦးရွှေသာ)၊(ဒေါ်ရင်စိန်)တို့၏မောင်၊(ဦးမြင့်)-ဒေါ်သန်းသန်း၊(ဦးအောင်ကျော်-ဒေါ်စိန်စိန်)တို့၏မောင်၊ ဦးလှရွှေ-ဒေါ်လှလှတို့၏အစ်ကို၊ ဦးသိန်းဇော်လွင်-ဒေါ်မေသီခ၊ ဒေါက်တာဒေါ်အေးအေးလွင်၊ ဦးမြင့်ဇော်လွင်တို့၏ဖခင်၊ New York USA နေ မယုယုဝေလွင်၊ (မောင်ဝေဖြိုးလွင်)၊ မောင်ခန့်ဖြိုးလွင်၊ Sanfransisco USAနေ မစိုးစန်းထက်၊ မောင်ကျော်မင်းသူ-မစန်းသီတာအောင်၊ ရန်ကုန်မြို့နေ ဒေါက်တာနှင်းနုအေး၊ မဆွေဆွေအောင်၊ ရန်ကုန်မြို့နေ မအေးမွန်ဇော်တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက် နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီတွင် ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၁၀၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်အုန်း အသက်(၈၉)နှစ်

**အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊ ဓနုဖြူမြို့နယ်အသင်းဝင်**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ (၃)ရပ်ကွက်၊ ဈလမ်းနေ (ဦးဘအေး-ဒေါ်မြင့်)၊ (ဦးဘညွှန့်-ဒေါ်ရွှေသင်း)တို့၏သားသမက်၊ ဆရာမဒေါ်ဟန်ရင်၏ခင်ပွန်း၊ (ဦးစံရှင်)-ဒေါ်ကြည်သန်းတို့၏အစ်ကိုကြီး၊ ဒေါ်ဝင်းမေ၊ ဦးဝင်းအောင်-ဒေါ်တင်ဆန်း၊ ဒေါ်တင်နှင်းယု၊ ကိုဇော်မိုး-မယုယုခိုင်တို့၏ဖခင်၊ မောင်ပြည့်ဖြိုးဇော်-မသဲစုချမ်းသာ၊ မကေခိုင်သင်း၊ မောင်သန့်ထူးအောင်တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက် နံနက် ၁း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက် နေ့လယ်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [(၁၂)ရပ်ကွက်၊ မာဃ ၁၂လမ်း၊ အမှတ် ၉၂၃ နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ရီ(၃၅လမ်း) အသက်(၈၂)နှစ်

နေပြည်တော်၊ တပ်ကုန်းမြို့နေ (ဦးကျော်ဝေး-ဒေါ်ကြည်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း(အလယ်)၊ အမှတ် ၁၇၄နေ (ဗိုလ်မှူးကျော်ရှိန်၊ သေနတ်ပစ်)၏ဇနီး၊ ဦးကျော်မြင့်အောင်-ဒေါ်သန္တာထွန်း၊ ဦးကျော်တေဇ-ဒေါ်မြင့်မြင့်ရှိန်၊ ဦးဌေးဝင်း-(ဒေါ်ရီရီရှိန်)တို့၏မိခင်၊ မအိသဥ္ဇာအောင်၊ မနှင်းနှင်းသောင်း၊ ကိုကျော်ကိုကိုတေဇ၊ ကိုကျော်ညီညီတေဇ၊ မဆုမြတ်နိုးရှိန်၊ မောင်အောင်ကျော်ရှိန်တို့၏အဘွား၊ မသဲတုံ၏အဘွားသည် ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆း၂၀နာရီတွင် ရန်ကုန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသိန်းစိုး (ညောင်ဦး/ရေနံချောင်း)

**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**

**အသက်(၇၈)နှစ်**

ရေနံချောင်းမြို့နေ(ဦးဘပျို-ဒေါ်ငြိမ်း)တို့၏သား၊ (ဦးတိတ်ဝက်-ဒေါ်ခင်စိန်)တို့၏သားသမက်၊ ညောင်ဦးမြို့၊ (၄)ရပ်ကွက်၊ သီရိပစ္စယာရပ်နေ (ဒေါ်ညိုညို)၏ခင်ပွန်း၊ ဦးအောင်ကျော်မြင့်၊ ဦးအောင်မိုးဟိန်းစိုး၊ ဦးအောင်မိုးကျော်စိုး (ဟိန်းကြီးစတိုး)တို့၏ဖခင်သည် ၅-၈-၂၀၁၅ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉နာရီတွင် သီရိပစ္စယာရပ်နေအိမ်မှ ညောင်ဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးတက်ထွန်း (ဗိုလ်တက်)

**OTS (36) ဒုတိယညွှန်ကြားရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန**

**အသက်(၇၂)နှစ်**

(ဦးတိုးမြိုင်-ဒေါ်စောရှင်)တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ အမှတ် ၅၆၊ ငွေလမ်းနေ ဒေါ်နွဲ့နွဲ့အောင်(ရက္ခဗေဒ-ငြိမ်း၊ ဆေးတက္ကသိုလ်-၁)၏ခင်ပွန်း၊ မောင်ထွန်းနိုင်-မပွင့်လွှာမိုး(ခေတ္တ-UK)တို့၏ဖခင်၊ Kyle မိုးအောင်၊ Noral မိုးအောင်တို့၏အဘိုးသည် ၅-၈-၂၀၁၅ရက် ည ၁၁း၄၅နာရီတွင် OSC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်ရင် အသက်(၆၉)နှစ်

**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် 4D (1) နေ (စက်ရှင်တရားသူကြီး ဦးကြည်ဟန်-ဒေါ်ဒေါ်ညွှန့်)တို့၏သား၊ ဒေါ်မြမြအေး (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းဇော်မော်-ဒေါ်ခိုင်ခိုင်၊ ဦးကျော်ကျော်အောင်-ဒေါ်ခိုင်ဖြူစိုးတို့၏ချစ်လှစွာသောဖခင်၊ မမြတ်မဒ္ဒီဖြိုးဝေ၊ မောင်လင်းမင်းသန့်၊ မောင်Davin မော်၊ မောင်ညီဟိန်းခန့်တို့၏အဘိုးသည် ၆-၈-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၁၀း၁၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၅ရက် (စနေနေ့)နံနက် ၁၀း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ပြည်တွင်းပြည်ပအလှူရှင်များ၏ အလှူငွေနှင့်ပစ္စည်းများ စနစ်တကျ လက်ခံ၍ ရေဘေးသင့်ဒေသများသို့ လျင်မြန်စွာရောက်ရှိစေရေး ဆောင်ရွက်



စာမျက်နှာ-၃

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ



**ရန်ကုန် ဩဂုတ် ၆**

ဧရာဝတီ တိုင်းဒေသကြီး၏ တံခါးပေါက်ဖြစ်သော လှိုင်သာယာ မြို့နယ်သည် စက်မှုဇုန်များတည်ရှိပြီး စက်ရုံအလုပ်သမား အများဆုံးတည်ရှိသည့် မြို့နယ်ဖြစ်သည့်အတွက် ယနေ့ရင်ဆိုင်နေရသော သဘာဝ ဘေးအန္တရာယ် ကင်းဝေးစေရန် ကြိုတင်ကာကွယ်မှု တို့ကိုလက်တွဲ ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပန်းတိုင်ရေထိန်းတံခါး (၂)တာပေါင် ကို ဩဂုတ် ၆ ရက်တွင် ပြည်သူလူထု နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာများပူးပေါင်းကာ သဲအိတ် ပေါင်း တစ်သောင်းကျော်ဖြင့် တာ ကြံ့ခိုင်မှုရှိစေရန် အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ကုက္ကိုဝမြစ်အတွင်း သဘော်ကြီး ငယ်များသွားလာလျက်ရှိပြီး ပန်းတိုင် ရေထိန်းတံခါး(၂) လှေကားအနီးရှိ ရေအမှတ်ကိုပြသနေသော တိုင်မှာ ပေ ၂၀ ထိ ရေးမှတ်ထားပြီး မြစ်ရေ မှာ ၁၉ ပေ နှစ်လက်မ ရောက်နေ ကြောင်းပြသနေသည်။ ရေထိန်းတံခါး အောက်ဘက်ရှိသဲကွင်းမှ သဲအိတ် များကိုမီးသတ်တပ်ဖွဲ့ဝင်များ၊ ထန်း တပ်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာမှ

*စာမျက်နှာ ၁၃ ကော်လံ ၁ ❋*

# အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိ

**ကလေး ဩဂုတ် ၆**

ကလေးမြို့ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ ကူညီရန်အတွက် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော အိန္ဒိယ တပ်မတော်လေယာဉ် C-130 ကုန်တင်လေယာဉ်ကြီးသည် Wing Commander Gopi Mohan ဦးဆောင်သော အဖွဲ့ဝင် ၁၂ ဦးတို့က ကလေးမြို့လေဆိပ် သို့ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က ဆိုက်ရောက်ကြောင်း သိရသည်။

အဆိုပါလေယာဉ်ကြီးမှ တာဝန်ရှိသူများကို အနောက်မြောက်တိုင်း စစ် ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်ကကြိုဆိုပြီး ကယ်ဆယ်ရေးပစ္စည်းများ ကို တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့က လက်ခံယူသည်။

*စာမျက်နှာ ၁၃ ကော်လံ ၆ ❋*






မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဩဂုတ် ၇ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**ညောင်ရွှေမြို့ ကျေးလက်ဒေသများ အမှောင်ခွင်း၍အလင်းဆောင်ခဲ့ပြီ**

စာ - ၄



ပြည်တွင်းရေးရာ

**ရေဘေးသင့်ပြည်သူများ မိုးလေဝသသတင်းနားဆင်နိုင်ရန် FM ရေဒီယိုများ လှူဒါန်း**

စာ - ၅



# ချယ်လ်ဆီးနှင့်သူ၏ ချန်ပီယံဖြစ်နိုင်ခွင့်




**၂၀၁၅-၂၀၁၆** ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲက စပြီ။ ဒီတော့ အဲဒီမှာမေးခွန်းတစ်ခု နက်နက်နဲနဲထွက်တယ်။ အဓိကအကြောင်းခြင်းရာကတော့ ရာသီသစ်ပရီမီယာလိဂ်မှာ ဘယ်အသင်းချန်ပီယံဖြစ်မလဲဆိုတဲ့ကိစ္စ။ အဲဒီနောက်မှာ ချယ်လ်ဆီးချန်ပီယံထပ်ဖြစ်မဖြစ် အကြောင်း။ အဲဒီနှစ်ခုက ဆက်စပ်မှုရှိတော့ ချယ်လ်ဆီးချန်ပီယံဖြစ်မဖြစ်ကို အခြေခံပြီး ရာသီသစ်ပရီမီယာလိဂ်မှာ ချန်ပီယံဖြစ်မယ့်အသင်းကို ရွေးချယ်ထုတ်ချင်စရာဖြစ်လာတယ်။

အထူးသဖြင့် ဒီနွေဈေးကွက်မှာ ချယ်လ်ဆီးအဝယ်နည်းပြီး အထွက်များတယ်။ ပရီမီယာလိဂ်မှာ ချန်ပီယံဆုယူနိုင်တဲ့အဆင့်မှာရှိတဲ့ မန်စီးတီး၊ အာဆင်နယ်၊ မန်ယူ၊ လီဗာပူးတို့နဲ့ယှဉ်ရင် ချယ်လ်ဆီးရဲ့ ပြင်ဆင်ဖြည့်တင်းမှုဟာ အားရစရာမရှိဘူး။ မန်ယူက ဒီပေး၊ စတိုင်ဂါ၊ ရှနိုက်ဒါလင်၊ ရိုမီယို၊ ဒါမီယန်၊ မန်စီးတီးက စတာလင်း၊ ဖာဘီယန်ဒဲလ်၊ ပက်ထရစ်ရောဘတ်၊ အူနဲလ်၊ လီဗာပူးက ဘန်တီကီ၊ ဖာမီနို၊ ကလိုင်း၊ မီလ်နာ၊ ဒန်နီအင့်၊ ဂျိုးဂိုမက်ဇ်၊ ဘော့ဒန်။ အာဆင်နယ်က ပီတာဆက်ချ်၊ မာလန်တို့ကိုခေါ်ယူထားချိန်မှာ ချယ်လ်ဆီးက နာသန်နဲ့ ဘီဂိုဗစ်ကိုသာ အပြီးသတ်ခေါ်ပြီး ဖယ်လ်ကာအိုကို အငှားနဲ့သာခေါ်ထားတယ်ဆိုတော့။ အဲဒါကိုအခြေခံပြီး အတိမ်းအစောင်းမခံတဲ့ ပရီမီယာလိဂ်မှာ ချယ်လ်ဆီးရဲ့ ချန်ပီယံဖြစ်နိုင်ခွင့်ကို တချို့သော ကျွမ်းကျင်သူတွေက သံသယနဲ့ရှုမြင်သုံးသပ်ကြတယ်။ ဒါပေမယ့် အဲဒီမှာ တချို့သောကျွမ်းကျင်သူတွေကတော့ အကြောင်းခြင်းရာ နှစ်ရပ်အပေါ်အခြေခံပြီး ချယ်လ်ဆီးရဲ့ ချန်ပီယံဖြစ်နိုင်ခွင့်အပေါ် သံသယရှိမှုဟာ အကောင်းမြင်စိတ်နည်းပါးခြင်းရယ်လို့ တုံ့ပြန်ချေပကြတယ်။ အထူးသဖြင့် ဖြည့်တင်းမှုအားနည်းခြင်းဟာ သံသယထားစရာ အချက်တစ်ခုဖြစ်တယ်ဆိုသော်ငြား၊ အဲဒီဖြည့်တင်းမှုအားနည်းခြင်းကို လိုအပ်လျက် ဖြည့်တင်းမှု အားနည်းခြင်းလား။ ဒါမှမဟုတ် မလိုအပ်လို့ မဖြည့်တင်းခြင်းလားရယ်လို့ ခွဲခြားသုံးသပ် ဖို့ လိုပါတယ်ဆိုပြီး တုံ့ပြန်ချေပကာ ချယ်လ်ဆီးရဲ့ ချန်ပီယံဖြစ်နိုင်ခြေကို ရှေ့နေလိုက်ကြတယ်။ **စာမျက်နှာ ၇ သို့**



မြန်မာအလင်း
ကြေးမုံ
၇-၈-၂၀၁၅ (သောကြာနေ့)



## မော်ရင်ညိုသည် ဂွာဒီယိုလာထက် ပိုမိုထူးချွန်သည့် နည်းပြဖြစ်ကြောင်း လိုသာမားသီးယပ်စ် ချီးကျူး

ချယ်လ်ဆီးအသင်းမန်နေဂျာ မော်ရင်ညိုနှင့် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွာဒီယိုလာတို့အနက် မော်ရင်ညိုသည် ပိုမိုကောင်းမွန်သည့် နည်းပြဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံး နည်းပြဖြစ်ကြောင်း ဂျာမနီနှင့် ဘိုင်ယန်မြူးနစ် ကစားသမားဟောင်း လိုသာမားသီးယပ်စ်က ချီးကျူးပြောဆိုလိုက်သည်။

မန်နေဂျာ မော်ရင်ညိုသည် ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာမီလန်၊ ရီးရဲမက်ဒရစ်တို့နှင့်အတူ အမှတ်ပေး ချန်ပီယံဆုဖလားများ ရယူနိုင်ခဲ့သူဖြစ်ကာ နည်းပြ ဂွာဒီယိုလာသည် ဘိုင်ယန်မြူးနစ်နှင့်အတူ ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလား သုံးကြိမ်ရရှိခဲ့သူဖြစ်ပြီး မော်ရင်ညိုနှင့် ဂွာဒီယိုလာတို့သည် ချန်ပီယံလိဂ် ချန်ပီယံဆုဖလားကို နှစ်ကြိမ်စီ ရယူနိုင်ခဲ့သူများဖြစ်ကြသည်။

"ဂွာဒီယိုလာဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြ မဟုတ်ပါဘူး။ ကျွန်တော်က မန်နေဂျာ မော်ရင်ညိုကို ပိုမိုနှစ်သက်ပါတယ်။ သူဟာ ကမ္ဘာ့နံပါတ်တစ်ပါ။ ဘာကြောင့်လဲဆိုတော့ မော်ရင်ညိုနဲ့ ကစားသမားတွေရဲ့ဆက်ဆံရေးဟာ ပိုမိုပွင့်လင်းတာကြောင့်ပါ"ဟု အသက် ၅၄ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားဟောင်း လိုသာမားသီးယပ်စ်က ပြောသွားသည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် နည်းပြ ဂွာဒီယိုလာတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၁၆ ခုနှစ် နွေရာသီအတွင်းတွင် ကုန်ဆုံးမည်ဖြစ်ပြီး ဂွာဒီယိုလာက ဘိုင်ယန်ကို ဆက်လက် တာဝန်ယူရေးအတွက် ဆုံးဖြတ်ရခြင်းမရှိသေးကြောင်း ဖွင့်ဟပြောဆိုထားသည်။

ဂျာမနီကစားသမားဟောင်း လိုသာမားသီးယပ်စ်က နည်းပြ ဂွာဒီယိုလာသည် မကြာမီအချိန်အတွင်း ဘိုင်ယန်မြူးနစ်မှ ထွက်ခွာသွားလိမ့်မည်ဟု ယူဆထားကြောင်း၊ ဂွာဒီယိုလာ၏ နေရာတွင် ဒေါ့မွန်အသင်းနည်းပြဟောင်း ဂျာဂင်ကလော့အား အစားထိုးခန့်အပ်လိုကြောင်း ဆက်လက်ပြောဆိုခဲ့သည်။

"ဂွာဒီယိုလာဟာ ဘိုင်ယန်ကနေ ထွက်ခွာသွားမှာပါ။ လာမယ့် ဆောင်းရာသီအတွင်းမှာ ဂွာဒီယိုလာနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ စာချုပ်သစ် ချုပ်ဆိုဖြစ်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ အဲဒီကာလအတွင်းမှာ စာချုပ်သစ် မချုပ်ဆိုဖြစ်ခဲ့ရင်တော့ ဂွာဒီယိုလာဟာ ရာသီကုန်ချိန်မှာ ဘိုင်ယန်ကနေ ထွက်ခွာသွားပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် ဂျာမနီလူမျိုး နည်းပြတစ်ဦးကို ခန့်အပ်စေလိုပြီး ဂျာဂင်ကလော့ကို တာဝန်ပေးစေချင်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် ကျွန်တော်စိတ်ကူးထားတဲ့ နိုင်ငံခြားသား နည်းပြနှစ်ဦးကတော့ မော်ရင်ညိုနဲ့ အန်ဆယ်လော့တီပါ။ ဒါပေမယ့် မော်ရင်ညိုကတော့ ချယ်လ်ဆီးကနေ ထွက်ခွာမှာမဟုတ်ပါဘူး"ဟု လိုသာမားသီးယပ်စ်က ဆက်လက်ပြောဆိုသွားသည်။

■ အောင်က



# မြို့ခံပြိုင်ဘက် ရီးရဲကို ဖြတ်ကျော်နိုင်မလားဆိုတဲ့ မေးခွန်းကို အဖြေရှာရမယ့် အက်သလက်တီကို






စပိန်လာလီဂါနဲ့ ပတ်သက်ပြီး နှစ်တိုင်း လူတွေပြောဖြစ်နေတဲ့ အကြောင်းကတော့ ဒီနှစ် စပိန်လာလီဂါ ဆုဖလားကို ဘာစီလိုနာအသင်း ရမလား။ ရီးရဲမက်ဒရစ် ရမလားဆိုတာပါပဲ။ ဒါပေမယ့် အက်သလက်တီကိုအသင်းကို နည်းပြ ဆီမြွန်နီ ကိုင်တွယ်ခဲ့ပြီး နောက်ပိုင်းမှာတော့ အဲဒီ ထိပ်တန်းအသင်းကြီးနှစ်သင်းကို စိန်ခေါ်ပြီး စပိန်လာလီဂါဆုဖလား ရယူနိုင်ခဲ့ပါတယ်။ ဒီနှစ်ရာသီကိုကြည့်မယ်ဆိုရင်တော့ စပိန်လာလီဂါဟာ စိန်ခေါ်မှုတွေ ပိုမိုပြင်းထန်လာတာကို တွေ့ရပါတယ်။ ဆီဗီလာ၊ ဗလင်စီယာ၊ ဗီလာရီးရဲ အသင်းတို့ကလည်း အပြိုင်အဆိုင် အင်အားတိုးမြှင့်မှုတွေ ရှိလာခဲ့ပြီး စပိန်လီဂါဟာ ပိုမိုမြိုင်မြိုင်ဆိုင်ဆိုင် ရှိလာမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီရာသီကိုကြည့်မယ်ဆိုရင် အက်သလက်တီကိုအသင်းဟာ အင်အားကို ပြန်လည်ဖြည့်တင်းမှုများရှိနေခဲ့တာကြောင့် စပိန်လီဂါကို ပြန်လည်စိန်ခေါ်နိုင်တဲ့အသင်းအဖြစ် ပြန်လည်တွေ့မြင်ရဖို့ရှိပါတယ်။ ဒါပေမယ့် ပရိသတ်တွေအတွက်ကတော့ ဆုဖလားရရှိတာထက် ပိုမိုအရေးကြီးတာက မြို့ခံပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းရဲ့အထက်မှာ ရှိဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာ အက်သလက်တီကို အသင်းအနေနဲ့ ရီးရဲမက်ဒရစ်ကို အမီလိုက်နိုင်မလားဆိုပြီး ကြည့်ရမှာဖြစ်ပါတယ်။

ဒါပေမယ့် ဒီနှစ်နွေရာသီ အပြောင်းအရွှေ့ရဲ့ လှုပ်ရှားမှုတွေကို ကြည့်မယ်ဆိုရင်တော့ အက်သလက်တီကိုအသင်းရဲ့ အခြေအနေဟာ ကောင်းမွန်မှုရှိနေတယ်လို့ ပြောရမှာပါ။ ဒါကြောင့်လည်း အက်သလက်တီကိုအသင်းဟာ ရီးရဲမက်ဒရစ်အသင်းကိုဖြတ်ကျော်ပြီး ဘာစီလိုနာအသင်းကိုအမီလိုက်နိုင်ဖို့ ရှိနိုင်ပါတယ်။ အက်သလက်ကိုအသင်းဟာ ဒီနှစ်ရာသီမှာ ကစားသမားကောင်းတွေ ခေါ်ယူထားသလို အသင်းကနေ အငှားနဲ့ထွက်ခွာသွားခဲ့တဲ့ ကစားသမားတွေ အများအပြားလည်း ပြန်လည်ရောက်ရှိနေပါပြီ။ ပြီးခဲ့တဲ့ရာသီကဆိုရင် အက်သလက်တီကိုအသင်းရဲ့ ဘယ်နောက်ခံနေရာဟာ အတော်ကလေး ဒုက္ခရောက်နေရာလို့ပြောရမှာပါ။ ဒါကြောင့်လည်း အက်သလက်တီကိုအသင်းဟာ ဒီနှစ်ရာသီမှာတော့ အသင်းရဲ့ခံစစ်မှူးဟောင်း ဖီလစ်ပီလုဲ်ကို ပြန်လည်ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီနှစ်ရာသီမှာ မန်ဇူကစ်အသင်းကနေ ထွက်ခွာသွားခြင်းဟာ အက်သလက်တီကိုအသင်း ပရိသတ်တော်တော်များများ အတွက်တော့ ကျေနပ်စရာဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီကဆိုရင် မန်ဇူကစ်ဟာ နည်းပြ ဆီမြွန်နီနဲ့ အဆင်မပြေမှုတွေဟာ အသင်းအတွက် ပိုမိုဆိုးရွားစေခဲ့ပါတယ်။ ဒါကြောင့် မန်ဇူကစ်ထွက်ခွာသွားခြင်းဟာ အသင်းအတွက်တော့ ဆိုးရွားမှုမရှိတဲ့ အပြောင်းအရွှေ့တစ်ခုလို့ ဆိုနိုင်ပါတယ်။

အက်သလက်တီကိုအသင်းဟာ ဒီနှစ်ရာသီမှာ အသင်းရဲ့တိုက်စစ်ပိုင်းကို ဖြည့်တင်းတဲ့အနေနဲ့ ပေါ်တိုအသင်းတိုက်စစ်မှူး မာတီနက်ဇ်နဲ့ ဗီလာရီးရဲအသင်းတိုက်စစ်မှူး ဗီတိုတို့ကို ခေါ်ယူထားခဲ့ပါတယ်။ ဗီတိုနဲ့ မာတီနက်ဇ်တို့ဟာ ဥရောပမှာတော့ အဆုံးသတ်ပိုင်းသေချာတဲ့ တိုက်စစ်မှူးတွေအဖြစ် ထင်ရှားခဲ့တဲ့သူတွေလည်း ဖြစ်ပါတယ်။ မာတီနက်ဇ်ဆိုရင် ပြီးခဲ့တဲ့ရာသီက ပေါ်တိုအသင်းမှာ ၃၂ ဂိုးအထိ သွင်းယူနိုင်ခဲ့သလို ဗီတိုဆိုရင်လည်း ဗီလာရီးရဲအသင်းမှာ ဂိုး ၂၀ အထိ သွင်းယူနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒ့ါအပြင် အသင်းမှာ တောရက်စ်နဲ့ ဂရစ်ဇ်မန်းတို့ရှိနေတာကြောင့် အသင်းရဲ့တိုက်စစ်ပိုင်းကတော့ အကောင်းဆုံးရှိနေပြီလို့လည်း ဆိုနိုင်ပါတယ်။

ဒ့ါအပြင် အက်သလက်တီကို အသင်းနည်းပြ ဆီမြွန်နီဟာ အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းကိုလည်း အပြောင်းအလဲလုပ်တဲ့အနေနဲ့ အသင်းရဲ့ အားကိုးရတဲ့ ခံစစ်မှူး မီရန်ဒါကို အင်တာမီလန်အသင်းဆီ ယူရို ၁၅ သန်းနဲ့ ရောင်းထုတ်ခဲ့ပြီး ဖီအိုရင်တီးနားအသင်းကနေ ခံစစ်မှူး ဆာဗစ်ကို ယူရို ၁၂ သန်းနဲ့ ပြန်လည်ခေါ်ယူခဲ့ပါတယ်။ ဆာဗစ်ဟာ မန်စီးတီးမှာကစားခဲ့ဖူးတဲ့ ကစားသမားတစ်ဦးဖြစ်ပေမယ့် ကစားခဲ့တဲ့အချိန်ဟာ တိုတောင်းတဲ့အတွက် ပရီမီယာလိဂ်ပရိသတ်တွေနဲ့တော့ ရင်းနှီးမှုမရှိတဲ့ ကစားသမားတစ်ဦးလို့ဆိုရမှာပါ။ ဒါပေမယ့် ဆာဗစ်ဟာ ဖီအိုရင်တီးနားအသင်းမှာတော့ အကောင်းဆုံး ခြေစွမ်းပြ ကစားနိုင်မှုတွေကြောင့် အက်သလက်တီကိုအသင်းကို ပြောင်းရွှေ့ကစားခွင့်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

အက်သလက်တီကိုအသင်းဟာ ဒီနှစ်ရာသီမှာ အသင်းရဲ့ကွင်းလယ်ကစားသမား တူရန်ကို ဘာစီလိုနာအသင်းကို ရောင်းထုတ်ထားခဲ့ပေမယ့် အသင်းကို တိုးတက်မှုတွေရရှိအောင် လုပ်ဆောင်မှုတွေရှိနေတာကိုတော့ တွေ့ရပါတယ်။ အက်သလက်တီကိုအသင်းဟာ အသင်းရဲ့ကွင်းလယ်အတွက်လည်း ပေါ်တိုအသင်းရဲ့ လူငယ်ကစားသမားဖြစ်တဲ့ ကာရာဆိုကိုလည်း ခေါ်ယူထားခဲ့ပါတယ်။ ကာရာဆိုကို ခေါ်ယူခဲ့ခြင်းဟာ အက်သလက်တီကိုအသင်းအရဲ့ ကွင်းလယ်အတွက်တော့ များစွာအကျိုးဖြစ်ထွန်းဖို့ ရှိနေပါတယ်။ ဘယ်လ်ဂျီယံ တောင်ပံကစားသမား ကာရာဆိုဟာ ကွင်းလယ်ကစားသမားတစ်ဦးဆိုပေမယ့် တောင်ပံမှာပါ အကောင်းဆုံးကစားနိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် အက်သလက်တီကိုအသင်းဟာ ဖီအိုရင်တီးနားအသင်းကို ရောင်းထုတ်ထားခဲ့တဲ့ မာရီယိုဆွာရက်ဇ်ရဲ့နေရာမှာ အစားထိုးဖို့အတွက် ပီအက်စ်ဂျီ ကွင်းလယ်ကစားသမား သီယာဂိုမော့တာကို အစားထိုးဖို့အတွက် ပြင်ဆင်နေပြီးလည်း ဖြစ်ပါတယ်။ အကယ်၍သာ မော့တာကို ခေါ်ယူနိုင်ခဲ့မယ်ဆိုရင်တော့ အက်သလက်တီကိုအသင်းရဲ့ ကွင်းလယ်ပိုင်းဟာ အကောင်းဆုံးရှိလာမှာ ဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိဖြည့်တင်းထားတဲ့ ကစားသမားတွေရဲ့ အင်အားနဲ့ အက်သလက်တီကိုအသင်းဟာ ရီးရဲမက်ဒရစ်အသင်းကို ဖြတ်ကျော်နိုင်ပြီလားဆိုတာကလည်း မေးခွန်းထုတ်စရာဖြစ်နေခဲ့ပါတယ်။ ဒ့ါအပြင် ဒီနှစ်ရာသီမှာ ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါဖလား ထပ်မံရရှိဖို့ကိုလည်း ရေပန်းစားနေပါတယ်။ ဒ့ါကြောင့် ဘာစီလိုနာအသင်းသာ ပထမဆိုရင် ဘယ်အသင်းဟာ ဒုတိယဖြစ်နိုင်လဲ။ အက်သလက်တီကို အသင်းလား၊ ရီးရဲလား။ ဒါကြောင့်လည်း အက်သလက်တီကိုအသင်းအနေနဲ့ စပိန်လာလီဂါဆုဖလားကို မရနိုင်ဘူးဆိုရင် တောင် ရီးရဲမက်ဒရစ်အသင်းရဲ့အထက် ဒုတိယနေရာမှာ ရပ်တည်နိုင်ဖို့အတွက် ပြင်းပြင်းထန်ထန် ကြိုးစားရဦးမှာဖြစ်ပါတယ်။

အောင်က

ရခိုင်ပြည်နယ်

# တိုင်းရင်းသားသွေးချင်းများအတွက် အမျိုးသားရေးတာဝန်

ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လများအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးနီးပါး ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ သဘာဝဘေးဒုက္ခများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ယင်းကဲ့သို့ ကြုံတွေ့ခဲ့ခြင်းအပေါ် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီအစရှိသော အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ စေတနာရှင်အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ တက်ညီလက်ညီပူးပေါင်း၍ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ခဲ့ကြသည်။ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာ၊ ရေနှင့် အဝတ်အထည်ပစ္စည်းများ ကူညီထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိခဲ့သည်။ ယင်းခရီးစဉ်အတွင်း ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ကလေး) အောင်ဇေယျရိပ်သာ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် **"ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားမှု၊ မိမိနိုင်ငံသားများအပေါ် စာနာကူညီစောင့်ရှောက်မှု၊ တာဝန်ကျေပွန်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူများ၏ နေ့စဉ်လိုအပ်ချက်များကို အသေးစိတ်စဉ်းစားဖြည့်ဆည်းပေးရန် လိုကြောင်း၊ ကိုယ်ချင်းစာစိတ်ဖြင့် စဉ်းစားလျှင် လိုအပ်ချက်များကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စာရင်းဇယားများ တိကျမှန်ကန်ရန် လိုအပ်ကြောင်း၊ ရေဘေးဒုက္ခသည်များ ပျက်စီးပျောက်ဆုံးသွားသည့် မှတ်ပုံတင်နှင့် အခြားအရေးကြီး အထောက်အထားများကို အမြန်ဆုံး ပြန်လည်ထုတ်ပေးရန်လိုအပ်ကြောင်း၊ ကူညီထောက်ပံ့ပေးသည့်ပစ္စည်းများ အမှန်တကယ်လိုအပ်သူများ လက်ဝယ်သို့ ရောက်ရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ နေရပ်ပြန်ပြည်သူများကို ဖြည့်ဆည်းပေးရန်လိုကြောင်း"** မိန့်ကြားခဲ့သည်။



- ❖ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူသားချင်းစာနာထောက်ထားမှု၊ မိမိနိုင်ငံသားများအပေါ် စာနာကူညီစောင့်ရှောက်မှု၊ တာဝန်ကျေပွန်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရန်လို
- ❖ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စာရင်းဇယားများ တိကျမှန်ကန်ရန်လိုအပ်
- ❖ ကူညီထောက်ပံ့ပေးသည့်ပစ္စည်းများ အမှန်တကယ်လိုအပ်သူများ လက်ဝယ်သို့ ရောက်ရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်

### ရခိုင်ပြည်နယ်အတွင်း ရေဘေးထောက်ပံ့မှု

ရခိုင်ပြည်နယ်အတွင်း ဇွန်လကုန် ဇူလိုင်လဆန်းပိုင်းတွင် မြို့နယ်အများအပြား ရေကြီးနစ်မြုပ်မှုဘေးနှင့် စတင်ကြုံတွေ့ခဲ့ကြရသည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၉ ရက်မှ ဇူလိုင် ၄ ရက်အထိ ရခိုင်ပြည်နယ်အတွင်းရှိ သံတွဲ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ အမ်း၊ မအီမြို့များသို့သွားရောက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးကာ လတ်တလောလိုအပ်သည့် စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။ တစ်ဆက်တည်းမှာပင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရေကျသွားသည့် နေရာများ၌ ပြန်လည်နေရာချထားပေးမှုအခြေအနေ၊ လတ်တလောဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရေရှည်ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် သံတွဲ၊ တောင်ကုတ်၊ အမ်းမြို့နယ်များအတွက် ဆန်အိတ် ၂၁၀၊ ကယ်ဆယ်ရေးပစ္စည်းများ (အဝတ်အထည်၊ စောင်၊ ခြင်ထောင်၊ မီးဖိုချောင်သုံးပစ္စည်းများ) အစုံ ၂၀၀၊ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ( ဖြူ/စိမ်း) အစုံ ၂၀၀၊ ဗလာစာအုပ် ဒါဇင် ၁၀၀၊ စာသင်ခုံ အစုံ ၅၀၊ ရေဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၃၄၀ အတွက် ထောက်ပံ့ငွေကျပ် ၆၈ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ ထောက်ပံ့ပေးအပ်မှု စုစုပေါင်းတန်ဖိုးသည် ငွေကျပ် ၂၀၆ သိန်းဖြစ်သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ကျိုက်ထိုမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

### နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေ

ရခိုင်ပြည်နယ်အတွင်း မောင်တော၊ ဘူးသီးတောင်၊ အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မအီမြို့နယ်များမှ စုစုပေါင်းအိမ်ခြေ ၅၉၂ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး စုစုပေါင်း လူဦးရေ ၂၆၇၈ ဦး ရေဘေးသင့်ခဲ့သည်။ အဆိုပါ ရေဘေးသင့်ဒေသခံပြည်သူများအတွက် လတ်တလောလိုအပ်သည့် စားနပ်ရိက္ခာ၊ အဝတ်အထည်၊ ထောက်ပံ့ပစ္စည်းများကို နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေ ၁၂၅ ဒသမ ၄၆ သန်းသုံးစွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် ဦးစီးလျက် ဇူလိုင် ၁၂ ရက်က နေပြည်တော်မှ စစ်တွေမြို့သို့ တပ်မတော် အထူးလေယာဉ်ဖြင့် ဆန်အိတ် ၂၀၀၀၊ စားဆီ ၁၆ ပီပါ၊ ပဲအိတ် ၁၂၀၊ အဝတ်အထည် အစုံ ၄၀၀၀၊ စောင်အထည် ၄၀၀၀၊ ခြင်ထောင် အလုံး ၄၀၀၀၊ ဆိုလာမီးအိမ် ၇၀၀ နှင့် Family Kit ၇၀၀ တို့ကို ထောက်ပံ့ ပို့ဆောင်ခဲ့သည်။ ရခိုင်ပြည်နယ်ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လမ်းတံတား၊ လူနေအိမ်၊ စိုက်ပျိုးမြေ၊ စာသင်ကျောင်းနှင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများကို မူလအခြေအနေသို့ ဆောလျင်စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့်ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ကျပ် ၃ ဒသမ ၂၁၆ ဘီလီယံကျခံသုံးစွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်း ၏ ရေဘေးထောက်ပံ့မှု

ပြီးခဲ့သည့် ဇူလိုင်လစတုတ္ထပတ်အတွင်း သံလွင်မြစ်ရေနှင့် ဘီးလင်းမြစ်ရေကြီးမှုကြောင့် ဘားအံနှင့် ကျိုက်ထိုဒေသများမှအိမ်ထောင်စုအချို့ ရေဘေးသင့်ခဲ့ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၉ ရက်မှ ၃၀ ရက်အထိ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့သို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၃ သိန်းခုနစ်သောင်းငါးထောင် တန်ဖိုးရှိ စားနပ် ရိက္ခာများ ထောက်ပံ့ပေးခဲ့သည်။

### စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးထောက်ပံ့မှု

နိုင်ငံတော်သမ္မတကြီး၏ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ခရီးစဉ်တွင် ရေဘေးသင့်ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆန်အိတ် ၁၀၀၊ ဆီပိဿာ ၁၀၀ နှင့် စောင်အထည် ၅၀၀ ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများ၏ သားသမီးများသည် မုံရွာမြို့တက္ကသိုလ်/ကောလိပ်များတွင် ပညာသင်ကြားလျက်ရှိရာ ကျောင်းသား ကျောင်းသူများ၏ စားဝတ်နေရေးအခက်အခဲများ ပြေလည်စေရေးအတွက် မုံရွာတက္ကသိုလ်၌ တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၅၆ ဦး၊ မုံရွာစီးပွားရေးတက္ကသိုလ်၌ တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၇၇ ဦးနှင့် မုံရွာပညာရေးကောလိပ်၌ တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၁၂၁ ဦး စုစုပေါင်း ၂၅၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၅၄ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

### စားနပ်ရိက္ခာနှင့် ဆေးဝါးများ ဖြန့်ဝေ

ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲမြို့များ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ထပ်မံဖြစ်ပေါ်ခဲ့ရာ အဆိုပါဒေသများမှ သွားလာရန်ခက်ခဲသော ကျေးရွာများသို့ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်နှင့် တာဝန်ရှိသူများသည် တပ်မတော်ရဟတ်ယာဉ်နှစ်စီးဖြင့် ဩဂုတ် ၂ ရက်က သွားရောက်၍ ငွေကျပ် ၃၄ ဒသမ ၈၅၇ သန်း တန်ဖိုးရှိ ဆန်အိတ် ၇၂၀၊ ဆီပိဿာချိန် ၁၀၀၊ စောင်အထည် ၅၀၀၊ ခေါက်ဆွဲခြောက် ၃၂ ဖာ၊ ရေသန့်ဘူး ၃၇ ကတ်၊ ရေသန့်စက်၁၀ လုံး၊ Chain Saw ၁၉ စုံ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ အစုံ ၅၀၀၀နှင့် Family Kit ၃၀၀ တို့ကို ဖြန့်ဝေပေးခဲ့သည်။

နိုင်ငံတစ်ဝန်းကြုံတွေ့ခဲ့ရသော သဘာဝရေဘေးအန္တရာယ်ကို တွန်းလှန်ကာကွယ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် ဦးထိပ်ပန်ဆင်၍ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်း မှတ်တမ်းပြုရေးသားတင်ပြအပ်ပါသည်။

မြင့်စိုး(နတလ)

ရှမ်းပြည်နယ်

# ညောင်ရွှေမြို့ ကျေးလက်ဒေသများ အမှောင်ခွင်း၍အလင်းဆောင်ခဲ့ပြီ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျောက်တိုင်ကျေးရွာ အပါအဝင် ရွာပေါင်း ၁၁ ရွာအတွက် ဆောင်ရွက်ခဲ့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာများတပ်ဆင်ပြီးစီး၍ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဩဂုတ် ၅ ရက်က ကျောက်တိုင်ကျေးရွာ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

၂၄ နာရီလျှပ်စစ်မီးလင်းရေး ဖွင့်လှစ်ရာတွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ဆရာကြီးဦးစံရွှေနှင့် ကျောက်တိုင်ကျေးရွာအုပ်ချုပ်ရေးမှူးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများကို စက်ခလုတ်နှိပ်၍ ကျောက်တိုင်ကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆရာကြီးဦးစံရွှေက လူ့အရင်းအမြစ်ဖြစ်သော လျှပ်စစ်မီးများရရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးထွေးလွင်က "ကျေးရွာနဲ့ ကျေးရွာအနီးရှိ လျှပ်စစ်မီး မရရှိသေးတဲ့ ကျေးရွာများ အခုလို လျှပ်စစ်မီး ရရှိတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ရှမ်းပြည်နယ်အစိုးရကို အထူးကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။



ယခု မီးလင်းရေးကော်မတီက ဆောင်ရွက်သော ကျောက်တိုင်ကျေးရွာအုပ်စု ကျောက်တိုင်ကျေးရွာနှင့် ရွာပေါင်း ၁၁ ရွာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည် ဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများက တစ်ဖက်တစ်လမ်းကကူညီပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးများကို အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ရွာသားတစ်ဦးက ဝမ်းမြောက်ဝမ်းသာ ပြောကြားခဲ့သည်။

ယခင်က ညောင်ရွှေကျေးလက်ဒေသ ကျောက်တိုင်ကျေးရွာအုပ်စုမှ ကျေးရွာများ အနေဖြင့် နေ့ဘက်၌သာ သဘာဝအလင်းရောင်ဖြင့် သာယာခဲ့သော်လည်း ယခုမူ လျှပ်စစ်မီးဖြင့် ထိန်လင်းကာ အမှောင်ခွင်း၍ အလင်းဆောင်သော လှပသောညချမ်းများကို သိမ်းပိုက်နိုင်တော့မည်ဖြစ်ပေသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

ဧရာဝတီတိုင်းဒေသကြီး

# နိုင်ငံတကာ ဈေးကွက်ဝင်၍ ဈေးမြင့်နေသည့် ငါးစည်ဖောင်း



မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့် ငါးအမျိုးမျိုးတွင် ငါးအကောင်လိုက်ရောင်းချခြင်း၊ ငါးခြောက်နှင့် ငါးပိများပြုလုပ်ရောင်းချခြင်းတို့အပြင် အချို့ငါးများ၏ ဝမ်းဗိုက်အတွင်းမှ ထုတ်ယူရရှိသည့် ငါးစည်ဖောင်းများကို ပြည်တွင်းပြည်ပစားသောက်ဆိုင်ကြီးများနှင့် အဆင့်မြင့်ဟိုတယ်များတွင် စားကောင်းသောက်ဖွယ်ဟင်းလျာအဖြစ် သုံးစွဲလျက်ရှိပြီး အချို့ငါးများ၏ ငါးစည်ဖောင်းများကို ပြည်ပကားထုတ်လုပ်သူများက ကားမှန်များပြုလုပ်ရာတွင် ကုန်ကြမ်းအဖြစ် ထည့်သွင်းအသုံးပြုလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၅ ရက်က ဖျာပုံမြို့ ငါးစည်ဖောင်းဈေးကွက်ကို စုံစမ်းရာ ငါးစည်ဖောင်းရောင်းဝယ်မှုကို မျိုးရိုးစဉ်ဆက်လုပ်ကိုင်နေသူ ဦးသောင်းထွန်းက တစ်ချိန်က ငါးမန်းတောင်ဟင်းချိုများ လူကြိုက်များ၍ ဈေးကောင်းခဲ့ကြောင်း၊ ယခုအခါ ငါးမန်းများ မျိုးမသုဉ်းစေရေးအတွက် ငါးမန်းများ ဖမ်းဆီးခြင်းမပြုရန် ပိတ်ပင်ထားကြောင်း၊ ငါးမန်းတောင် ဈေးကွက် ပျက်ပြယ်သွားကြောင်း၊ ငါးမန်းတောင်ဈေးကွက်နေရာတွင် ပင်လယ်ပြင်မှဖမ်းဆီးရရှိသောငါးများ၏ ဝမ်းဗိုက်အတွင်းမှ ထုတ်ယူရရှိသည့် ငါးစည်ဖောင်းဈေးကွက် ကောင်းမွန်လာကြောင်း၊ ငါးစည်ဖောင်းများကို ရန်ကုန်ဈေးကွက်၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းခန့် လျှော့ပြီးဝယ်ယူကြောင်း၊ ငါးစည်ဖောင်းအသေးအကြီးလိုက်ပြီး ဈေးကွာကြောင်း၊ လက်ရှိ ဝယ်ဈေးကတော့ ငါးစည်ဖောင်း တစ်ပိဿာ ငွေကျပ်တစ်သိန်းမှ ရှစ်သိန်း၊ ငါးရွှေငါးစည်ဖောင်း တစ်ပိဿာ ငွေကျပ် ၁၁၀၀၀၀ မှ ၇၅၀၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်း တစ်ပိဿာ ငွေကျပ် ၇၈၀၀၀ မှ ၁၁၀၀၀၀ နှင့် ငါးရောင်ငါးစည်ဖောင်းတစ်ပိဿာငွေကျပ် ၂၅၀၀၀ မှ ၂၇၀၀၀၊ ဝယ်ယူလျက်ရှိကြောင်းနှင့် ဈေးမြင့်နေသော်လည်း ဈေးကွက်တွင် ဝယ်လိုအားများလျက်ရှိကြောင်း ပြောပြသည်။

ငါးစည်ဖောင်းများသည် တန်ဖိုးမြင့်မား၍ လုပ်ငန်းအတွေ့အကြုံရှိရန် အထူးလိုအပ်သကဲ့သို့ အရင်းအနှီးငွေများစွာ လိုအပ်၍ သာမန်လူတို့လုပ်ကိုင်ရန် ခက်ခဲကြောင်း လေ့လာသိရှိရသည်။

မြန်မာ့ပင်လယ်ပြင်မှငါးများ၏ ငါးစည်ဖောင်းများကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် မူဆယ်၊ မြဝတီ၊ မြိတ်၊ ထားဝယ်နှင့် ကော့သောင်းလမ်းကြောင်းတို့မှ တရုတ်၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချ၍ စီးပွားဖြစ်နေကြသကဲ့သို့ နိုင်ငံတော်အတွက်လည်း ကုန်သွယ်ခွန်များရရှိနေကြောင်း သိရသည်။

**■ အောင်ဝင်း(ဖျာပုံ)**

**စစ်ကိုင်းတိုင်းဒေသကြီး**



# ရေဘေးသင့်ပြည်သူများ မိုးလေဝသသတင်းနားဆင်နိုင်ရန် FM ရေဒီယိုများလှူ

ကလေးမြို့၌ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေပြီး မြန်မာ့အသံနှင့် မိုးလေဝသ သတင်းများ နားဆင်နိုင်ရန်ရည်ရွယ်၍ ဩဂုတ် ၄ ရက်က FM ရေဒီယိုငါးလုံးကို စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြိုင်သည် ကလေးခရိုင်ပြန်/ဆက်ဝန်ထမ်းများနှင့်အတူ သွားရောက်လှူဒါန်းခဲ့ကြသည်။

ယင်းကဲ့သို့ ရေဘေးသင့်ပြည်သူများထံအရောက် FM ရေဒီယိုများလှူဒါန်းပေးခြင်းကြောင့် "ရေတက်လာတော့ ပြေးရင်းလွှားရင်းနဲ့ ရေဒီယိုနဲ့ပစ္စည်းတွေအားလုံး ရေထဲမှာကျန်ခဲ့တယ်။ အခုလို စိတ်အားငယ်နေတဲ့အချိန်မှာ ဒီလို အိတ်ဆောင်ရေဒီယိုလေး တစ်လုံးပြန်ရတော့ ဝမ်းလည်းသာတယ်။ စိတ်ဓာတ်ကို ခွန်အားပေးတဲ့ အားဆေးတစ်ခွက်ပါပဲ။ အချိန်ကို အလဟဿမဖြစ်စေဘဲ အခုလို မိုးလေဝသသတင်းနဲ့ မြန်မာ့အသံသတင်းတွေ နားသောတဆင်နိုင်အောင်စီစဉ်ပေးတဲ့ ပြန်/ဆက်ဌာနဝန်ထမ်းတွေကို အတိုင်းထက်အလွန်ကျေးဇူးတင်ပါတယ်" ဟု ရေဘေးသင့်ပြည်သူတစ်ဦးကပြောသည်။ အဆိုပါ ရေဒီယိုများကို ရေဘေးသင့်ကျေးရွာများဖြစ်သည့် ဖောင်ကူး၊ ဆည်တော်ဦး၊ သဖန်းအိုင်၊ ပြင်သာနှင့်ပြည်တော်သာကျေးရွာများမှ ပြည်သူများနေထိုင်ရာ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။ ဒုတိယနေ့အဖြစ် ရေဘေးသင့်ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် ကယ်ဆယ်ရေးစခန်းများသို့ မီနီစာပေရေချမ်းစင်၊ သုတရသစာစဉ်များနှင့် စာအုပ်စာစောင်များကို ထပ်မံပေးပို့ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**

**ကရင်ပြည်နယ်**

# မြဝတီမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ညှိနှိုင်းဆွေးနွေး

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သဘာဝဘေးန္တရာယ်ကြိုတင်ကာကွယ်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ယခုနှစ်မိုးဦးရာသီမှစ၍ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အထူးသဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်တို့တွင် ယင်းသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှု အလွန်များပြားလျက်ရှိကြောင်း၊ မိမိတို့ မြဝတီမြို့ အနေဖြင့်လည်း ၂၀၁၃ ခုနှစ်က သောင်ရင်းမြစ်ရေလျှံတက်ကာ ရေကြီးခဲ့သည့် အတွေ့အကြုံကိုသင်ခန်းစာယူပြီး ကြိုတင်စီမံဆောင် ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ကြိုတင်စီမံဆောင်ရွက်ရမည့် လုပ်ငန်းများကိုဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ထိခိုက်မှုလျော့နည်းစေရန်နှင့် မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ရန် လိုအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်များ၏ လှူဒါန်းမှု

## ဟင်္သာတမြို့ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်၌ ရေကြီးနစ်မြုပ်သည့် ကျေးရွာပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၅ရက်က ဟင်္သာတမြို့နယ် ဆည်မြောင်းရိပ်သာ မြနဒီခန်းမ၌ကျင်းပရာ ဟင်္သာတမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၊ တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုးမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟင်္သာတမြို့နယ် ရေဘေးသင့်ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ဒေသခံပြည်သူ ၃၈၀၀၀ ကျော် ရေကြီးနစ်မြုပ်နေမှုနှင့် ကယ်ဆယ်ရေးစခန်းများထားရှိမှုများကို လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ရှင်းလင်းပြောကြားပြီး ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ငွေကျပ်သိန်း ၄၀၊ ဆန်အိတ် ၄၀၊ ဆီပုံး ၁၂ ပုံးတို့ကို အဖွဲ့ခေါင်းဆောင် ဦးရန်မိုးလှိုင်က ပေးအပ်လှူဒါန်းသည်။ ရန်ကုန်ရောက် ဟင်္သာတအသင်းက ဆန်အိတ် ၁၂၀၊ မြန်မာ့လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်းက ဆန်အိတ် ၁၀၀၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများ၊ ရန်ကုန်မြို့နေ ဦးဝင်းဇော်-ဒေါ်သင်းသင်းအေး (နိုင်လင်းအောင် သံထည်ပစ္စည်းရောင်းဝယ်ရေး)က ငွေကျပ် ၁၅၀၀၀၀၊ ဟင်္သာတခရိုင်ဆောက်လုပ်ရေးအင်ဂျီနီယာမှူးကြီးနှင့်အဖွဲ့က ဆန်အိတ် ၄၀၀၊ ဟင်္သာတမြို့ (မြင့်ရတနာဆန်ဆိုင်)က ဆန်အိတ် ၅၀တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက လှူဒါန်းသူများအား အထူးကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## ရခိုင်ပြည်နယ် သဘာဝဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ပေးနိုင်ရန် အလှူငွေပေးအပ်ပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ဩဂုတ် ၄ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ၊ အလှူရှင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ်များ တက်ရောက်ကြသည်။ ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှက နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၁၀၀၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး ဒေါ်စန်းစန်းမော်မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်း ကျပ် ၅၈ သိန်းကို ပေးအပ်လှူဒါန်းရာ ရခိုင်လူမှုအသင်းများ၏ စုပေါင်းဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စောတင့်နှင့် တာဝန်ရှိသူများကလက်ခံယူပြီး ဝန်ကြီးဦးဇော်အေးမောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သရက်မြို့ ရေဘေးသင့်ပြည်သူများအတွက် ဆေးဝါးနှင့်ပစ္စည်းများလှူဒါန်း

မကွေးတိုင်းဒေသကြီး သရက်မြို့၌ စစ်တက္ကသိုလ် အမှတ်စဉ် (၃၁) မိသားစုနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန ဌာနခွဲ (၂)ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၈၇၀၀၀၀ တန်ဖိုးရှိ ရေဘေးသင့်ပြည်သူများအတွက် ဆေးဝါးနှင့်ပစ္စည်းများ၊ အဝတ်အထည်များလှူဒါန်းခြင်းကို ဩဂုတ်၅ရက်က ရေဘေးသင့်ပြည်သူများ ပြောင်းရွှေ့နေထိုင်သည့် ရွှေမုဋ္ဌောဓမ္မာရုံနှင့် စမုတ်ဘုန်းကြီးကျောင်းအတွင်း၌ ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်နှင့် ထုံးတောင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ တောင်မင်းတည်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့်ပစ္စည်းများမှာ ငါးသေတ္တာ၊ ဆန်၊ ဆီ၊ ဆား၊ ဘီစကွတ်၊ ရေသန့်ဘူး၊ ရေသန့်ဆေးဘူး၊ ဆေးဝါးပစ္စည်းနှင့် အဝတ်အထည်များဖြစ်ပြီး အလှူရှင် ဗိုလ်မှူးတင်မျိုးအောင်(ငြိမ်း)အဖွဲ့နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာန ဌာနခွဲ(၂) ဝန်ထမ်းမိသားစုကလှူဒါန်းရာ ရွှေမုဋ္ဌောဓမ္မာရုံနှင့် စမုတ်ဘုန်းကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ပစ္စည်းနှင့်အလှူငွေများ လှူဒါန်းနိုင်ရန် နှိုးဆော်

၁။ နိုင်ငံတော်သမ္မတရုံးက သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ်သတ်မှတ်ကြေညာထားသည့် တိုင်းဒေသကြီး/ပြည်နယ်လေးခုတွင် ပျက်စီးဆုံးရှုံးသွားသော မွေးမြူရေးလုပ်ငန်းများ ပံ့ပိုးကူညီရေးနှင့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေး၊ အိမ်ရာ၊ မီးလင်းရေးလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ချက်ချင်းပြင်ဆင်၊ တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လှူဒါန်းလိုသော စေတနာရှင်အလှူရှင်များ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ကျေးလက်ရေပေးရေးလုပ်ငန်းများအနေဖြင့် ရေတွင်းရေကန်များ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများတွင် ရေပေးရေး ဆက်စပ်ပစ္စည်းများဖြစ်သည့် အင်ဂျင်၊ ပန့်၊ ပိုက်များ၊ စက်သုံးဆီနှင့် အလှူ ငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(ခ) ကျေးလက်လမ်းတံတားလုပ်ငန်းများအနေဖြင့် လမ်းတံတားပြင်ဆင်ခြင်းလုပ်ငန်းများတွင် ယန္တရားများကူညီခြင်း၊ စက်သုံးဆီများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(ဂ) ကျေးလက်အိမ်ရာလုပ်ငန်းများအနေဖြင့် ကျေးလက်အိမ်ရာများပြန်လည်ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် သစ်၊ သွပ်၊ ပျဉ်၊ ဝါးကပ်များနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်း နိုင်ပါရန်၊

(ဃ) ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးလင်းရေးပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန်၊

(င) တိရစ္ဆာန်၊ တိရစ္ဆာန်အစာ၊ ဆေးဝါး၊ မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန်။

၃။ သို့ပါ၍ စေတနာရှင် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်) ဖုန်း ၀၆၇-၄၀၈၄၆၅၊ ၀၉-၂၅၄၂၆၂၁၇၈၊ ၀၆၇-၄၁၈၃၅၆၊ ၀၉-၄၃၀၃၈၁၂၃၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၉၀၂၆၊ ၀၉-၅၀၈၈၉၉၉၉၊ ၀၆၇-၄၀၉၂၁၁၊ ၀၉-၈၆၁၀၁၇၉၊ ၀၆၇-၄၀၉၀၂၇၊ ၀၉-၈၃၀၀၇၆၅၊ ၀၆၇-၄၀၉၃၅၇၊ ၀၉-၈၃၀၀၁၉၃၊ ၀၆၇-၄၀၉၃၆၂၊ ၀၉-၄၉၂၂၄၀၀၃၊ ၀၆၇-၄၀၉၀၃၀၊ ၀၉-၄၀၀၄၁၄၂၁၄၊ ၀၆၇-၄၀၉၄၀၉၊ ၀၉-၂၅၀၉၆၃၈၅၅၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၃-၂၈၃၆၈၊ ၀၉-၄၉၂၀၂၀၈၂၊ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဖုန်း-၀၇၁-၂၆၁၉၅၊ ၀၉-၄၃၀၀၂၆၂၇၊ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၄၃-၂၂၀၁၈၊ ၀၉-၄၉၆၄၀၉၇၈ နှင့် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၇၀-၂၂၅၅၀၊ ၀၉-၈၆၃၆၄၄၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ရေဘေးသင့်ပြည်သူတွေကို ကူညီပါ

ပါမောက္ခ ခင်မောင်ဝင်း(အသည်း)

ဒီနှစ်ရာသီဥတုတွေ ဖောက်ပြန်ပြီး မိုးတွေ တော်တော်ကောင်းလို့ မြန်မာပြည်တစ်ပြည်လုံး ရေတွေကြီး၊ စိုးရိမ်ရေမှတ်တွေရောက်နဲ့ ပြည်သူတွေ တော်တော်လေးဒုက္ခရောက်ပါတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေမှာ ရေဘေးဒဏ်ကို တော်တော်လေးခံရပါတယ်။ အဆိုးဆုံးထိခိုက်နေတဲ့ မြို့တွေ နေရာတွေကတော့ ကောလင်း၊ ကလေး၊ ပွင့်ဖြူ စေတုတ္တရာမြို့၊ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တွေလို့ သိရပါတယ်။ ရေတွေကြီးလို့ ဒုက္ခတွေရောက်ကြတဲ့ ရေဘေးသင့်ပြည်သူတွေရဲ့ ပုံရိပ်တွေကို မြင်ရတော့ တော်တော်လေး စိတ်မကောင်းဖြစ်မိပါတယ်။

တစ်ခုခုတော့လုပ်ရမယ်၊ ရေဘေးသင့်ပြည်သူတွေကို ကူညီရမယ်၊ ထောက်ပံ့ရမယ်ဆိုတဲ့ အသိတွေ အတွေးတွေတော့ရှိပါတယ်။ ဒါပေမယ့် ဘယ်ကစလို့ ဘယ်လိုလုပ်မလဲဆိုတာ မသိဘဲဖြစ်နေပြီး ကိုယ့်အလုပ်တွေနဲ့ကိုယ်ရှုပ်ပြီး လုပ်မယ့်အလုပ်၊ လုပ်သင့်တဲ့အလုပ်တွေကို ကျွန်တော်မလုပ်ဖြစ်ပဲ ကြန့်ကြာနေပါတယ်။



အဲဒီအချိန်မှာ ဩစတြေးလျနိုင်ငံမှာနေတဲ့ ကျွန်တော့်ရဲ့သမီးကြီး ဒေါက်တာမင်းမင်းဝင်းဆီကနေ ဖုန်း၊ viber တွေနဲ့ အကြောင်းကြားလာပါတယ်။ ဘယ်လိုလဲဆိုတော့ "အဖေ ရေဘေးရှောင်တဲ့လူတွေရဲ့ပုံတွေကြည့်ရတာ သမီးသိပ်စိတ်ဆင်းရဲတယ်။ အထူးသဖြင့် စားသောက်ဆိုင်တစ်ဆိုင်မှာ သွားစားနေရင် ငါကတော့ ဒီမှာ အခုလိုစားနေတယ်၊ မြန်မာပြည်က ရေဘေးဒဏ်ခံနေရတဲ့သူတွေမှာ စားဖို့နေဖို့ဆိုတာနောက်ထား အသက်ရှင်ဖို့ မနည်းကြိုးစားနေရတယ်။ ငါတစ်ခုခုလုပ်မှဖြစ်မယ်ဆိုတဲ့ အတွေးတွေက ဝင်လာတယ် အဖေရဲ့။ အဲဒီတော့ အဖေဖြစ်တဲ့နည်းနဲ့ ရေဘေးသင့်ပြည်သူတွေအတွက် ချက်ချင်းလှူပါ" ဆိုပြီး အဖေ၊ ဦးတင်နွယ်၊ ဦးတူး၊ ဦးတင့်လွင်၊ အန်တီဝေ၊ အန်တီခိုင်ဆိုပြီး အမည်တပ်ပြီး ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်တွေ ဘယ်လောက်စီလှူရမယ်ဆိုတာ လှူရမယ့် ငွေပမာဏစာရင်းနဲ့ ပို့လာပါတယ်။ ပြီးတော့ အဖေလှူဖြစ်အောင် လှူနော်ဆိုပြီး အကြိမ်ကြိမ်ပြောဖုန်းဆက်၊ message ပို့ပါတယ်။

အဲဒီတော့မှ နဂိုကတည်းက စိတ်ထဲမှာရှိနေတဲ့ ရေဘေးသင့်ပြည်သူတွေအတွက် ကူညီချင်တဲ့ လှူချင်တဲ့ စိတ်တွေကို တအားလှုံ့ဆော်လိုက်သလို ဖြစ်သွားပြီး အခုချက်ချင်း ထောက်ပံ့ကူညီရေး၊ လှူဒါန်းရေးလုပ်ငန်းတွေ လုပ်တော့မယ်ဆိုပြီး စီစဉ်ပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်တော်က နိုင်ငံခြား ဂရိနဲ့အိန္ဒိယ ခရီးစဉ်တစ်ပတ်ထွက်နေတဲ့ကာလဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံခြားကနေပြီး ကောလင်းမြို့ ရေဘေးသင့်ပြည်သူတွေအတွက် အလှူက စဖို့ စီစဉ်ပါတော့တယ်။ မိသားစုအလှူ လှူတာထက် အများပြည်သူ ပါဝင်လှူဒါန်းမယ်ဆိုရင် ပိုပြီးရန်ပုံငွေရမယ်။ အလှူဟာ ပိုပြီး ထိရောက်မယ်လို့လည်း တွေးမိပါတယ်။ ဒါနဲ့ ကောလင်းမြို့နယ် ရေဘေးသင့်ပြည်သူတွေအတွက် စုပေါင်းလှူဒါန်းပွဲတစ်ခုလုပ်ရမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ နိုင်ငံခြားက ပြန်အရောက်မှာ ဩဂုတ် ၁ ရက်ဆိုတော့ ပြင်ဆင်ချိန်နဲ့တွက်ပြီး UMFCCI (မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း) မင်းရဲကျော်စွာလမ်းမှာ ဩဂုတ် ၄ ရက်မှာ အဲဒီလှူဒါန်းပွဲကို လုပ်မယ်လို့ ဆုံးဖြတ်ပြီးစီစဉ်လိုက်ပါတယ်။

ဖိတ်စာတွေရိုက်၊ သတင်းစာထဲမှာ မည်သူမဆိုလာလှူနိုင်တယ်ဆိုပြီး ကြော်ငြာတွေထည့် စတင်လှုပ်ရှားပါတယ်။ ပိုပြီးပွဲစည်သွားအောင်ဆိုပြီး နိုင်ငံကျော်အဆိုတော် နီနီခင်ဇော်ဆီကို အဲဒီပွဲကိုလာပြီး တက်ပေးပါ၊ စကားနည်းနည်းပြောပေးပါလို့ အိန္ဒိယနိုင်ငံကနေ ဖုန်းနဲ့လှမ်းပြောလိုက်တော့ နီနီက ချက်ချင်းပဲ လာမှာပေါ့၊ နီနီလည်း လှူပါမယ်လို့ ပြောပါတယ်။

နောက်ဆက်ပြီး မိတ်ဆွေကြီး ကိုစင်ရော်မောင်မောင်ကိုလည်း ဖိတ်ဦးမှဆိုပြီး ဆက်လိုက်တော့ စင်ကာပူကိုသွားနေပါတယ်တဲ့၊ သုံးရက်နေ့မှ ပြန်ရောက်ပါမယ်။ ဒါပေမယ့် ဦးမောင်ဆီကို ဖုန်းဆက်ပြီး အကြောင်းကြားပေးပါမယ်လို့ သူ့ရုံးခန်းက ပြောပါတယ်။ နောက်နေ့မှာ ဦးစင်ရော်မောင်မောင်ရဲ့ ရုံးခန်းက ဖုန်းဆက်ပါတယ်။ "ဦးမောင်က စင်ကာပူကနေ ပြောခိုင်းလို့ပါ၊ သုံးရက်နေ့ကို ပြန်ရောက်ပါမယ်၊ လေးရက်နေ့လုပ်မယ့် ကောလင်းရေဘေးအတွက် လှူဒါန်းပွဲအခမ်းအနားကို တက်ဖြစ်အောင် တက်ပါမယ်"လို့ ပြောပါတယ်။

ပြီးတော့ ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်းတွေ၊ ဆေးကုမ္ပဏီတွေကလည်း လှူဒါန်းပွဲမှာ ပါဝင်လှူဒါန်းမယ်လို့ ပြောပါတယ်။ UMFCCI ကလည်း အဲဒီလိုလှူဒါန်းပွဲဆိုရင် အခန်းငှားခ မယူဘူးဆိုပြီး ပြောပါတယ်။

ကျွန်တော်လည်း ဩဂုတ်လ ၁ ရက်နေ့မှာ နိုင်ငံခြားက ပြန်ရောက်လာပြီး အဲဒီလှူဒါန်းပွဲအတွက် အစစအရာရာ ပြင်ဆင်နေတုန်းမှာပဲ ကလေးမြို့ ဆိုးဆိုးရွားရွားရေကြီးတဲ့အကြောင်း သတင်းစာ၊ တီဗွီ၊ ဖေ့စ်ဘွတ်တွေမှာ တောက်လျှောက်ပါနေပြီး ကလေးမြို့တစ်မြို့လုံးနီးပါး ရေအောက်ရောက်သွားပြီဆိုတဲ့ သတင်းတွေကိုလည်း ဖတ်ရတော့ စိတ်ကူးတစ်မျိုး ထပ်ပေါ်လာပါတယ်။ ကောလင်းမြို့ကို လှူပြီးတာနဲ့ရပ်မနေဘဲ ကလေးမြို့နဲ့ တခြားရေဘေးသင့်မြို့နယ်တွေကိုလည်း ဆက်လှူရမှာပေါ့လို့ တွေးမိပြီး လှူဒါန်းရေးလုပ်ငန်းတွေ စတင်လှုပ်ရှားပါတော့တယ်။

ဒီတစ်ခါ ကလေးမြို့ကို ဘာလှူရမလဲဆိုတာ တွေးလိုက်တော့ ရေဘေးသင့်ပြည်သူတွေမှာ အဓိကလိုတာဟာ စားစရာပဲ၊ စားစရာဆိုတာမှာ ထမင်းဟာ အဓိကပါ။ ဒါကြောင့် ရေဘေးသင့်ပြည်သူတွေအတွက် အဓိကလိုမှာ 'ဆန်'ပဲ။ အဲဒီတော့ ဆန်ကိုလှူမယ်၊ တစ်ခါထပ်စဉ်းစားလိုက်တော့ ဆန်နဲ့အတူ ကုလားပဲကို တွဲလှူမယ်။ ဆန်နဲ့ပဲရှိရင် ထမင်းစားလို့ ဖြစ်သွားပြီ။

ရေကိုကျိုချက်သောက်ရင်ရတယ်။ ကလိုရင်းဆေးပြားလေးတွေထည့်ပြီး ပိုးသတ်ပြီးသောက်လည်းရတယ်။ အဝတ်အထည်ဆိုတာကလည်း မြန်မာပြည်ရာသီဥတုနဲ့ ဖြစ်သလိုနေလို့ရတယ်။ ထမင်းက မစားလို့မဖြစ်ဘူး၊ အဲဒီတော့ ဆန်ကိုပဲ အဓိကလှူမယ်။ ဆန်နဲ့ပဲတွဲပြီး ရေဘေးသင့်ဧရိယာတွေကို ပို့ပေးမယ်၊ လှူမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဆန်ခြောက်ပြည်အိတ်လေးနဲ့ ကုလားပဲတစ်ပိသာတွဲပြီး မိသားစုအလိုက်လှူရင် သိပ်ကောင်းမှာပဲလို့လည်း ဆက်တွေးမိပါတယ်။ ပြီးတော့ ဆန်ခြောက်ပြည်နဲ့ ကုလားပဲတစ်ပိသာဟာ မြန်မာငွေကျပ် ၈၀၀၀ ကျပါတယ်။ လှူချင်တဲ့သူတွေကလည်း ဘယ်နှယောက်စာဆိုပြီး ကိုယ်နိုင်သလောက် လှူနိုင်ပါတယ်။

အဲဒီနောက် ပထမဆုံး စဉ်းစားတာကတော့ ကလေးမြို့ကို ဆန်တွေပို့ရင် ဘယ်သူဆီပို့လို့ ဘယ်သူကဝေပေးမလဲ ဆိုတာပေါ့။ ကံကောင်းချင်တော့ ကျွန်တော့်ရဲ့တူ ဦးစိုးပိုင်မြင့်ဟာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဖြစ်နေတာကို သတိရမိပါတယ်။ အဲ့ဒါနဲ့ ချက်ချင်းပဲ တူတော်မောင်ဆီ ဖုန်းဆက်လိုက်ပါတယ်။ "ကလေးမြို့ ရေဘေးသင့်ပြည်သူတွေကို တို့ဆန်တွေပို့ပြီး လှူချင်လို့၊ ဘယ်လိုလုပ်ရမလဲ" လို့ မေးလိုက်ပါတယ်။ အဲဒီတော့ တူတော်မောင် စိုးပိုင်မြင့်က "ဦးရယ် ကျွန်တော်ကတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဆီကို လှူပေးမှာပေါ့။ အဲဒီလိုဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေကနေတစ်ဆင့်လှူတော့ လှူဒါန်းပစ္စည်းတွေကို ပြည်သူတွေဆီကို စနစ်တကျဖြန့်ဝေပေးနိုင်တာပေါ့။ ကျွန်တော် ဝန်ကြီးချုပ်ကိုသတင်းပို့ပေးပါမယ်" လို့ ပြောပါတယ်။ ပြီးတော့ သူကဆက်ပြီး "ဦးရယ် အခုအချိန်မှာတော့ လေကြောင်းလိုင်းတွေအားလုံးက ရေဘေးအတွက် လှူဒါန်းပစ္စည်းအားလုံးကို မန္တလေးလေဆိပ်ကနေတစ်ဆင့် ကလေးမြို့ကို အခမဲ့ပို့ပေးနေပါတယ်။ လေကြောင်းလိုင်းတွေကို ဆက်သွယ်ပြီး ပို့ဖို့စီစဉ်ပါ၊ လှူဒါန်းပစ္စည်းတွေပါတဲ့ လေယာဉ်ထွက်မယ့်နေ့ကို ကျွန်တော့်ဆီ အကြောင်းကြားပေါ့။ ကျွန်တော် ဝန်ကြီးချုပ်ဆီ သတင်းပို့ပြီး လှူတဲ့ဆန်တွေကို ဖြန့်ပေးမှာပါ"လို့ ပြောပါတယ်။ အဲဒီတော့ လှူမယ့်ဆန်တွေကို ဝေဖို့ကိစ္စက ပြီးသွားပါတယ်။

ဒါနဲ့ နောက်တစ်ဆင့် ဒီဆန်တွေ ကလေးမြို့ကို ဘယ်လိုပို့မလဲဆိုတာ ဆက်တွေးရတာပေါ့။ ဩဂုတ်လ ၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှာ လှူဒါန်းပစ္စည်းတွေကို လေကြောင်းလိုင်းတွေကနေ အခမဲ့ပို့ပေးနေတယ်ဆိုတာကို ဖတ်လိုက်ရတော့ ဆန်တွေ ကလေးမြို့ကို လေယာဉ်နဲ့ပို့ရမယ့် လေကြောင်းလိုင်းတွေနဲ့ ဆက်သွယ်ရမယ်လို့ သဘောပေါက်လာပါတယ်။ ဒါနဲ့ ကျွန်တော့်မိတ်ဆွေကြီး မြန်မာအမျိုးသားလေကြောင်းလိုင်းက CEO ဦးသန်းထွန်းဆီ ကို ဖုန်းဆက်လိုက်တော့ သူ့သမီး ဒေါက်တာယဉ်ဖြူကိုနဲ့တွေ့ပါတယ်။ ကျွန်တော် ကလေးမြို့ကို ဆန်တွေလှူချင်တဲ့အကြောင်းနဲ့ မြန်မာအမျိုးသားလေကြောင်းနဲ့ မန္တလေးကနေ ကလေးကို အခမဲ့ပို့ပေးဖို့ သူ့ကိုပဲ အကူအညီတောင်းလိုက်ပါတယ်။ သူက "ဦးရေ ဘယ်သူနဲ့ ဆက်သွယ်ရမလဲဆိုတာ သမီးပြန်ဆက်ပေးမယ်"လို့ပြောပြီး ခဏနေတော့ မန္တလေးလေဆိပ်က မန်နေဂျာ ဦးဇော်မင်းဆွေနဲ့ ဆက်သွယ်ပါဆိုပြီး ဖုန်းနံပါတ်တွေ ပေးပါတယ်။ ဦးဇော်မင်းဆွေဆီ ဖုန်းဆက်လိုက်တော့ သူကလှိုက်လှိုက်လှဲလှဲပဲ ဒီလိုအလှူပစ္စည်းတွေကို ကူညီပို့ပေးပါမယ်ဆိုပြီး အစစအရာရာ စီစဉ်ပေးပါတယ်။ ဒါနဲ့ပဲ ကြာသပတေးနေ့မှာ ကလေးမြို့ကို ကျွန်တော်လှူတဲ့ ဆန်ခြောက်ပြည်နဲ့ ကုလားပဲတစ်ပိသာအိတ်တွေ လေယာဉ်တစ်စီးစာ ပို့ပေးပါမယ်တဲ့။ သိန်း ၄၀ ဖိုးလောက်ရှိတာပေါ့။

နောက်တစ်ဆင့်တက်ပြီး စဉ်းစားရတာက မန္တလေးကနေ ဒီအလှူပစ္စည်းတွေကို ဘယ်မှာဝယ်လို့၊ ဘယ်လိုလုပ်ပြီး လေယာဉ်ပေါ်တင်မှာလဲဆိုတာပါ။ အဲဒီတော့ လူမှုရေးလုပ်ငန်းတွေတိုင်း ကယ်ဆယ်ရေးလုပ်ငန်းအမြဲတမ်းလုပ်နေတဲ့ မန္တလေးဖြူမွစိုရ် လူမှုကူညီရေးအသင်းကို ချက်ချင်းပဲ သတိရမိပါတယ်။ အထူးသဖြင့် ဖြူမွစိုရ်အသင်းမှာ တက်တက်ကြွကြွ အမြဲလုပ်လေ့ရှိတဲ့ ဦးဘရမ်းကိုလည်း တွေးမိပါတယ်။ ဒါနဲ့ ဦးဘရမ်းကို ဖုန်းဆက်ပြီး အကျိုးအကြောင်းကို ပြောလိုက်တော့ 'ရတယ်လေဆရာရယ်၊ ဖြူမွစိုရ်က အားလုံးစီစဉ်ပေးမှာပါ၊ ဖြူမွစိုရ်အသင်းက ပံ့ပိုးကူညီထောက်ပံ့ပြီး ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်း)နဲ့ ဇနီး ဒေါက်တာ ခင်လေးရီ မိသားစုက လှူဒါန်းသည်ပေါ့ ဆရာရယ်'လို့ ပြောလိုက်တော့ ကိစ္စတစ်ခု ပြီးသွားပြီပေါ့။

အဲဒီတော့ ကလေးမြို့ ရေဘေးသင့်ပြည်သူတွေအတွက် ဆန်နဲ့ကုလားပဲတွေကို မန္တလေးဖြူမွစိုရ် လူမှုကူညီရေးအသင်းကနေတစ်ဆင့် အလှူရှင် ပါမောက္ခ ခင်မောင်ဝင်း(အသည်း)နဲ့ ဇနီး ဒေါက်တာခင်လေးရီတို့ကနေပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဆီကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးပိုင်မြင့်ကတစ်ဆင့် မြန်မာလေကြောင်း ဥက္ကဋ္ဌ ဦးသန်းထွန်းနဲ့ မန္တလေးလေဆိပ် မန်နေဂျာ ဦးဇော်မင်းဆွေတို့ အကူအညီနဲ့ ပေးပို့လှူဒါန်းဖို့ စီစဉ်ပြီးဖြစ်သွားပါတယ်။ ကျွန်တော် တော်တော်လေးကို ပီတိဖြစ်သွားပါတယ်။

ပြောရမယ်ဆိုရင်တော့ တာဝန်သိ ပြည်သူတွေအနေနဲ့ တစ်နိုင်ငံလုံးဖြစ်ပေါ်နေတဲ့ အရေးပေါ်အခြေအနေတွေမှာ တစ်ပိုင်တစ်နိုင် ပါဝင်လှူဒါန်းကူညီပံ့ပိုးကြရမှာ ဖြစ်ပါတယ်။

ကိုယ့်မိသားစုဝင်ထဲက တစ်ဦးတစ်ယောက် ဒုက္ခရောက်ရင် ကူညီဆောင်ရွက်ပေးသလို ကိုယ့်နိုင်ငံသားတွေ ရေဘေးသင့်နေတဲ့အချိန်မှာ နိုင်ငံသားတိုင်းဟာလည်း ဝင်ရောက်ကူညီပံ့ပိုးပေးရမှာပါ။

နိုင်ငံတော်က ကယ်ဆယ်ရေးတွေ လုပ်ဆောင်ပေးနေတာပဲဆိုပြီး နေလို့မရပါဘူး။ ကိုယ့်အသွေး၊ ကိုယ့်အသား၊ ကိုယ့်နိုင်ငံသားတွေအတွက် ကိုယ်တတ်နိုင်တဲ့ အနေအထား၊ ကိုယ့်အခြေအနေနဲ့ကိုယ် ပါဝင်ကူညီထောက်ပံ့လှူဒါန်းပေးကြပါလို့ တိုက်တွန်းလိုက်ပါရစေ။

မြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြပါစေ။

>> ပရီမီယာလိဂ် တန်းတက်မိတ်ဆက်မှု

## နော့ဝှစ်ချ်

တည်ထောင်သည့်နှစ် - ၁၉၀၂
ဥက္ကဋ္ဌ - အလန်ဘော်ကက်စ်
မန်နေဂျာ - အဲလက်စ်နေးလ်
ကွင်း - ခရိုးလ်ရုဒ်
ဝင်ဆန့်မှု - ၂၇၂၄၄

ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း တတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် တန်းတက်ခွင့်အတွက် အဆုံးအဖြတ်ပွဲစဉ် ကစားခွင့်ရရှိခဲ့ကာ အဆိုပါ အဆုံးအဖြတ်ပွဲစဉ်အနက် နော့ဝှစ်ချ်ဟာ ဗိုလ်လုပွဲမှာ မစ်ဒယ်ဘရော့ကို အနိုင်ရရှိပြီး ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိလာခဲ့တဲ့ အသင်းတစ်သင်းလည်း ဖြစ်ပါတယ်။ နော့ဝှစ်ချ်ဟာ လက်ရှိတန်းတက်အသင်းသုံးသင်းအနက် ပရီမီယာလိဂ်နဲ့ အကျွမ်းတဝင်အရှိဆုံး အသင်းအဖြစ်သတ်မှတ်ရမှာလည်း ဖြစ်ပါတယ်။ နော့ဝှစ်ချ်ဟာ အင်္ဂလန်ဘောလုံးလောကမှာ ပရီမီယာလိဂ်ပြိုင်ပွဲကို စတင်ကျင်းပခဲ့တဲ့ ပထမဆုံးရာသီဖြစ်တဲ့ ၁၉၉၂-၉၃ ဘောလုံးရာသီမှာ ပြိုင်ပွဲဝင်အသင်းတစ်သင်းအဖြစ် ရှိခဲ့ပြီး အဆိုပါနှစ်မှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း တတိယနေရာကိုတောင် ရယူနိုင်ခဲ့ပြီး ယူအီးအက်ဖ်အေပြိုင်ပွဲဝင်ခွင့်ကိုတောင် ရရှိခဲ့တဲ့အသင်းတစ်သင်းလည်း ဖြစ်ပါတယ်။ နော့ဝှစ်ချ်အနေနဲ့ အဆိုပါနှစ်နောက်ပိုင်းမှာ အသင်းရဲ့အခြေအနေဟာ ယိမ်းယိုင်လာခဲ့ပြီး ပရီမီယာလိဂ်မှာ သုံးရာသီသာ ရပ်တည်နိုင်ခဲ့ပြီး ၁၉၉၄-၉၅ ဘောလုံးရာသီအကုန်မှာ တန်းဆင်းခဲ့ရပါတယ်။

နော့ဝှစ်ချ်အနေနဲ့ အဆိုပါ တန်းဆင်းခဲ့ရပြီးတဲ့နောက်ပိုင်းမှာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ကိုးရာသီတိုင် ကျင်လည်ခဲ့ရသလို အသင်းအတွင်း မတည်ငြိမ်မှုတွေဖြစ်ခဲ့ပြီး ၂၀၀၃-၀၄ ဘောလုံးရာသီအကုန်မှသာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ချန်ပီယံဖြစ်မှုနဲ့အတူ ပရီမီယာလိဂ်ကို တစ်ကျော့ပြန်ရောက်ရှိလာခဲ့ပေမယ့်လည်း အဆိုပါတစ်ရာသီသာ ကျင်လည်ခဲ့ရပြီး ရာသီကုန်မှာ တန်းပြန်ဆင်းခဲ့ရကာ ၂၀၀၉-၁၀ ဘောလုံးရာသီမှာဆိုရင် လိဂ်ဝမ်းပြိုင်ပွဲအထိတောင် ဆင်းသက်ကစားခဲ့ရပါတယ်။ ဒါပေမယ့်လည်း နော့ဝှစ်ချ်ဟာ အဆိုပါလိဂ်ဝမ်းပြိုင်ပွဲမှာ တစ်ရာသီသာ ကျင်လည်ခဲ့ရသလို ၂၀၁၁-၁၂ ဘောလုံးရာသီမှာ လိဂ်ချန်ပီယံရှစ်ကို ပြန်လည်ရောက်ရှိခဲ့ပြီး အဆိုပါနှစ်မှာတင် လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ဒုတိယရမှုနဲ့အတူ ပရီမီယာလိဂ်ကို တစ်ကျော့ပြန်တက်ရောက်လာနိုင်ခဲ့ပါတယ်။

အဆိုပါ ပရီမီယာလိဂ်ကို ထပ်မံတက်ရောက်လာနိုင်ခဲ့ရာမှာတော့ နော့ဝှစ်ချ်ဟာ ပရီမီယာလိဂ်မှာ အဆင့်မီစွာ ရပ်တည်နိုင်ခဲ့ပြီး သုံးရာသီတိုင်တိုင်ကျင်လည်နိုင်ခဲ့ပြီးမှ မနှစ်က ဘောလုံးရာသီမှာ လိဂ်ချန်ပီယံရှစ်ကို ဆင်းခဲ့ရတာဖြစ်ပြီး အဆိုပါနှစ်မှာတင် အဆုံးအဖြတ်ခြေစစ်ပွဲ ကစားခွင့်ရကာ အခုလို တန်းပြန်တက်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နော့ဝှစ်ချ်ဟာ တန်းတက်အသင်းသုံးသင်းထဲမှာ ပရီမီယာလိဂ်နဲ့ အကျွမ်းတဝင်အရှိဆုံး အသင်းအဖြစ်သတ်မှတ်ရမှာဖြစ်ပါတယ်။

ဒ့ါအပြင် လက်ရှိအချိန်မှာ တန်းတက်ခွင့်ရရှိလာခဲ့တဲ့ နော့ဝှစ်ချ်မှာလည်း ပရီမီယာလိဂ်အတွေ့အကြုံရှိတဲ့ ကစားသမား အများအပြားရှိနေပါတယ်။ အိုင်ယာလန်ကွင်းလယ်ကစားသမား ဟိုလာဟန်၊ ပြင်သစ်ကွင်းလယ်ကစားသမားအန်ဒရူး၊ အင်္ဂလန်တိုက်စစ်မှူး ဟိုပါ၊ ဂျေလိုမီ၊ အင်္ဂလန်ခံစစ်မှူး တာနာ၊ ပော်လန်တိုက်စစ်မှူး ဝုဖ်စဝင်ကီ၊ ကင်မရွန်းခံစစ်မှူး ဘတ်စ်ဆောင်း၊ ဆီွဒင်ခံစစ်မှူး




မာတင်အောဆန်စတဲ့ ကစားသမားတွေဟာ ပရီမီယာလိဂ်နဲ့ ရင်းနှီးပြီးသား ကစားသမားတွေဖြစ်ပါတယ်။

ဒ့ါအပြင် နော့ဝှစ်ချ်ဟာ ကွန်ဂိုကွင်းလယ်ကစားသမား မူလန်ဘူကိုလည်း ခေါ်ယူအားဖြည့်ထားခဲ့တာတွေ့ရပါတယ်။ မူလန်ဘူဟာ ဝက်စ်ဘရွမ်းနဲ့အတူ ပရီမီးယာလိဂ်မှာ ခြေစွမ်းပြသနိုင်ခဲ့သူတစ်ဦးဖြစ်သလို မူလန်ဘူနဲ့အတူ ဝက်စ်ဘရွန်းမှာပဲ ခြေစွမ်းပြသနိုင်ခဲ့တဲ့ ကွင်းလယ်တိုက်စစ်ကစားသမား ဒေါ်ရန်ကိုလည်း ခေါ်ယူအားဖြည့်ထားခဲ့ပါတယ်။

ဒါပေမယ့်လည်း လက်ရှိအချိန်မှာ နော့ဝှစ်ချ်ကို ကိုင်တွယ်နေတဲ့ မန်နေဂျာအဲလက်စ်နေးလ်ရဲ့ အတွေ့အကြုံနုနယ်မှုတွေဟာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပရီမီယာလိဂ်လိုပြိုင်ပွဲအတွင်း နော့ဝှစ်ချ်ကို တည်ငြိမ်အောင်ကိုင်တွယ်နိုင်ဖို့ လိုအပ်ချက်တွေရှိလာနိုင်ပါတယ်။

ဒါကြောင့်လည်း နော့ဝှစ်ချ်ဟာ ပရီမီယာလိဂ်လိုဖိအားများပြီး ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲအတွင်း နော့ဝှစ်ချ်အနေနဲ့ ရေရှည်ရပ်တည်သွားနိုင်ပါ့မလားဆိုတာ ဟာ စောင့်ကြည့်ချင်စရာကောင်းတဲ့ အချက်တစ်ချက်လည်း ဖြစ်နေပါတယ်။

■ လင်းဆက်




## ရီးရဲအား ဘင်ဇီမာ စွန့်ခွာမည်ဟု မယုံကြည်ကြောင်း ရီးရဲနည်းပြ ဘင်နီတက်ဇ်ပြောဆို

***စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်း နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ရီးရဲတိုက်စစ်မှူး ဘင်ဇီမာသည် ယခုနွေရာသီဈေးကွက်ကာလအတွင်း ရီးရဲမက်ဒရစ်မှ ထွက်ခွာသွားလိမ့်မည်ဟု ယုံကြည်ရန် အကြောင်းပြချက်မရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။***

*ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာအား အာဆင်နယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ တိုက်စစ်မှူး ဘင်ဇီမာ(၂၇နှစ်)သည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ်ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ် အတွက် စုစုပေါင်း ၄၆ ပွဲ ပါဝင်ကစားခဲ့ကာ ၂၂ ဂိုး သွင်းယူခဲ့သူဖြစ်သည်။*

*"တိုက်စစ်မှူး ဘင်ဇီမာဟာ ကျွန်တော်တို့နဲ့အတူ ဆက်ရှိနေမယ်လို့ ယုံကြည်ထားပါတယ်။ ရီးရဲအသင်းမှာ ဘင်ဇီမာနဲ့ လက်တွဲခွင့်ရတာကိုလည်း ပျော်ရွှင်မိတယ်။ ဘင်ဇီမာအနေနဲ့ ရီးရဲကနေထွက်ခွာသွားဖို့ အကြောင်းရင်းမရှိဘူးလို့ ကျွန်တော်ထင်တယ်"ဟု နည်းပြ ဘင်နီတက်ဇ်က ပြောသွားသည်။*

*ရီးရဲအသင်းအနေဖြင့် ပြီးခဲ့သည့်ရာသီကထက် ပိုမိုတိုးတက်လာစေရေးအတွက် ကစားသမားသစ်များခေါ်ယူရန် လိုအပ်နေသည်ဟု နည်းပြ ဘင်နီတက်ဇ် ယုံကြည်ထားသော်လည်း မန်ယူအသင်း ဂိုးသမား ဒီဂီယာကို ခေါ်ယူရေးအလားအလာနှင့် ပတ်သက်၍ ပြောဆိုရန် ငြင်းဆိုခဲ့သည်။*


*နည်းပြ ဘင်နီတက်ဇ်က "ရီးရဲအသင်းအတွက် ကစားသမားသစ်အချို့ မခေါ်ယူခင်ကတည်းက ဒီအသင်းဟာ တောင့်တင်းတဲ့ အသင်းတစ်သင်းအဖြစ် ရှိနေတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ ဒါပေမယ့် ရီးရဲအသင်းကို အခုထက် ပိုမိုတိုးတက်လာအောင် လုပ်ဆောင်ဖို့ ရည်မှန်းထားတယ်။*

*အခြားအသင်းက ကစားသမားတွေနဲ့ပတ်သက်ပြီး ကျွန်တော်ဘာမှ မပြောချင်ဘူးလို့ ပြုလုပ်ခဲ့ပြီးတဲ့ သတင်းစာရှင်းလင်းပွဲငါးကြိမ်မှာ ကျွန်တော်ပြောဆိုခဲ့ပြီးပါပြီ။ ရီးရဲမက်ဒရစ်အသင်းမှာ ကီ လာနာဗက်စ်၊ ကီကိုကာဆီလာတို့လို ဂိုးသမားကောင်းတွေရှိနေပါတယ်"ဟု ဆက်လက်ပြောဆိုသွားသည်။*

*နည်းပြ ဘင်နီတက်ဇ်သည် ပြီးခဲ့သည့် ဇွန်လ ၃ ရက်တွင် ရီးရဲအသင်းနည်းပြအဖြစ် သုံးနှစ်သက်တမ်းရှိ စာချုပ်ဖြင့် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။*

***ထက်အောင်***

## လီဗာပူးအသင်း၏ နံပါတ် ၉ ဂျာစီကို တိုက်စစ်မှူးသစ် ဘန်တီကီ ဝတ်ဆင်မည်




**ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် အက်စ်တွန်ဗီလာအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာသူ တိုက်စစ်မှူး ခရစ္စတီယန်ဘန်တီကီသည် လီဗာပူးအသင်း၏ နာမည်ကျော် ဂျာစီနံပါတ်တစ်ခုဖြစ်သော နံပါတ် ၉ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း လီဗာပူးအသင်း၏ တရားဝင်တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။**

အသက် ၂၄ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘန်တီကီသည် ပြီးခဲ့သည့် ဇူလိုင် ၂၂ ရက်တွင် အက်စ်တွန်ဗီလာမှ လီဗာပူးသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၂ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ "တိုက်စစ်မှူးသစ် ဘန်တီကီဟာ လီဗာပူးအသင်းရဲ့ နံပါတ် ၉ ဂျာစီပိုင်ရှင်သစ်ပါ"ဟု လီဗာပူးအသင်း၏ တရားဝင်တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။

လီဗာပူးအသင်းတွင် နံပါတ် ၉ ဂျာစီအား အီရန်ရပ်စ်၊ ရော်ဘီဖောင်လာ၊ ဖာနန်ဒိုတောရက်စ်တို့ကဲ့သို့ နာမည်ကြီးကစားသမားများ ဝတ်ဆင်ခဲ့ပြီး နောက်ဆုံးဝတ်ဆင်ခဲ့သည့် ကစားသမားမှာ ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် ဝက်စ်ဘရွန်းအသင်းသို့ ပြောင်းရွှေ့သွားသူ တိုက်စစ်မှူး ရစ်ကီလမ်းဘတ်ဖြစ်သည်။

တိုက်စစ်မှူး ဘန်တီကီသည် ဩဂုတ်လ ၂ ရက်တွင် ဆွစ်ဒန်တောင်းအား လီဗာပူးက ၂-၁ ဖြင့် အနိုင်ကစားခဲ့သော ခြေစမ်းပွဲ၌ လီဗာပူးအတွက် ပထမဆုံးပါဝင်ကစားခဲ့ကာ volley ကန်ချက်ဖြင့် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

"ဆွစ်ဒန်တောင်းနဲ့ ခြေစမ်းပွဲမှာ ဘန်တီကီသွင်းယူခဲ့တဲ့ဂိုးက မယုံကြည်နိုင်လောက်အောင် ကောင်းမွန်တဲ့ဂိုးပါ။ နည်းစနစ်ပိုင်းအရလည်း တကယ့်ကိုကောင်းမွန်ပါတယ်"ဟု မန်နေဂျာ ရော်ဂျာက ချီးကျူးပြောဆိုခဲ့သည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပြန်လည်ဝင်ခွင့်ရရှိရန်အတွက် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် တိုက်စစ်မှူး ဘန်တီကီအပါအဝင် ကစားသမားသစ် ခုနစ်ဦးကို အားဖြည့်ခေါ်ယူကာ အသင်းကို ပြင်ဆင်ထားသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရမှတ် ၆၂ မှတ်ဖြင့် အဆင့် ၆ နေရာတွင်သာ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိခြင်းမရှိဘဲ လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲအုပ်စုအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

**အောင်က**

>> ချယ်လ်ဆီးနှင့်သူ၏ ချန်ပီယံဖြစ်နိုင်ခွင့်မှ

ပြောရမယ်ဆိုရင်ပေ့ါ။ တချို့တချို့သော ကျွမ်းကျင်သူတွေကတော့ ချယ်လ်ဆီးရဲ့ အားဖြည့်မှုနည်းပါးခြင်းဟာ လိုအပ်ချက်နည်းပါးခြင်းကြောင့်ရယ်လို့ ခေါင်းစဉ်တပ်ကြတယ်။ အထူးသဖြင့် ချယ်လ်ဆီးရဲ့ အဝင်အထွက်စာရင်းဟာ အရေအတွက်အားဖြင့် မမျှတာမှန်ပေမယ့် အဲဒီအချက်တစ်ခုကြောင့် ချယ်လ်ဆီးဟာ ယမန်နှစ်ကထက် အလုံးအရပ်လျော့ပါးတယ်လို့ မဆိုနိုင်ကြောင်း တုံ့ပြန်ကြတယ်။ ပြောရရင် ချယ်လ်ဆီးအထွက်စာရင်းမှာ ပီတာဆက်ချ်၊ သော်ဂန်ဟာဇက်ဇ်၊ ကာကူတာ၊ ဒရော့ဘာ၊ ဖီးလစ်ပီလုခ်တို့လို နာမည်ရှိသူပါသော်ငြား။ အဲဒီအားလုံးဟာ အသင်းရဲ့ပင်မအရင်းအမြစ်ကစားသမားတွေမဟုတ်ကြဘူး။ ပီတာဆက်ချ်ဆိုရင် မနှစ်က ပရီမီယာလိဂ် ငါးပွဲသာ ပွဲထွက်ခွင့်ရတယ်။ ဖီးလစ်ပီလုခ်ဆိုရင်လည်း ပရီမီယာလိဂ် ရှစ်ပွဲသာကစားခွင့်ရပြီး ဒရော့ဘာဆိုရင်လည်း ပွဲအများစုမှာ လူစားဝင်ကစားခွင့်သာရတာ ကျန်ကစားသမားတွေက မနှစ်ကတည်းက အသင်းမှမရှိသူတွေ။ အငှားသွားကစားနေရသူတွေဆိုတော့။ အဲဒီကစားသမားတွေအထွက်ပြမှုဟာ ချယ်လ်ဆီးရဲ့စုဖွဲ့မှုအပိုင်းကို မပျက်ယွင်းစေဘူးလို့ ကောက်ချက်ဆွဲကြတယ်။

အရှင်းဆုံးပြောရရင် ချယ်လ်ဆီးဟာ မနှစ်က အင်္ဂလန်ပြည်တွင်းအဓိကဖလား သုံးလုံးအနက် နှစ်ခုကိုရတဲ့အထိ စုဖွဲ့မှုပြည့်စုံတယ်။ အခုလည်း အဲဒီနှစ်ထပ်ကွမ်း ချန်ပီယံအစုအဖွဲ့က မပျက်မယွင်း ပကတိအတိုင်းကျန်တယ်။ ပြီးတော့ ပီတာဆက်ချ်ထွက်သွားလို့ ဟာသွားတဲ့ အရန်ဂိုးသမားနေရာမှာ ဘီဂိုဗစ်ပြန်ဝင်တယ်။ ဒရော့ဘာနေရာမှာလည်း မနှစ်က အစွမ်းမပြနိုင်သော်ငြား ဒရော့ဘာထက်ငယ်ပြီး ပင်ကိုအစွမ်းအစရှိတဲ့ ဖယ်ကာအိုပြန်ဝင်တယ်ဆိုတော့ ချယ်လ်ဆီးရဲ့ အလုံးအရပ်ဟာ ကျစ်လျစ်ဆဲဖြစ်တဲ့အပြင် ပြောင်းလဲမှုနည်းပါးခြင်းကြောင့် နားလည်ညီညွတ်မှုအပိုင်းမှာ ပိုပြီးတော့တောင်ကာ အားကောင်းမောင်းသန်ရှိလာမယ်လို့ ယူဆလက်ခံကြတယ်။

ပြောမယ်ဆိုရင်ပေ့ါ။ အသင်းတစ်သင်းရဲ့ ချန်ပီယံဖြစ်နိုင်မှုကို ချင့်ချိန်တွက်ဆကြရမှာ အဲဒီတစ်သင်းတည်းရဲ့ လိုအပ်ချက်နဲ့ ပြီးပြည့်စုံမှုတစ်ခုကိုသာ အကောက်အယူလုပ်သုံးသပ်တာထက် အဲဒီအသင်းကို တုဖက်ပြိုင်မယ့် အဓိကစိန်ခေါ်နိုင်သေူတွေရဲ့ အင်အားချိန်ခွင်လျှာနဲ့ စိန်ခေါ်နိုင်အားကိုပါ ထည့်တွက်ဖို့လိုတယ်။ အဲဒီမှာ ဆိုခဲ့ပြီးအတိုင်း ချယ်လ်ဆီးအတွက် အဓိကစိန်ခေါ်နိုင်သူတွေဖြစ်တဲ့ မန်ယူ၊ မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူးတို့ဟာ ဖြည့်တင်းမှုအပိုင်းမှာ ချယ်လ်ဆီးထက် ပိုမိုထိမိတာမှန်သော်ငြား သူတို့မှာ ပြီးပြည့်စုံမှုရှိလာနိုင်မလားဆိုတာ ပြန်ကြည့်တော့။ အာဆင်နယ်က မနှစ်က အားအပျော့ဆုံးနေရာနှစ်နေရာဖြစ်တဲ့ ဗဟိုတိုက်စစ်မှူးကောင်း ရှားပါးခြင်းနဲ့ ကွင်းလယ်အဖျက်အားပျော့ခြင်းတွေကို အခုအထိမပြင်နိုင်သေးဘူး။ မန်ယူဆိုရင်လည်း ဗဟိုတိုက်စစ်မှူးနေရာမှာ အားပြုလောက်သူဆိုလို့ ရွှန်းနေတစ်ဦးသာရှိတော့ပြီ။ မနှစ်က အားပျော့လွန်းခဲ့တဲ့ ဗဟိုခံစစ်ပြဿနာကိုလည်း အခုအထိ မဖြေရှင်းနိုင်သေးဘူးဆိုတော့ ချယ်လ်ဆီးရဲ့ အဓိကပြိုင်ဘက်တွေမှာ သူ့အားနည်းချက်နဲ့သူရှိသလို ဖြစ်နေတယ်လို့ဆိုကြတယ်။

ပြောရရင် အဲဒီအဓိကပြိုင်ဘက်တွေအထဲမှာတောင် အားဖြည့်မှုအကောင်းဆုံးဖြစ်တဲ့ လီဗာပူးကအစ အထိုင်မကျမှုပြဿနာနဲ့ ရင်ဆိုင်ရမယ်လို့ အကောက်အယူလုပ်ကြတယ်။ အရှင်းဆုံးပြောရရင် လီဗာပူးမှာ တိုက်စစ်ကအစ အပြောင်းအလဲဖြစ်တယ်။ စတားရစ်ကိုတည်ပြီး ဘန်တီကီ၊ ဒန်နီအင့်စ်၊ ဖာမီနိုတို့နဲ့ ပြန်ပြီး တည်ဆောက်ရမယ်။ ဒီတော့အတွဲအဖက်အသစ်ရဲ့ သဘောထားအတိုင်းပဲ ဒီအစုအဖွဲ့ အစွမ်းပြနိုင်ဖို့ အချိန်လိုမယ်။ ကွင်းလယ်မှာလည်း ဂျရတ်အစား ဟန်ဒါဆန်နဲ့တည်ပြီး ပြန်ဖွဲ့ယူရမယ် ဆိုတော့။ လီဗာပူးအနေနဲ့ရော စိန်ခေါ်သူအဆင့်ကို ရုတ်ခြည်းရောက်နိုင်ပါ့မလား။ ပြီးတော့ မန်စီးတီးကလည်း အဂူရိုတစ်ဦးသာ အဆုံးသတ်သေချာမှုရှိတဲ့ မနှစ်က လိုအပ်ချက်ကို အခုအထိ မပြင်နိုင်သေးဘူး။ ခေါ်ထားတဲ့ စတာလင်းက အဆုံးသတ်သေချာသူမဟုတ်ဘဲ မနှစ်က ၃၂ ပွဲမှာ ၁၁ ဂိုးပဲသွင်းနိုင်တဲ့အခါ။ မန်စီးတီးကိုရောပြီးပြည့်စုံပြီလို့ ဆိုနိုင်ပါ့မလားဆိုပြီး တုံ့ပြန်ထောက်ပြကြပါတယ်။

ဒီတော့ အဆုံးသတ်ကောက်ချက်ဆွဲရရင် ချယ်လ်ဆီးဟာ ထိမိတဲ့ အားဖြည့်မှုနည်းပါးသော်ငြား ကျစ်လျစ်တဲ့အဆင့်မှာရှိသေးသလို အဓိကစိန်ခေါ်နိုင်သူတွေမှာလည်း ကိုယ့်အားနည်းချက်နဲ့ကိုပြီးပြည့်စုံမှု မရှိတဲ့အခါ။ တကယ်ပဲ ချယ်လ်ဆီးရဲ့ ချန်ပီယံဖြစ်ခွင့်ဟာ သံသယဖြစ်စရာကောင်းပါ့မလားဆိုတာ တုံ့ပြန်မေးခွန်းထုတ်နေကြပါတယ်။

**ဝေမိုးဆက်**

မြန်မာ့အလင်း
၇-၈-၂၀၁၅ (သောကြာနေ့)

# ပရီမီယာလိဂ်တန်းတက်မိတ်ဆက်

လင်းဆက်

၂၀၁၅-၁၆ ပရီမီယာလိဂ်ပြိုင်ပွဲကြီးကို လာမယ့်ဩဂုတ် ၈ ရက်မှာ စတင်ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅-၁၆ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းကို အသင်းသစ်တွေအနေနဲ့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိလာခဲ့ကြတဲ့ တန်းတက်အသင်းတွေဖြစ်တဲ့ ဘုန်းမောက်၊ ဝက်ဖို့ဒ်၊ နော့ဝစ်ချ်စတဲ့ သုံးသင်းအကြောင်းကို ပရိသတ်လေ့လာနိုင်ဖို့အတွက် သုံးသပ်တင်ပြပေးလိုက်ရတာဖြစ်ပါတယ်။

## ဘုန်းမောက်

၁၈၉၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ ဘုန်းမောက်အသင်းဟာ အသင်းရဲ့သက်တမ်းအရ ၁၂၅ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပေမယ့်လည်း အင်္ဂလန်ဘောလုံးလောကမှာ အခုတစ်ကြိမ်မှသာ ပရီမီယာလိဂ်ဆိုတဲ့အဆင့်မြင့်ဆုံးပြိုင်ပွဲကို စတင်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဘုန်းမောက်အနေနဲ့ စတင်တည်ထောင်ခဲ့ကတည်းက အင်္ဂလန်ဘောလုံးလောကရဲ့အောက်တန်းအဆင့်တွေမှာသာ အများအားဖြင့်ကျင်လည်ခွင့်ရရှိခဲ့တာဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီရောက်မှသာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဘုန်းမောက်ဟာ တိုးတက်မှုတွေ အလျင်အမြန်ရရှိခဲ့ပြီး လိဂ်ချန်ပီယံရှစ်မှာ နှစ်ရာသီသာ ကျင်လည်ခဲ့ရပြီး ပြီးခဲ့တဲ့နှစ်ဖြစ်တဲ့ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာတော့ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ချန်ပီယံဆုကို အရယူနိုင်ခဲ့မှုနဲ့အတူ အခုလို ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

အထူးသဖြင့် ၂၀၁၁ ခုနှစ်မှာ ရုရှားစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဗစ်တိုရီဗစ်ဒီမင်ဟာ အဒီမစ်ချယ်နဲ့အတူ ဘုန်းမောက်ရဲ့ပူးတွဲပိုင်ရှင်ဖြစ်လာပြီးတဲ့ နောက်ပိုင်းမှာ ဘုန်းမောက်ဟာ အလျင်အမြန်တိုးတက်မှုတွေ ရရှိလာခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါ ဗစ်တိုရီဗစ်ဒီမင် အသင်းကို စတင်ပူးပေါင်းဝင်ရောက်လာစဉ်မှာ ဘုန်းမောက်ဟာ လိဂ်ဝမ်းပြိုင်ပွဲဝင်အသင်းတစ်သင်းအဖြစ်သာ တည်ရှိနေခဲ့တာဖြစ်ပေမယ့်လည်း ဗစ်တိုရီဗစ် ပူးတွဲပိုင်ရှင်ဖြစ်လာတဲ့ ၂၀၁၁ခုနှစ် နောက်ပိုင်းမှာတော့ တိုးတက်မှုတွေရရှိခဲ့ကာ ၂၀၁၂-၁၃ ဘောလုံးရာသီ အကုန်မှာတင် လိဂ်ဝမ်းပြိုင်ပွဲအတွင်း ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့ခြင်းနဲ့အတူ လိဂ်ချန်ပီယံရှစ်ကို တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကာ လိဂ်ချန်ပီယံရှစ်မှာ နှစ်ရာသီသာ ကျင်လည်ခဲ့ပြီးတဲ့နောက် အခုလို ပရီမီယာလိဂ်အထိ တက်ရောက်ခွင့်ရရှိလာခဲ့တာလည်းဖြစ်ပါတယ်။

လက်ရှိအချိန်မှာလည်း ဘုန်းမောက်ဟာ ပရီမီယာလိဂ်မှာ ရပ်တည်နိုင်ဖို့အတွက်အသင်းကို အားဖြည့်မှုအချို့ပြုလုပ်ထားခဲ့တာကိုလည်း တွေ့ရပါတယ်။ အသင်းကနေ ခံစစ်မှူး အဒီဆင်၊ ဂိုးသမားဗင်ဂျာမင်ဘူချယ်၊ တောင်ပံကစားသမားကူလီဘာလီ၊ ခံစစ်မှူးဂျိုးလ်ပါတင်တန်၊ တိုက်စစ်မှူးပစ်မန်းစတဲ့ကစားသမားတွေကို ဆုံးရှုံးခဲ့ရပေမယ့်လည်း ဘုန်းမောက်ဟာ ဆောက်သမ်တန်ဂိုးသမား အာသာဘိုရစ်၊ အဲဗာတန်ခံစစ်မှူး ဒစ္စတင်၊ ရက်ဒင်းဂိုးသမား အဒမ်ဖီဒရီစီ၊ ဘလက်ဘန်းတောင်ပံကစားသမား ဂျိုရှူအာကင်း၊ အစ်ဆွစ်ချ်ဘယ်တောင်ပံခံစစ်မှူး တိုင်ရိုနီမင်းတို့ကို ပြန်လည်ခေါ်ယူအားဖြည့်ထားခဲ့တာဖြစ်ပါတယ်။

အထူးသဖြင့် လက်ရှိ




အချိန်မှာ ဘုန်းမောက်ကို ကိုင်တွယ်နေတဲ့ မန်နေဂျာ အီဒီဟိုဝီလ်ဟာ အတွေ့အကြုံနုနယ်တဲ့ မန်နေဂျာတစ်ဦးဖြစ်ပါတယ်။ အီဒီဟိုဝီလ်အနေနဲ့ ၂၀၀၇ခုနှစ်မှာ ကစားသမားဘဝကနေ အနားယူသွားခဲ့ပြီးတဲ့နောက် ၂၀၀၈ခုနှစ်မှာ ဘုန်းမောက်မှာပဲ မန်နေဂျာဘဝကို စတင်ခဲ့တာဖြစ်ပြီး ၂၀၁၁ ခုနှစ်မှာတော့ ဘန်လေအသင်းကို ပြောင်းရွှေ့ကိုင်တွယ်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အီဒီဟိုဝီလ်ဟာ ဘန်လေကို ကိုင်တွယ်ခဲ့တဲ့ ၂၀၁၁-၂၀၁၂ ရာသီမှာ အောင်မြင်မှု ရယူနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း အီဒီဟိုဝီလ်ဟာ ဘုန်းမောက်ကို ၂၀၁၂ မှာ တစ်ကျော့ပြန်ရောက်ရှိလာခဲ့ရာမှာတော့ ဘုန်းမောက်ကို လိဂ်ဝမ်းပြိုင်ပွဲကနေ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲဆီ ပို့ဆောင်နိုင်ခဲ့တဲ့အပြင် အခုလိုလည်း လိဂ်ချန်ပီယံရှစ်ကနေ ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိတဲ့အထိ ကိုင်တွယ်နိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ဒါကြောင့် အီဒီဟိုဝီလ်ဟာ နည်းပြဘဝမှာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပရီမီယာလိဂ်လိုပြိုင်ပွဲနဲ့ ယဉ်ပါးခြင်းမရှိသူအဖြစ် သတ်မှတ်နိုင်ပေမယ့်လည်း အရည်အသွေးနိမ့်ပါးသူမဟုတ်ဘူးလို့ ဆိုရမှာလည်းဖြစ်ပါတယ်။

ဒါကြောင့် ဘုန်းမောက်ဟာ အင်္ဂလန်ဘောလုံးလောကမှာ ပရီမီယာလိဂ်ပြိုင်ပွဲတွင် အစိမ်းသက်သက်အသင်းတစ်သင်း ဖြစ်နေပေမယ့်လည်း ရုရှားစီးပွားရေးလုပ်ငန်းရှင် ဗစ်တိုရီဗစ်ဒီမင်ရဲ့ ပံ့ပိုးပေးမှု၊ အရည်အသွေးပိုင်းမဆိုးတဲ့ မန်နေဂျာအီဒီဟိုဝီလ်ရဲ့ဦးဆောင်မှုတွေအပြင် အဲဗာတန်၊ နယူးကာဆယ်တို့မှာ ကစားခဲ့ဖူးတဲ့ ဂေ့ါစလင်း၊ ဆွမ်ဆီးကစားသမားဟောင်း မက်ဒေါနယ်၊ ချယ်လ်ဆီးကနေ အငှားနဲ့ခေါ်ယူခဲ့တဲ့ ခရစ္စတီယန်အက်ဆုဖ်၊ ထပ်မံအားဖြည့်ထားတဲ့ ဒစ္စတင်၊ ဘိုရစ်၊ ဂျိုရှူ အာကင်းတို့ရှိနေမှုတွေနဲ့အတူ ဘုန်းမောက်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ စောင့်ကြည့်ချင်စရာကောင်းတဲ့အသင်းတစ်သင်းအဖြစ် ရပ်တည်လာနိုင်တယ်လို့ ယူဆလျက်ရှိကြပါတယ်။

## ဝက်ဖို့ဒ်

ပြီးခဲ့တဲ့ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်းမှာ ဒုတိယနေရာနဲ့ အဆုံးသတ်နိုင်ခဲ့ပြီး ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိလာခဲ့တဲ့ ဝက်ဖို့ဒ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲနဲ့ အစိမ်းသက်သက်အသင်းတစ်သင်းတော့ မဟုတ်ပါဘူး။ ဝက်ဖို့ဒ်ဟာ အသင်းကို စတင်တည်ထောင်ခဲ့တာ ၁၈၈၁ ခုနှစ်ကဖြစ်ပြီး အသင်းရဲ့သက်တမ်းအရ ၁၃၄ နှစ်ရှိခဲ့ပြီဖြစ်ပြီး အဆိုပါရှည်လျားလှတဲ့ သက်တမ်းအတွင်းမှာ အနိမ့်အမြင့်အတက်အကျတွေနဲ့ ကြုံတွေ့ခဲ့ရပေမယ့်လည်း ၁၉၈၂-၈၃ ဘောလုံးရာသီမှာ ပထမတန်း (ယခုပရီမီယာလိဂ်) ပြိုင်ပွဲကို စတင် တက်ရောက်ခွင့်ကို အရယူနိုင်ခဲ့သလို အဆိုပါ ပထမတန်း (ယခုပရီမီယာလိဂ်) ပြိုင်ပွဲအတွင်း ဘောလုံးရာသီ ၆ ရာသီတိတိ ကျင်လည်ခွင့် ရရှိခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒီနောက် ဝက်ဖို့ဒ်ဟာ ၁၉၈၈-၈၉ ဘောလုံးရာသီမှာ ဒုတိယတန်းကို ဆင်းခဲ့ရကာ အဲ့ဒီနောက်မှာ ဝက်ဖို့ဒ်ဟာ အောက်တန်းပြိုင်ပွဲတွေအတွင်း ပြန်လည်ကျင်လည်ခဲ့ရပါတယ်။

ဒါပေမယ့် ၁၉၉၉-၂၀၀၀ ဘောလုံးရာသီမှာတော့ ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ အဆိုပါနှစ်မှာ ဝက်ဖို့ဒ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း တည်ငြိမ်အောင် ရပ်တည်နိုင်ခြင်းမရှိခဲ့ဘဲ ရာသီအကုန်မှာတင် တန်းပြန်ဆင်းခဲ့ရပေမယ့် ၂၀၀၆-၀၇ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို ပြန်လည်တက်ရောက်လာနိုင်ခဲ့ပါတယ်။

အဆိုပါ ဘောလုံးရာသီမှာ ဝက်ဖို့ဒ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းတည်ငြိမ်အောင် ရပ်တည်နိုင်ခြင်းမရှိခဲ့ဘဲ ရာသီအကုန်မှာတင် တန်းပြန်ဆင်းခဲ့ရကာ အဲ့ဒီနောက်မှာတော့ ဝက်ဖို့ဒ်အနေနဲ့ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်းမှာတင် တောက်လျှောက်ကျင်လည်ခဲ့ရကာ ပြီးခဲ့တဲ့ ဘောလုံးရာသီအရောက်မှာတော့ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ဒုတိယရရှိမှုနဲ့အတူ အခုလို ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိလာခဲ့တာလည်းဖြစ်ပါတယ်။

ဒါပေမယ့်လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ဟာ ပရီမီယာလိဂ်ကို တက်ရောက်ခွင့်ရရှိလာခဲ့တာမှန်ပေမယ့်လည်း အသင်းအတွက် အားဖြည့်မှုတွေကတော့ ထိရောက်မှုသိပ်မရှိသေးတာကို တွေ့ရပါတယ်။ ဝက်ဖို့ဒ်ဟာ လက်ရှိအချိန်မှာ ကစားသမားခေါ်ယူမှုအဖြစ် ခုနစ်ဦးတိတိခေါ်ယူထားကာ အဆိုပါကစားသမားတွေထဲမှာ ရိုမာကစားသမား ဟိုလီဘာ၊ စပါးကစားသမား ကာပိုယူ၊ ဟမ်းဘတ်ကစားသမား ဘီရာမီလ်စတဲ့ ကစားသမားတွေ ပါဝင်နေပေမယ့်လည်း အများစုကတော့ သာမန်အဆင့်ကစားသမားတွေသာ ဖြစ်ကြပါတယ်။ ဒါ့အပြင် အဆိုပါခေါ်ယူခဲ့တဲ့ ကစားသမားတွေထဲမှာ ဟိုလီဘာ၊ ဘီဟာမီလ်တို့ဟာအသက်အရွယ်အရ အကျပိုင်းရောက်နေသူတွေ ဖြစ်သလို ဝက်ဖို့ဒ်မှာ ရှိရင်းစွဲကစားသမားအများစုဟာလည်းပရီမီယာလိဂ်လိုပြိုင်ပွဲအတွင်း ထိထိမိမိ ကျင်လည်ဖူးသူ နည်းပါးနေပါတယ်။ ဒါကြောင့် ဝက်ဖို့ဒ်အနေနဲ့ စုဖွဲ့မှုအင်အားပိုင်းအရ ပရီမီယာလိဂ်မှာ ရေရှည်ရုန်းကန်ရဖို့ရှိနေတယ်လို့ ဆိုရမှာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းအသင်းကို တန်းတက်ခွင့်ရရှိအောင် ကိုင်တွယ်ပေးနိုင်ခဲ့တဲ့ မန်နေဂျာ ဆန်နီနိုအစား စပိန်လူမျိုးမန်နေဂျာ ဖလောရက်စ်ကို အစားထိုးခန့်အပ်ထားခဲ့ပါတယ်။

ဖလောရက်စ်ဟာကစားသမားဘဝတုန်းက ညာတောင်ပံခံစစ်မှူးအဖြစ် ဗလင်စီယာ၊ ရီးရဲမက်ဒရစ်တို့မှာ အောင်မြင်စွာကစားနိုင်ခဲ့သူတစ်ဦးဖြစ်သလို မန်နေဂျာလောကကို ၂၀၀၁ ခုနှစ်မှာ စတင်ကူးပြောင်းခဲ့ရာမှာလည်း ရီးရဲမက်ဒရစ်လူငယ်အသင်းအပြင် ဂီတာဖေး၊ ဗလင်စီယာ၊ အက်သလက်တီကိုစတဲ့စပိန်လီဂါအသင်းကောင်းတွေကို ကိုင်တွယ်ခဲ့ဖူးသူ ဖြစ်ပါတယ်။ ဒါ့အပြင်ပေါ်တူဂီကလပ် ဘင်ဖီကာကိုလည်း ကိုင်တွယ်ခဲ့ဖူးသူဖြစ်ကာ ဘင်ဖီကာကို ပေါ်တူဂီဖလား၊ အက်သလက်တီကိုကို ယူရိုပါလိဂ်ဖလား၊ ဥရောပစူပါဖလားစတဲ့ ဆုဖလားတွေ ဆွတ်ခူးပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဖလောရက်စ်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲနဲ့ အစိမ်းသက်သက်ဖြစ်တည်နေတဲ့အပြင် ယခုနှစ်ရာသီမှသာ ဝက်ဖို့ဒ်ကို စတင်ကိုင်တွယ်ရမှာလည်းဖြစ်တဲ့အတွက် အသားမကျမှုတွေနဲ့ ကြုံတွေ့ရမယ့် အနေအထားမှာလည်း ရှိနေပါတယ်။

ဒါကြောင့် ဝက်ဖို့ဒ်ဟာ ပရီမီယာလိဂ်နဲ့ အစိမ်းသက်သက်အသင်းတစ်သင်းမဟုတ်ပေမယ့် လာမယ့် ရာသီသစ် ပရီမီယာလိဂ်မှာ




တန်းမဆင်းရဖို့ အဓိကထားရုန်းကန်ရမယ့် အသင်းတစ်သင်းအဖြစ် လက်ခံယုံကြည်ထားကြပါတယ်။

စာမျက်နှာ ၇ သို့